# ရွှေရည်စမ္ပလက်ဆောင်

၉၇၀၀

၂၉၄-၃၆၄

# ရွှေစည်ဓမ္မလက်ဆောင်

—

ရွှေစည်ဆရာတော် အရှင် ကုလိသ

အဖုံး ဒီဇိုင်း

**စိုးမိုး**

ပဌမအကြိမ် ရိုက်နှိပ်ခြင်း

**အုပ်ရေ (၁၅၀၀)**

မျက်နှာဖုံးရိုက်

**စာပေလောက**

စာအုပ်ချုပ်

**မိုးပြာ**

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၄၃၁၉)

၁၃၃၂-ခု၊ တန်ဆောင်မုန်းလပြည့်နေ့ ရိုက်နှိပ်ပြီးစီးသည်

မန္တလေးမြို့ နန်းတော်ရှေ့ ရွှေစည်သာသနာ့ရိပ်သာ **သက်ပန်းတိုက်နေ ရွှေစည်**ဆရာတော်အရှင်ကုလိသ၊ ကင်းလွတ်ခွင့်မှတ်ပုံတင် (၀၁၃၂၉) က ထုတ်ဝေ၍၊ ဒေါ်ခင်လှ မှတ်ပုံတင် (၀၁၅၇၈) စာပေလောက ပုံနှိပ်တိုက် ၁၇၃၊ ၃၃-လမ်း ရန်ကုန်မြို့က ရိုက်နှိပ်သည်။

# အခြေခံနိဒါန်း

မန္တလေးမြို့ နန်းတော်ရှေ့ စိန်တုံးတိုက် တိုက်အုပ်ဆရာတော်ဘုရားကြီးသည်၊ မိမိထိန်းသိမ်းစောင့်ရှောက်ထားသော သက်ပန်းကျောင်းတိုက်ဝတ္တက မြေကွက်ကို သာသနာပြုဆရာတော် လယ်တီဦးကုလိသအား ၁၃၂၉-ခု၊ နှစ်ဝါဆိုလဆုတ် ၁၁-ရက် နေ့တွင် ဆရာတော်များနှင့် ရပ်ကွက်လူကြီးများစုံညီ၏ မျက်မှောက်၌ ရက္ခိတဂေါပိတ အဖြစ်ဖြင့် စောင့်ရှောက်ရန် လွှဲအပ်လိုက်ပါသည်။

ထိုအချိန်မှစ၍ သာသနာပြုဆရာတော် လယ်တီဦးကုလိသသည်၊ ရွှေစည်သာသနာ့ရိပ်သာ ဟူသောအမည်ဖြင့် ရိပ်သာဖွင့်လှစ်၍ သတိပဋ္ဌာန်တရား ဟောကြားပြသလျက် သာသနာပြုနေပါသည်။

ယင်းသို့ သာသနာပြုနေသည်နှင့် တပြိုင်နက်ထည်းပင် ဝန်းခြံကာရံခြင်း၊ ရေမြောင်း ရေကန် တူးဖော်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ လမ်းခင်းခြင်းနှင့် အဆောက်အဦ ဆောက်ခြင်းအစရှိသော အခြေခံ သာသနာပြု လုပ်ငန်းများကိုပါ တဆက်ထည်း ဆောင်ရွက်လာခဲ့ရာ ယခုအခါတွင် စေတနာရှင် ဒကာ ဒကာမ များ အများအပြားပင် ပေါ်ပေါက်လျက်နေပါသည်။

စေတနာရှင်ဒကာ ဒကာမများအား သဒ္ဓါတရား ပွားသည်ထက်ပွား၊ များသည်ထက် များအောင် ဓမ္မလက်ဆောင် အဖြစ် စာအုပ်စာတမ်းကမ်းလှမ်းဖြန့်ဝေ၍ ဒေသနာပြန်လိုပါသောကြောင့် ဗုဒ္ဓ ဓမ္မလောက စာစောင်တွင် လယ်တီအရှင် ဦးကုလိသ ဘွဲ့တော်ဖြင့် ရေးသားထားသော တရားဆောင်းပါးများကို စုပေါင်း၍ စာအုပ်ပြုလုပ်

# အခြေခံနိဒါန်း

လိုပါကြောင်း။ ဆရာဇော်အား လျှောက်ထားတောင်းပန်ရာ ဆရာတော်ကလည်း သဘောတူ ခွင့်ပြုလိုက်သည့်အပြင် ပြင်ဆင်သင့်သည်များကို ပြင်ဆင်လျက် ဖြည့်စွက်သင့်သည်များကို ဖြည့်စွက်၍ နှုတ်ပယ်သင့်သည်များကို နှုတ်ပယ်ပြီး "ရွှေစည်ခမ္မလက်ဆောင်" ဟူသော စာအုပ်အမည်ကိုပါ ပေးလိုက်ပါသည်။

ယခု ယင်းအမည်ဖြင့်ပင် ဤစာအုပ်ကို ပုံနှိပ်ထုတ်ဝေ ဖြန့်ချိနိုင်ပြီ ဖြစ်သောကြောင့် သူတော်ကောင်းတို့ နှစ်ထောင်းအားရဝမ်းမြောက်ကြပါစေသတည်း။

ဦးစော (အကျိုးဆောင်)
ရွှေစည်သာသနာ့ရိပ်သာ
သက်ပန်းတိုက်
နန်းတော်ရှေ့၊ မန္တလေးမြို့။

၁၃၃၁-ခုနှစ်
ပြာသိုလဆန်း ၂-ရက်။

## မာတိကာ


(က) ရှေ့စည်ဓမ္မသဘင်

(ခ) ရှေ့စည်ဆုမြတ်မွန်

၁။ သူတို့ရဲ့အတိတ်အကြောင်း .... .... ၁

၂။ လူဖြစ်ကျိုးနပ်ပါစေ .... .... ၄

၃။ ဆုဆုဗုဒ္ဓ ဩဝါဒ .... .... ၇

၄။ မြဟ္မာ့စိုရ်တရား ပွားများကြပါ .... .... ၁၁

၅။ ဆုမြတ်မွန် .... .... ၁၈

၆။ မဟာပရိနိဗ္ဗာန်ပွဲတော် .... .... ၂၅

၇။ မျက်မှောက်ချမ်းသာဝမ်းမြောက်စရာ .... ၃၁

၈။ လှူပုံတန်းပုံအကျိုးရပုံ .... .... ၄၂

၉။ ချမ်းသာချင် မဂ္ဂင်ကျင့် .... .... ၆၀

၁၀။ နိဗ္ဗာန်နှင့်နိဗ္ဗာန်ရောက်ကြောင်းအကျင့် .... ၆၅

၁၁။ သစ်တုံးဥပမာ .... .... ၇၄

၁၂။ ကိုယ်နေလှတဲ့ဒေဝသူဇာ .... .... ၈၈

၁၃။ သံသရာတော်လှန်ရေး .... .... ၉၉

၁၄။ သတိပဋ္ဌာန်ကြွေးကြော်သံ .... .... ၁၁၅

၁၅။ ဒါနအကျိုး .... .... .... ၁၂၄

နိဂုံးချုပ်လက်ာ .... .... .... ၁၂၇

# ပြင်ဖတ်ရန်

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၄ | ၈ | ယဉး | ယဉ်း |
| ၆ | ၁၁ | ပဏ္ဍုတ် | ပဏ္ဍုက် |
| ၉ | ၂၀ | အညစ်ကြေး | စိတ်ညစ်ကြေး |
| ၁၄ | ၂၁ | ဆိုတာကတော့ | ဆိုလိုတာကတော့ |
| ၄၀ | ၁၃ | အသင်ဘယ်သို့ | အသင့်ဘယ်သို့ |
| ၄၃ | ၆ | ကျေးဇူးရှင် | ကျေးဇူးအရှင် |
| ၄၄ | ၈ | တည်ငြိမ်မွေ့လျော် အောင် | တည်ငြိမ် မွေ့အောင်း |
| ၄၅ | ၁၅ | ဝိဒုံကျ | ဝိဒျုံကျ |
| ၄၉ | ၃ | အဲဒီအခါက | အဲဒီ အလျှော့အထက |
| ၅၉ | ၁၆ | မိုက်မှောင်ပယ်ထွန်း | မိုက်မှောင်ပယ်တွန်း |
| ၆၁ | ၉ | ချမ်းသာတာက | ချမ်းသာက |
| ၆၇ | ၈ | ဝစီကံ | ဝစီကံ |
| ၆၉ | ၉ | ပရမ်ိဳ | ပရိမိုဇ် |
| ၇၇ | ၁၁ | သဒါ | သကဒါ |
| ၁၀၁ | ၁၁ | ဝိယံ | ဝိယံ |
| ၁၀၂ | ၅ | ဝိယံ | ဝီယံ |
| ၁၀၄ | ၁၃ | အမယာဝိ | အမယာဝိ |
| ၁၂၁ | ၇ | ငိုကြွေးလွှယ်ပြန် | ငိုကြွေးလွှတ်ပြန် |

## ရွှေစည် ဓမ္မသဘင်

၁။ ရွှေစည်အမည်ရ သာသနာ့ရိပ်သာ၊
တရားတော်များ ဟောကြားလျက်ပါ။
နာကြ ကြားကြ များလှ သူငါ၊
အပါယ်ဘေး လွတ်အေးကြဖို့ရာ။

၂။ သုဝဏ္ဏဘောရီ ရွှေစည်ဆရာတော်၊
တရားစည်ကြီး ရိုက်ဟီးကြွေးကြော်။
နာကြ ကြားကြ အားရပျော်ပျော်။
နိဗ္ဗာန်နန်း စံမြန်းရအောင်နော်။

( ခ )


## ရွှေစည် ဆုမြတ်မွန်

၁။ လိုအင်ဆန္ဒ ပြည့်ဝကြပါစေ။
ကြံစည်သမျှ ထမြောက်ကြပါစေ။
ကြက်သရေမျိုး ဝေဖြိုးကြပါစေ။
ဂုဏ်သတင်း ထုံသင်းကြိုင်ကြပါစေ။

၂။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
စိတ်နှလုံး ရွှင်ပြုံးကြည်ကြပါစေ။

၃။ သူတော်ကောင်းစိတ်ဓာတ် ကိန်းဝပ်နိုင်ကြပါစေ။
သူတော်ကောင်းတရား ကြိုးစားနိုင်ကြပါစေ။
သူတော်ကောင်းစကား ပြောကြားနိုင်ကြပါစေ။
သူတော်ကောင်းလမ်း ဖြောင့်တန်းလိုက်နိုင်ကြပါစေ။

——o——



ရွှေစည်ဆရာတော်အရှင်ကုလိသ

# ( ၁ )

# သူတို့ရဲ့အတိတ်ကြောင်း

## တရားနာ ပုဂ္ဂိုလ်ငါးဦး

မြတ်စွာဘုရားရဲ့ လက်ထက်တော်က မြတ်စွာဘုရားရဲ့ ရှေ့တော်မှောက်မှာ ပုဂ္ဂိုလ်ငါးဦး တရားနာနေကြတယ်တဲ့။

ပထမ ပုဂ္ဂိုလ်ကတော့ ထိုင်ရက်ကြီး ငိုက်ပြီး နာနေသတဲ့၊ ဒုတိယ ပုဂ္ဂိုလ်ကတော့ မြေကြီးကို လက်ကလေးနဲ့ ဖြစ်ဖြစ်တုတ်ကလေးနဲ့ဖြစ်ဖြစ်ရေးခြစ်ပြီး နာနေသတဲ့၊ တတိယ ပုဂ္ဂိုလ်ကတော့ သစ်ပင် သစ်ကိုင်းကို လက်နဲ့ကိုင်ကာ လှုပ်လှုပ်ပြီး နာနေသတဲ့၊ စတုတ္ထပုဂ္ဂိုလ်ကတော့ ကောင်းကင်ကို မော့မော့ကြည့်ကြည့်ပြီး နာနေသတဲ့၊ပဥ္စမ ပုဂ္ဂိုလ်ကတော့ ရိုရိုသေသေလေးလေးစားစားနဲ့ နာနေသတဲ့။

မြတ်စွာဘုရားက တရား နာနေကြတဲ့ ပုဂ္ဂိုလ် ငါးဦးကို ကြည့်ပြီး သူတို့ရဲ့အတိတ်က ဖြစ်ရပ်အတ္ထုပ္ပတ္တိကို ဟောပြတော်မူပါတယ်။

## နဂါး

ပထမထိုင်ရက်ကြီး ငိုက်ပြီး တရားနာနေတဲ့ ပုဂ္ဂိုလ်ကတော့၊ ဟိုလွန်ခဲ့တဲ့ ဘဝပေါင်း ငါးရာက ငါးရာစလုံး နဂါးဖြစ်ခဲ့ဘူးတယ်-တဲ့၊ ဒါကြောင့်သူက နဂါးရဲ့ အထုံဝါသနာ အလေ့

အထ အတိုင်း လူဖြစ်ပြီး ငါဘုရားရဲ့ ရှေ့တော်မှောက်မှာ တရားနာနေတာတောင်မှ ထိုင်ရက်ကြီး ငိုက်ပြီး နာနေတယ်လို့ ဟောတော်မူပါတယ်။

## တီ

ဒုတိယ မြေကြီးကို လက်ကလေးနဲ့ဖြစ်ဖြစ်၊ ဒုတ်ကလေးနဲ့ ဖြစ်ဖြစ် ရေးခြစ်ပြီးတရားနာနေတဲ့ပုဂ္ဂိုလ်ကတော့ဟိုလွန်ခဲ့တဲ့ဘဝ ပေါင်းငါးရာက ငါးရာစလုံး တီဖြစ်ခဲ့ဘူးတယ်-တဲ့၊ဒါ့ကြောင့် သူကတီရဲ့ အထုံဝါသနာ အလေ့အထအတိုင်း လူဖြစ်ပြီး ငါ ဘုရားရဲ့ ရှေ့တော်မှောက်မှာ တရားနာနေတာတောင်မှ မြေ ကြီးကို လက်ကလေးနဲ့ဖြစ်ဖြစ်၊ တုတ်ကလေးနဲ့ဖြစ်ဖြစ် ရေး ခြစ်ပြီး နာနေတယ်-လို့ ဟောတော်မူပါတယ်။

## မျောက်

တတိယ သစ်ပင်သစ်ကိုင်းကို လက်နဲ့ကိုင်ကာ လှုပ်လှုပ်ပြီး တရားနာနေတဲ့ ပုဂ္ဂိုလ်ကတော့ဟိုလွန်ခဲ့တဲ့ဘဝပေါင်း ငါးရာက ငါးရာစလုံး မျောက် ဖြစ်ခဲ့ဘူးတယ်-တဲ့၊ ဒါ့ကြောင့် သူက မျောက်ရဲ့ အထုံဝါသနာ အလေ့အထအတိုင်း လူဖြစ်ပြီး ငါ ဘုရားရဲ့ ရှေ့တော်မှောက်မှာ တရားနာနေတာတောင်မှ သစ် ပင် သစ်ကိုင်းကို လက်နဲ့ ကိုင်ကာ လှုပ်လှုပ်ပြီး နာနေတယ် လို့ ဟောတော်မူပါတယ်။

## နက္ခတ်ကြည့်တဲ့ပုဏ္ဏား

စတုတ္ထ ကောင်းကင်ကို မော့မော့ ကြည့်ကြည့်ပြီး တရား နာနေတဲ့ ပုဂ္ဂိုလ်ကတော့ ဟိုလွန်ခဲ့တဲ့ ဘဝပေါင်း ငါးရာက

ငါးရာစလုံး နက္ခတ်ကြည့်တဲ့ပုဏ္ဏား ဖြစ်ခဲ့ဘူးတယ်-တဲ့၊ ဒါ့ကြောင့် သူကနက္ခတ်ကြည့်တဲ့ပုဏ္ဏားရဲ့ အထုံဝါသနာ အလေ့အထအတိုင်း ငါဘုရားရဲ့ ရှေ့တော် မျောက်မှာ တရားနာနေတာတောင်မှ ကောင်းကင်ကို မော့မော့ ကြည့်ကြည့်ပြီး နာနေတယ်လို့ ဟောတော်မူပါတယ်။

## ဗေဒင်သင်တဲ့ပုဏ္ဏား

ပဉ္စမ ရိုရိုသေသေ လေးလေး စားစားနဲ့ တရားနာနေတဲ့ ပုဂ္ဂိုလ်ကတော့ ဟိုလွန်ခဲ့တဲ့ ဘဝပေါင်း ငါးရာက ငါးရာစလုံး ဆရာသမားထံမှာ ရိုရိုသေသေ လေးလေးစားစားနဲ့ ဗေဒင်ပညာများကို သင်ကြားတဲ့ ပုဏ္ဏား ဖြစ်ခဲ့ဘူးတယ်တဲ့၊ ဒါ့ကြောင့် သူက ဆရာသမားထံမှာ ရိုရိုသေသေ လေးလေးစားစားနဲ့ ဗေဒင် ပညာများကို သင်ကြားတဲ့ ပုဏ္ဏားရဲ့ အထုံဝါသနာ အလေ့အထအတိုင်း ငါဘုရားရဲ့ ရှေ့တော်မျောက်မှာ တရားနာနေတဲ့ အခါမှာလဲ ရိုရိုသေသေ လေးလေးစားစားနဲ့ နာနေတယ်-လို့ ဟောတော်မူပါတယ်။

## လင်္ကာဆောင်ပုဒ်

အခု ပြောခဲ့တဲ့ တရားနာ ပုဂ္ဂိုလ် ငါးဦးရဲ့ အကြောင်း အတ္ထုပ္ပတ်ကို လွယ်လွယ်ကူကူနဲ့ မှတ်မိအောင် ဘုန်းကြီးက ဆောင်ပုဒ်လင်္ကာ တခု စီစဉ်ထားပါတယ်၊ အဲဒီ ဆောင်ပုဒ် လင်္ကာကို ချပေးမယ်၊ ကဲ-လိုက်ဆိုကြ။

ထိုင်လျက် ငိုက်မြီး၊ မြေကြီး ရေးခြစ်၊ လှုပ်လစ် သစ်ပင်၊ ကောင်းကင်ကိုကြည့်၊ ရိုသေဘိစွာ၊ တရားနာသူ၊ ငါးဦးလူကား၊

ရှေးမူကာလ၊ ဘဝငါးရာ၊ များစွာအသီးသီး၊ နဂါးကြီးနှင့်၊ တီလည်းတထောက်၊ မျောက်လည်းတရပ်၊ နက္ခတ်ကြည့်ပုဏ္ဏား၊ နောက်ဖျားသူမှာ၊ ဆရာမြတ်ထံ၊ နည်းခံမှတ်သား၊ ဗေဒင်များကို၊ သင်ကြားခဲ့လစ်၊ ပုဏ္ဏားဖြစ်ဟု၊ ရှင်ချစ်မြတ်ဖျား၊ ဟောမြွက်ကြားသည်၊ အများလူတို့ မှတ်စေသောဝ်....

---

# (၂)

# လူဖြစ်ကျိုး နပ်ပါစေ

## အားတက်စရာ

အိုး-လူသား သင်သည် ရဖို့ရာ အလွန်ခဲယဉ်းသောလူ့ဘဝကို ကံကောင်းထောက်မ၍ ရခဲ့၏။ သို့ရာတွင် တရားထူးကိုရအောင် အားမထုတ်သေးက သင်၏ လူ့ဘဝ ရခြင်းသည် အကျိုးမဲ့သော ရခြင်းသာ ဖြစ်သည်။

အိုး-လူသား သင်သည် လူ့ဘဝကို ရနေသောအခါ၌ လူဖြစ်ကျိုးနပ်အောင် တရားကို ကြိုးစား အားထုတ် ပါလော့။ တရား မရထိုက်သူများထည်းတွင် သင်မပါဝင်ငြားအံ့။ သင့်အတွက် အားတက်စရာပင်ဖြစ်၏။

တရား မရထိုက်သူများကား အဘယ်မျှ ရှိသနည်း။ ဤအမေး၏ အဖြေကို မိလိန္ဒ မင်းကြီးနှင့် ရှင်နာဂသေန မထေရ်မြတ်တို့၏ မေးပုံ ဖြေပုံကိုကြည့်၍ သိနိုင်ရာ၏။

## အမေးအဖြေ

မိလိန္ဒ။ ။အရှင်ဘုရား နာဂသေန- တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်သော အလုံးစုံသော သူတို့သည် မဂ်ဖိုလ်တရားထူးကို ရကြကုန်သလော။ သို့မဟုတ်တစုံတယောက်သော သူအား မရနိုင်ပဲ ရှိသေးသလော။

နာဂသေန။ ။မင်းကြီး—အချို့သောသူအား ရနိုင်ပေ၏။ အချို့သောသူအား မရနိုင်ပေ။

မိလိန္ဒ။ ။အဘယ်သူအား ရနိုင်၍ အဘယ်သူအား မရနိုင်ပါသနည်း။

နာဂသေန။ ။တိရစ္ဆာန် အစရှိသော တဆယ့်ခြောက်ဦးသော ပုဂ္ဂိုလ်တို့သည် တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်ပါသော်လည်း သစ္စာလေးပါး တရားထူးတို့ကို ထိုးထွင်း၍ မသိနိုင်ပေ။

## တရားမရထိုက်သူ တဆယ့်ခြောက်ဦး

၁။ တိရစ္ဆာန်၊
၂။ မြိစ္ဆာ၊
၃။ မိစ္ဆာဒိဋ္ဌိ၊
၄။ ကုဟက ပုဂ္ဂိုလ်၊
၅။ အမိကိုသတ်သူ၊

၆။ အဖကိုသတ်သူ၊
၇။ ရဟန္တာကို သတ်သူ၊
၈။ သံဃာကို ဂိုဏ်းခွဲသူ၊
၉။ ဘုရားကို သွေးစိမ်းတည်အောင်ပြုသူ၊
၁၀။ ထေယျသံဝါသက ပုဂ္ဂိုလ်၊
၁၁။ တိတ္ထိယပက္ကန္တ ပုဂ္ဂိုလ်၊
၁၂။ ဘိက္ခုနီမကို ဖျက်ဆီးသော ပုဂ္ဂိုလ်၊
၁၃။ တဆယ့်သုံးပါးသော သံဃာဒိသေသ် အာပတ်တို့တွင် တပါးပါးကိုကျူးလွန်၍ ယင်း အာပတ်ကို မကုစား သေးပဲနေသောရဟန်း၊
၁၄။ ပဏ္ဍုတ်၊
၁၅။ ဥဘတောဗျည်း၊
၁၆။ ခုနစ်နှစ်အောက် ငယ်ရွယ်သူ၊

တိရစ္ဆာန်ပြိတ္တာ မိစ္ဆာဒိဋ္ဌိ ကုဟာကသိလော†။ အမိ အဖ ရဟန္တာ သတ်သူမှာနှင့် သံဃာဂိုဏ်းခွဲ သွေးစိမ်းလဲတည်စေ ထေယျသံဝါသက တိတ္ထိယပက္ကန္တ ဘိက္ခုနီမကိုဖျက် ဆယ့်

---

† ကုဟာက—ဟန်ဆောင်သူ (ဝါ) မိမိ၌မရှိသေးသော ဂုဏ်ပုဒ်ကို ဖော်ထုတ်၍ မိမိ၌ရှိပြီးသော အပြစ်ကို ဖုံးအုပ်ထားသူ။

သုံးချက်တွင် အမှတ်မထင်ငြားအာပတ်များကို ကုစားမပြုလုပ် ပဏ္ဏတ်ဥဘတောဗျည်း ရှယ်လည်း ပိုင်းခြား ခုနစ်နှစ်သား အောက်‡ မင်္ဂရောက်ဖိုလ်ဝင် ကျင့်ပါလျှင်လည်း ဘယ်တွင်ရမည် မဟုတ်ပေ။

---

# (၃)

# ဆုဆုဗုဒ္ဓဩဝါဒ

## စိတ်ကူးပေါက်၍မေးလျှောက်ခြင်း

အရှင်အာနန္ဒာမထေရ် မြတ်သည် နေ့သန့်စင်ရာ နေရာ၌ နေတော်မူပြီးလျှင် မြတ်စွာဘုရားသည် ခုနစ်ဆူသော ဘုရားရှင်တို့၏ မယ်တော်ခမည်းတော်တို့လည်းကောင်း၊ အသက်တော် အပိုင်းအခြားကိုလည်းကောင်း၊ ပွင့်တော်မူရာ ဗောဓိကိုလည်း ကောင်း၊သာဝကအစည်းအဝေးကိုလည်းကောင်း၊သဂ္ဂသာဝက

---

‡ ငါးနှစ်သား ရဟန္တာ ဖြစ်သူများလည်း ရှိသေးသည်။

(က) ပဉ္စသီလသမာဒါနိယတ္ထေရ၊
(ခ) ပဒုမတ္ထေရ၊
(ဂ) ဝလ္လိယတ္ထေရ၊
(ဃ) စန္ဒနမာလိယတ္ထေရ၊

အစည်းအဝေးကိုလည်းကောင်း၊ အဂ္ဂသာဝက အလုပ်အကျွေးကိုလည်းကောင်း၊ ဤအလုံးစုံကိုကား ဟောကြားတော်မူ၏။ ဥပုသ်ကိုကား မဟောကြားပေ။ အသို့နည်း။ အလုံးစုံသောဘုရားရှင် တို့အားလည်း ဤဥပုသ်ပင်လော။ သို့မဟုတ် တပါးတခြားပင်လော။ ဤသို့ကြံစည်၍ မြတ်စွာဘုရား၏ အထံတော်သို့ ချဉ်းကပ်ပြီးလျှင် ထိုအကြောင်းကို မေးလျှောက်၏။

## မြတ်စွာဘုရား မိန့်စကား

ထိုအလုံးစုံသော ဘုရားရှင်တို့အား ကာလသာလျှင်ပြား၍ ကထာသည်ကား မပြား။ မှန်၏၊ ဝိပဿီ မြတ်စွာဘုရားသည် ခုနစ်နှစ်ကြာမှ တကြိမ်သာလျှင် ဥပုသ်ပြုတော်မူ၏။ အကြောင်းမူကား—ထိုမြတ်စွာဘုရား၏ တနေ့ ပေးထားသော အဆုံးအမ ဩဝါဒတော်သည် ခုနစ်နှစ် တိုင်တိုင် တည်နိုင် သောကြောင့် တည်း။ သိခီမြတ်စွာဘုရားနှင့် ဝေဿဘူ မြတ်စွာဘုရားတို့သည် ခြောက်နှစ်ကြာမှ တကြိမ်သာလျှင် ဥပုသ်ပြုတော်မူကြကုန်၏။ ကကုသန္ဓ မြတ်စွာဘုရားနှင့် ကောဏာဂမန၊ မြတ်စွာဘုရားတို့သည် တနှစ်ကြာမှ တကြိမ်သာလျှင် ဥပုသ်ပြုတော်မူကြကုန်၏။ ကဿပ မြတ်စွာဘုရားသည် ခြောက်လကြာမှ တကြိမ်သာလျှင် ဥပုသ်ပြုတော်မူ၏။ အကြောင်း မူကား— ထိုမြတ်စွာဘုရား၏ တနေ့ပေးထားသော အဆုံးအမ ဩဝါဒတော်သည် ခြောက်လ တိုင်တိုင်တည်နိုင်သောကြောင့်တည်း။

ထို့ကြောင့် မြတ်စွာဘုရားသည် ထိုဘုရားရှင်တို့၏ ကာလ အပိုင်းအခြားကို ဟောကြားတော်မူပြီး၍ အဆုံးအမ ဩဝါဒ

တော်သည်ကား။ ဤသည်ပင်တည်း ဟူ၍ မိန့်တော်မူပြီးလျှင် ဘုရားရှင် ခုနစ်ဆူတို့၏ တခုတည်းသာဖြစ်သော သြဝါဒ ပါတိမောက် ဥပုသ်ကိုထင်ရှား ပြတော်မူလိုသည်ဖြစ်၍ သုံးဂါထာခွဲရှိသော ဂါထာတော်များကိုဟောကြားတော်မူလေသတည်း။

## သြဝါဒ ဂါထာကဗျာ ဘာသာပြန်

ဗုဒ္ဓမြတ်စွာ စိန္တေယျာတို့ မိန့်မှာစကား တဆင့်ကြားအံ့။ ဆယ်ပါးအကုသိုလ် မပြုလိုနှင့်၊ ကုသိုလ်ကောင်းမှု ရအောင်ပြုလော့။တခုစိတ်မှာ စင်ကြယ်ရာ၏။ တဖြာသည်းခံ မြတ်ဆုံးမှန်လျက် နိဗ္ဗာန်သည်သာ မြတ်လှစွာဟု ဘဂဝါပရမေ မိန့်ခွန်းချွေခဲ့။တထွေမှတ်ရန် ရဟန်းမှန်က မျက်မာန်မရှ နှိပ်စက်ကလျှင် သမဏမမည်၊တလီပြစ်ဖွဲ့ မကဲ့ရဲ့ရာ လွန်စွာကြမ်းတမ်း မညင်းပန်းနှင့် ရဟန်းသီလ စောင့်ရှောက်ကြလော့။ ဘောဇနမတ္တဉ္ဉာဏ်နှင့်ယှဉ်၍ အစဉ်နိုင်းချိန် ဆိတ်ငြိမ်ရာကျောင်း တကိုယ်ကောင်းလျှင် ကိန်းအောင်းမွေ့ကာ နေထိုင်ရာ၏။သမာဓိတရား လွန်တိုးပွါးအောင်ကြိုးစား၍သာ ကျင့်ကြရာဟု မြတ်စွာဆူဆူ ဟောတော်မူသည် မှတ်ယူကျင့်သုံးကြကုန်လော။

## တနည်း သြဝါဒဂါထာကဗျာဘာသာပြန်

၁။ အကုသိုလ်စု မကောင်းမှု မပြုမကျင့်ရာ။
၂။ ကုသိုလ်အစု မြတ်ကောင်းမှု ပြုကြကျင့်ကြပါ။
၃။ ကိလေမှုံမှေးအညစ်ကြေး ဆေးကြကြောကြပါ။
၄။ သည်းခံကျင့်သုံး အမြတ်ဆုံး မှတ်အုံးသေအချာ။
၅။ နိဗ္ဗာန်တရား အမြတ်ထားဘုရားဟောခဲ့တာ။

၆။ ရဟန်းမှန်လျှင်း မျက်မာန်တင်း မညှင်းမဆဲရာ။
၇။ နှိပ်စက်ညှင်းပန်း မျက်မာန်လွှမ်း ရဟန်းမဟုတ်ပါ။
၈။ မဟုတ်မတော့ အပြစ်ဖွဲ့ ကဲ့ရဲ့မစွပ်စွဲရာ။
၉။ အမျက်မာန်လွှမ်း ခက်ထန်ကြမ်း ညှင်းပန်းမပြုရာ။
၁၀။ ပါတိမောက်ခေါ် သီလတော် ပျော်ပျော်ကျင့်သုံးပါ။
၁၁။ ဆွမ်းဘောဇဉ်ဟင်း တွေ့ကြုံလျှင်း ချိုသွင်းနှိုင်းချိန်ပါ။
၁၂။ ဆိတ်ငြိမ်ရာကျောင်း တကိုယ်ကောင်း ကိန်းအောင်းမွေ့လျော်ပါ။
၁၃။ စိတ်တည်ကြည်ဘိ သမာဓိ ရှိအောင် မွေ့မြူပါ။
၁၂။ ဆူဆူဗုဒ္ဓ ဩဝါဒ ဟောပြဉ်ဟိုင်းသာ။

## ရှောင်သုံးလုံး

ကိုယ်နှင့်ပြုမှု အကုသိုလ်ရှောင်။
နှုတ်နှင့်ပြောမှု အကုသိုလ်ရှောင်။
စိတ်နှင့်ကြံမှု အကုသိုလ်ရှောင်။
ဤသုံးခု တခုမကျန်ရှောင်။

## ဆောင်သုံးလုံး

ကိုယ်နှင့်ပြုမှု ကုသိုလ်ဆောင်။
နှုတ်နှင့်ပြောမှု ကုသိုလ်ဆောင်။
စိတ်နှင့်ကြံမှု ကုသိုလ်ဆောင်။
ဤသုံးခု တခုမကျန်ဆောင်။

ပြီးပြီ။

# ( ၄ )

# ဗြဟ္မစိုရ်တရား ပွါးများကြပါ

## ဂါထာဘာသာပြန်

အို လူအပေါင်း သူတော်ကောင်းတို့–သင်တို့သည် ဖလ်ဂါ ခနမင်း ထွန်းထိန်လင်းသည့် နေ့ခင်း နေ့အခါ၌လည်းကောင်း၊ စန္ဒာလမင်း ထွန်းထိန်လင်းသည့် ညခင်းညအခါ၌လည်းကောင်း၊ အတိုင်းအရှည်မရှိသော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟုဆိုအပ်သော ဗြဟ္မစိုရ်လေးပါးတရားတို့ကို ကြိုးကြိုးစားစား ပွါးများအားထုတ်ကြကုန်လော့။ ထိုသို့ ကြိုးကြိုးစားစား ပွါးများအားထုတ်ကြကုန်သည်ရှိသော် ကုသိုလ်ကောင်းမှု ပြုကြသည့်သူ လူလူရှင်ရှင်တို့၏ ကောင်းမွန်လှစွာ နေရာဖြစ်သော နတ်ရွာ နတ်ပြည် ဗြဟ္မာ့ပြည်သို့ မုချမသွေ ရောက်ကြရပေကုန်လိမ့်အံ့သတည်း။

စတ္တာလီသနိပါတ် ငါးခုမြောက်ဖြစ်တဲ့စူဠသုတသောမဇာတ်တော်မှာ ဘုရားအလောင်းတော် စူဠသုတသောမ မင်းကြီးက နောက်တော်က လိုက်ပါလာကြတဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့ကို ကောင်းကင်ကနေပြီး ဗြဟ္မစိုရ်တရား ပွါးများကြိုးကုတ် အားထုတ်ဖို့ရာ တိုက်တွန်းဟောကြားတဲ့ တရားဂါထာဒေသနာတော်ရဲ့ အကျဉ်းချုပ်အဓိပ္ပါယ်ပါပဲ။

## မေတ္တာပြဟ္မစိုရ်

"ပြဟ္မစိုရ်လေးဆူ တရားဟူသည် နတ်လူချစ်ဆေး ရှုတိုင်းမွေး"လို့ မန်လည်ဆရာတော်ဘုရားကြီးက ရေးသားစပ်ဆိုတော်မူခဲ့ပါတယ်။အဲဒီလိုရေးသားစပ်ဆိုတော်မူခဲ့တဲ့အတိုင်း ဒီပြဟ္မစိုရ်လေးပါးတရားတော်ဟာ လူချစ်နတ်ချစ် ဆေးတော်ကြီးတလက်လို့ ဆိုနိုင်ပါတယ်။

ဒီ ပြဟ္မစိုရ်လေးပါး တရားတော်ထဲမှာပါတဲ့ မေတ္တာဆိုတဲ့ ပြဟ္မစိုရ်တရားကို (များများမဟုတ်ပါဘူး) နွားသာတရှူ့အချိန်ကလေးလောက် (ကျောက်ပြင်ပေါ်က နွားသာကို လက်ညှိုးကလေးနဲ့တို့တဲ့ပြီး ရှူလိုက်တဲ့အချိန်ကလေးလောက်) ပွါးများလိုက်တာနဲ့ ပြဟ္မာ့ပြည်ကို ရောက်နိုင်တယ်လို့ စာပေများမှာအဆိုရှိပါတယ်။

## အရကရသေ့

အရကဆိုတဲ့ ရှင်ရသေ့ဟာ မေတ္တာဘာဝနာတရားကို ခုနစ်နှစ်ကြာအောင် ပွါးများကြိုးကုတ် အားထုတ်ခဲ့လို့ ပြဟ္မာ့ပြည်မှာ ခုနစ်ကမ္ဘာတိုင်တိုင် နေရပါတယ်။ အဲဒါကို အတိုချုံးပြီး ဆယ့်ငါးလုံးဖွဲ့ကဗျာကလေးနဲ့ မှတ်ထားလိုက်ကြပါ။

အရကခေါ်၊ ရှင်ရသေ့ဟု
တွင်လေ့မည်ရ၊ ထိုအခါ၊
ခုနစ်နှစ်ကြာ၊ မေတ္တာတရားကို
ပွါးများလို့သာ၊ အားထုတ်ရာ။

ထိုဘာဝနာ အကျိုးဆက်ကြောင့်
အသက်ခုနစ်ကမ္ဘာ တိုင်အောင်သာ။
ချမ်းသာသုခ ခြေတကျ နေရဖြုဟ္မာ့ရွာ။

အဲဒါကြောင့်—အမျက်ထွက်ခြင်း ရှောင်ကွင်းခဲ့တော့တာ။

## မေတ္တာအကျိုး ဆယ့်တမျိုး

မေတ္တာတရား ပွားများကြိုးကုတ် အားထုတ် နေရတာဟာ အတော့် ကိုအားရစရာ ကောင်းပါတယ်။ သုံးဆယ့်တဘုံအလုံးစုံ သတ္တဝါတွေကို မေတ္တာတရားထားလို့ ပွားများလိုက်ပီ ဆိုယင် ပွားများတဲ့သူမှာ အကျိုးတရား ဆယ့်တပါးကိုလဲ ရနိုင်တယ် ဆိုတာ လူတိုင်းလူတိုင်း ကြားဘူးပြီးသား ဖြစ်ကြ ပါတယ်။ ဒါပေမယ့် နာဘူးထပ်မံ ဆိုတဲ့ အတိုင်း ပြောပြလိုက်ပါအုံးမယ်။

၁။ ချမ်းသာစွာ အိပ်ရတယ်။

၂။ ချမ်းသာစွာ နိုးရတယ်။

၃။ အိပ်မက်ဆိုးတွေ မမြင်မက်ဖူး။

၄။ လူတွေကလဲ ချစ်ခင်ကြတယ်။

၅။ နတ်တွေကလဲ ချစ်ခင်ကြတယ်။

၆။ နတ်တွေကဆိုယင် အစဉ်စောင့်ရှောက်ကြတယ်။

၇။ လက်နက်အဆိပ်ဘေး ကင်းဝေးနိုင်တယ်။

၈။ စိတ်တည်ကြည်တယ်။

၉။ မျက်နှာ ရွှင်လန်းတယ်။

၁၀။ မတွေ့မဝေသေရတယ်။
၁၁။ သေတဲ့အခါ ပြိတ္တာ့ပြည်ကို ရောက်ရတယ်။
ဒီအကျိုးတရားတွေပါပဲ။

## မေတ္တာအကျိုးဆယ့်တမျိုးဆယ့်ငါးလုံးဖွဲ့

ဒီအကျိုးတရား ဆယ့်တပါးကို လွယ်လွယ်ကလေးနဲ့ သိရအောင် ဆယ့်ငါးလုံးဖွဲ့ ကဗျာကလေးနဲ့ မှတ်ထားလိုက်ကြပါ။ ဒီကဗျာကလေးကို အာဂုံနှုတ်တိုက် အရကျက်ထားမယ်ဆိုယင် သာပြီးတော့ကောင်းတာပေါ့။

ချမ်းသာစွာလျှင် အိပ်ရခြင်းနှင့်
နိုးရခြင်းလဲ ချမ်းသာစွာ။
အိမ်မက်ဆိုးတွေမမြင်မက်ပဲ
လူလဲနတ်လဲ ချစ်ခင်ပါ။
နတ်တွေဆိုတာ အစဉ်စောင့်လျက်
လက်နက်အဆိပ် ကင်းဝေးကွာ။
စိတ်တည်ကြည်ကာ မျက်နှာလှ၍
မတွေ့ဝေရ သေကပြိတ္တာ့ရွာ။

မေတ္တာအရင်း ချစ်မကင်းပဲ ချစ်ချင်းဟူသည် ရွှေမဥ္ဇူနံ့ ထုံပျံ့မခန်း ချစ်ကြည်လန်း၍ ချစ်ပန်းလှိုင်ကြ စေကုန်လော။ ဆိုတဲ့ မန်လည်ဆရာတော်ဘုရားကြီးရဲ့ စာသွားအတိုင်း မေတ္တာပန်းရနံ့ သုံပျံ့သင်းလှိုင် မွှေးကြိုင်ပါစေ—လို့ တိုက်တွန်းလိုက်ရပါတယ်ဆိုတာကတော့ မေတ္တာတည်းဟူသော ပြိတ္တာစိုက်ရတရားကို ပွားများကြိုးကုတ်အားထုတ်ကြပါ—လို့ ဆိုလိုပါတယ်။

## အရပ်ဆယ်မျက်နှာ မေတ္တာပို့

မေတ္တာ တည်းဟူသော ပြဟ္မစိုရ်တရား ပွားများ ကြိုးကုတ်အားထုတ်ပုံကို ဒီနေရာမှာ အရပ်ဆယ်မျက်နှာ မေတ္တာပို့နည်းကို ချပေးမယ်။ကဲ–လိုက်ဆိုကြ။

၁။ အရှေ့လောကဓာတ် အရပ်မျက်နှာ၌ နေထိုင်ကြကုန်သော အနန္တသတ္တဝါတို့သည်–

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
စိတ်နှလုံး ရွှင်ပြုံးကြည်ကြပါစေ။

၂။ တောင်လောကဓာတ် အရပ် မျက်နှာ၌ နေထိုင်ကြကုန်သော အနန္တသတ္တဝါတို့သည်–

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
စိတ်နှလုံး ရွှင်ပြုံးကြည်ကြပါစေ။

၃။ အနောက် လောကဓာတ် အရပ်မျက်နှာ၌ နေထိုင်ကြကုန်သော အနန္တသတ္တဝါတို့သည်–

ဘေးရန်ခပ်သိမ် ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
စိတ်နှလုံး ရွှင်ပြုံးကြည်ကြပါစေ။

၄။ မြောက်လောကဓာတ် အရပ်မျက်နှာ၌ နေထိုင်ကြကုန်သော အနန္တသတ္တဝါတို့သည်—

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
စိတ်နှလုံး ရွှင်ပြုံးကြည်ကြပါစေ။

၅။ အထက်နှင့်အောက် အထောင့်လေးမျက်နှာ အရပ်၌နေထိုင်ကြကုန်သော အနန္တသတ္တဝါတို့သည်—

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
စိတ်နှလုံး ရွှင်ပြုံးကြည်ကြပါစေ။

## ဗြဟ္မစိုရ်လေးပါးဆောင်ပုဒ်များ

ကရုဏာတရား၊မုဒိတာတရား၊ ဥပေက္ခာတရားတို့ကိုလဲ သက်ဆိုင်ရာမှာ သက်ဆိုင်သလို ပွားများကြိုးကုတ် အားထုတ်သွားကြပါက ဗြဟ္မစိုရ်လေးပါး တရားအကျိုးဂုဏ်တန်ခိုးတို့ကို ပြေ့ဖြိုးစွာ ရရှိကြပါလိမ့်မယ်။မေတ္တာရော၊ ကရုဏာရော၊ မုဒိတာရော၊ ဥပေက္ခာရော၊ အဲဒီဗြဟ္မစိုရ်လေးပါး တရားအားလုံးကို အတိုချုံးပြီး ဆယ့်ငါးလုံးဖွဲ့ ကဗျာကလေးတွေနဲ့ မှတ်ထားလိုက်ကြပါအုံး။

၁။ မေတ္တာဆိုတာ၊ ကြိုင်ကြိုင်မွှေးတဲ့၊
အခိုင်ကလေးနဲ့ ပန်းတွေလို။
လေအောက်လေညာ၊ ဘယ်မရွေးဘူး၊
တကယ်မွှေးတဲ့ပြဟ္မစိုရ်။
သူသူငါငါ၊ မှန်သမျှတို့၊
ပန်ကြဆင်ကြ နေ့တိုင်းကို။
မေတ္တာအကျိုးဂုဏ်တန်ခိုး ပြည့်ဖြိုးရစေလို။
အဲဒါကြောင့် ဘေးကင်းရန်ကင်း ဆောင်ချဉ်းမေတ္တာကို။
၂။ ကရုဏာဆိုတာ၊ ကြိုင်ကြိုင်မွှေးတဲ့၊
အခိုင်ကလေးနဲ့ ပန်းတွေလို။
လေအောက်လေညာ၊ ဘယ်မရွေးဘူး၊
တကယ်မွှေးတဲ့ပြဟ္မစိုရ်။
သူသူငါငါ မှန်သမျှတို့၊
ပန်ကြဆင်ကြ နေ့တိုင်းကို။
ကရုဏာအကျိုး ဂုဏ်တန်ခိုး ပြည့်ဖြိုးရစေလို။
အဲဒါကြောင့်—ဘေးကင်းရန်ကင်း ဆောင်ချဉ်း ကရုဏာကို။
၃။ မုဒိတာဆိုတာ၊ ကြိုင်ကြိုင်မွှေးတဲ့၊
အခိုင်ကလေးနဲ့ ပန်းတွေလို။
လေအောက်လေညာ၊ ဘယ်မရွေးဘူး၊
တကယ်မွှေးတဲ့ ပြဟ္မစိုရ်။
သူသူငါငါ၊ မှန်သမျှတို့၊
ပန်ကြဆင်ကြ နေ့တိုင်းကို။
မုဒိတာအကျိုး ဂုဏ်တန်ခိုး ပြည့်ဖြိုးရစေလို။
အဲဒါကြောင့်—ဘေးကင်းရန်ကင်း ဆောင်ချဉ်းမုဒိတာကို။

၄။ ဥပေက္ခာဆိုတာ၊ ကြိုင်ကြိုင်မွှေးတဲ့၊
အခိုင်ကလေးနဲ့ ပန်းတွေလို။
လေအောက်လေညာ၊ ဘယ်မရွေးဘူး၊
တကယ်မွှေးတဲ့ ဗြဟ္မစိုရ်။
သူသူငါငါ၊ မှန်သမျှတို့၊
ပန်ကြဆင်ကြ နေ့တိုင်းကို။
ဥပေက္ခာအကျိုးဂုဏ်တန်ခိုး ပြည့်ဖြိုးရစေလို။
အဲဒါကြောင့်—ဘေးကင်းရန်ကင်း ဆောင်ချဉ်း ဥပေက္ခာကို။

ကိုင်း—ရွှေစည်မေ့သဘင်ကနေပီး ဗြဟ္မစိုရ်တရား ပွားများကြပါဆိုတဲ့တရားကို ဟောကြားလိုက်ပါတယ်။ မေ့လက်ဆောင်အနေနဲ့ ဝေငှလိုက်ခြင်းပါပဲ။ ဒီဗြဟ္မစိုရ်တရားကို လူတိုင်းပွားများနိုင်ကြပြီး လောကသံသရာ နှစ်ဖြာသုခ ငြိမ်းချမ်းရေးရကြစေလို့ ဆုတောင်းယင်း နိဂုံးချုပ်လိုက်ပါတယ်။

ပြီးပြီ။

---

( ၅ )

## ဆုမြတ်မွန်

ဆင်းရဲဒုက္ခသံဝေဂ

တရံရောအခါ နာဂဒီပကျွန်းအနီး ကာရဒီပအမည်ရှိသော ကျွန်းတွင် ကံပြင်းပင်၏အောက်၌ ကံပြင်းရွက်ပြုတ်ကို ပရဘုတ်

သုံးဆောင်ပြီး၍ ခြိုးခြံသောအကျင့်တို့ကိုကျင့်လျက် ငြိမ်သက်စွာနေသော အကိဉ္စိပုဏ္ဏား ဘုရားအလောင်းတော် ရှင်ရသေ့အား သိကြားမင်းကဤသို့မေး၏။

(သိကြားမင်း)။ ။ကဿပန္ဒယ်ဝင် အို- ရှင်ရသေ့မြတ်-ရှင်ရသေ့မြတ်သည် အဘယ်အရာကို ရည်မှန်း တောင့်တလျက် မတုန်မလှုပ် ကျောက်ရုပ်ပမာ ငြိမ်သက်စွာဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်၍နေဘိသနည်း။

(ရှင်ရသေ့)။ ။နတ်တို့သခင်နင်း အို သိကြားမင်း-ကျွန်ုပ်သည် နောက်ထပ်တဖန် ဘဝသစ်ဖြစ်ရမည့် ဆင်းရဲကိုလည်းကောင်း၊ ခန္ဓာကိုယ်ကြီး ပျက်စီးရမည့် ဆင်းရဲကိုလည်းကောင်း၊ တွေ့တွေ့ဝေဝေသေရမည့် ဆင်းရဲကိုလည်းကောင်း၊ ဤဆင်းရဲအဖုံဖုံ အလုံးစုံတို့ကိုကြောက်ရွံ့၍ နိဗ္ဗာန်ကို တောင့်တလျက် ငြိမ်သက်စွာဖြင့် ကျင့်ကြံကြိုးကုတ်အားထုတ်၍နေရပေတော့၏။

၁။ ဘဝသစ်မှာ ဖြစ်ရတာ လွန်စွာဆင်းရဲ ကြီးလှသည်။
၂။ ဤကိုယ်ခန္ဓာ ပျက်စီးတာ လွန်စွာဆင်းရဲကြီးလှသည်။
၃။ တွေ့ကာဝေကာ သေရတာ လွန်စွာဆင်းရဲကြီးလှသည်။
၄။ နိဗ္ဗာန်ကိုမက် တောင့်တလျက် ငြိမ်သက်စွာပ နေရသည်။

## ပထမ ဆုမြတ်မွန်

(သိကြားမင်း)။ ။ကဿပန္ဒယ်ဝင် အို ရှင်ရသေ့မြတ်—ရှင်ရသေ့မြတ်သည် သင့်တင့်လျောက်ပတ် ကောင်းမြတ်တော်တန်လျော်ကန်သည့်စကားကို ပြောကြားပါပေ၏။ သို့အတွက်

ရှင်ရသေ့မြတ်အား အကျွန်ုပ်သည် ဆုမြတ်မွန်ကို ပေးပေအံ့။ ရှင်ရသေ့ အလိုရှိအပ်သော ဆုမြတ်မွန်ကိုအလိုရှိတိုင်း မဆိုင်းမသွေ တောင်းယူလေလော့။

(ရှင်ရသေ့)။ ။နတ်တို့၏ သခင်္ဂနှင်း အို သိကြားမင်း-သင်သိကြားမင်းသည် အကယ်၍ ကျွန်ုပ်အား ဆုမြတ်မွန်ကို ပေးလိုသည်ဖြစ်အံ့။ ကျွန်ုပ်သည် ဤဆုမြတ်မွန်ကို တောင်းယူလိုသည်။

၁။ မယားဇနီး သားသမီးနှင့် ပစ္စည်းဥစ္စာ များစွာခပ် ရသော်လဲ မရောင့်ရဲနိုင်သည့်လောဘတွေ။

၂။ ငါ့သဏ္ဍာန်မှာ တကယ်သာ ဘယ်ခါမသွေ မဖြစ် ပရစေ။

## ဒုတိယ ဆုမြတ်မွန်

(သိကြားမင်း)။ ။ကဿပနွယ်ဝင် အို ရှင်ရသေ့မြတ်— ရှင်ရသေ့မြတ်သည် သင့်တင့်လျောက်ပတ် ကောင်းမြတ်တော်တန် လျှော်ကန်သည့်စကားကို ပြောကြားပါပေ၏။ သို့အတွက် ရှင်ရသေ့မြတ်အား အကျွန်ုပ်သည် နောက်ထပ်တဖန် ဆုမြတ်မွန်ကိုပေးလို၏။ရှင်ရသေ့မြတ် အလိုရှိအပ်သော ဆုမြတ်မွန်ကို အလိုရှိတိုင်း မဆိုင်းမသွေ နောက်ထပ်တဖန် တောင်းယူလေဦးလော့။

(ရှင်ရသေ့)။ ။နတ်တို့သခင်္ဂနှင်း အိုသိကြားမင်း—သင်သိကြားမင်းသည် အကယ်၍ ကျွန်ုပ်အား နောက်ထပ်တဖန် ဆုမြတ်မွန်ကို ပေးလိုသည်ဖြစ်အံ့။ ကျွန်ုပ်သည် ဤဆုမြတ်မွန်ကို တောင်းယူလိုသည်။

၁။ နွားမြင်း လယ်ယာ ရတနာများ ကျွန်ယောကျ်ား ဆုံးပါးနိုင်သည့်ဒေါသတွေ။
၂။ ငါ့သဏ္ဍာန်မှာတကယ်သာ ဘယ်ခါမသေ့မဖြစ်ပချေစေ။

## တတိယ ဆုမြတ်မွန်

(သိကြားမင်း)။ ။ကဿပန္ဒယ်ဝင် အို ရှင်ရသေ့မြတ် ရှင်ရသေ့မြတ်သည် သင့်တင့်လျောက်ပတ် ကောင်းမြတ်တော်တန် လျော်ကန်သည့်စကားကို ပြောကြားပါပေ၏။ သို့အတွက် ရှင်ရသေ့မြတ်အား အကျွန်ုပ်သည် နောက်ထပ်တဖန် ဆုမြတ်မွန်ကိုပေးလို၏။ ရှင်ရသေ့မြတ်အလိုရှိအပ်သော ဆုမြတ်မွန်ကို အလိုရှိတိုင်း မဆိုင်းမသေ့ နောက်ထပ်တဖန် တောင်းယူလေဦးလော့။

(ရှင်ရသေ့)။ ။နတ်တို့သေဌ်နင်း အို သိကြားမင်း— သင်သိကြားမင်းသည် အကယ်၍ကျွန်ုပ်အား ဆုမြတ်မွန်ကိုပေးလိုသည်ဖြစ်အံ့။ ကျွန်ုပ်သည် ဤဆုမြတ်မွန်ကို တောင်းယူလိုသည်။

၁။ လူမိုက်ဆိုလျှင် မမြင်ချင် နားတွင်မကြားရလို။
၂။ လူမိုက်နှင့်သာ တကယ်ပါ ဘယ်ခါမဆို မပေါင်းရလို။
၃။ စကားနှိုးနှော မေးမြန်းပြော ဘယ်သောခါမဆို မပြုရလို။

## စတုတ္ထဆုမြတ်မွန်

(သိကြားမင်း)။ ။ကဿပန္ဒယ်ဝင် အို ရှင်ရသေ့မြတ်— ရှင်ရသေ့မြတ်သည် သင့်တင့်လျောက်ပတ် ကောင်းမြတ်တော်

တန် လျှော်ကန်သည့်စကားကို ပြောကြားပါပေ၏။ သို့အတွက် ရှင်ရသေ့မြတ်အား အကျွန်ုပ်သည် နောက်ထပ်တဖန် ဆုမြတ်မွန်ကိုပေးလို၏။ ရှင်ရသေ့မြတ် အလိုရှိအပ်သော ဆုမြတ်မွန်ကို အလိုရှိတိုင်း မဆိုင်းမသွေ နောက်ထပ်တဖန် တောင်းယူလေဦးလော့။

(ရှင်ရသေ့)။ ။နတ်တို့ သေဌ်နင်း အို သိကြားမင်း= သင်သိကြားမင်းသည် အကယ်၍ ကျွန်ုပ်အား နောက်ထပ်တဖန် ဆုမြတ်မွန်ကို ပေးလိုသည်ဖြစ်အံ့။ ကျွန်ုပ်သည် ဤဆုမြတ်မွန်ကို တောင်းယူလိုသည်။

၁။ ပညာရှိလျှင် တွေ့မြင်ချင် နားတွင်ကြားရလို။
၂။ ပညာရှိသာ တကယ်ပါ ဘယ်ခါမဆို ပေါင်းရလို။
၃။ စကားနှိုးနှော မေးမြန်းပြောဘယ်သောခါမဆို ပြုရလို။

## ပဥ္စမ ဆုမြတ်မွန်

(သိကြားမင်း)။ ။ကဿပနွယ်ဝင် အို ရှင်ရသေ့မြတ်- ရှင်ရသေ့မြတ်သည် သင့်တင့်လျောက်ပတ် ကောင်းမြတ်တော်တန် လျှော်ကန်သည့်စကားကို ပြောကြားပါပေ၏။ သို့အတွက် ရှင်ရသေ့မြတ်အား အကျွန်ုပ်သည် နောက်ထပ်တဖန်ဆုမြတ်မွန်ကိုပေးလို၏။ ရှင်ရသေ့မြတ်အလိုရှိအပ်သောဆုမြတ်မွန်ကိုအလိုရှိတိုင်း မဆိုင်းမသွေ နောက်ထပ်တဖန် တောင်းယူလေဦးလော့။

(ရှင်ရသေ့)။ ။နတ်တို့သေဌ်နင်း အို သိကြားမင်း-သင်သိကြားမင်းသည် အကယ်၍ ကျွန်ုပ်အား နောက်ထပ် တဖန် ဆုမြတ်မွန်ကို ပေးလိုသည်ဖြစ်အံ့။ ကျွန်ုပ်သည် ဤဆုမြတ်မွန်ကို တောင်းယူလိုသည်။

၁။ နှတ်၌ဖြစ်ကြွေး စားသောက်များ ထင်ရှားဖြစ်စေလို။
၂။ သီလရှိကြွေး လှူခံများ ထင်ရှားဖြစ်စေလို။
၃။ လှူစရာဖိုဖို ပစ္စည်းစုံ မကုန်နိုင်စေလို။
၄။ လှူပြီးနောက်မှ ပူပန်ရ မှုချမဖြစ်လို။
၅။ လှူဆဲမှာပင် စိတ်ကြည်လင် ပျော်ရွှင်ရပါလို။

## ဆဋ္ဌမဆုမြတ်မွန်

(သိကြားမင်း)။ ။ကဿပနွယ်ဝင် အို ရှင်ရသေ့မြတ်-ရှင်ရသေ့မြတ်သည် သင့်တင့်လျောက်ပတ် ကောင်းမြတ်တော်တန် လျော်ကန်သည့်စကားကို ပြောကြားပါပေ၏။ သို့အတွက် ရှင်ရသေ့မြတ်အားအကျွန်ုပ်သည်နောက်ထပ်တဖန် ဆုမြတ်မွန်ကိုပေးလို၏။ရှင်ရသေ့မြတ်အလိုရှိအပ်သောဆုမြတ်မွန်ကို အလိုရှိတိုင်း မဆိုင်းမသွေ့ နောက်ထပ်တဖန် တောင်းယူလေဦးလော့။

(ရှင်ရသေ့)။ ။နတ်တို့သခင်နှင်း အို သိကြားမင်း-သင်သိကြားမင်းသည် အကယ်၍ ကျွန်ုပ်အား နောက်ထပ်တဖန် ဆုမြတ်မွန်ကို ပေးလိုသည်ဖြစ်အံ့။ ကျွန်ုပ်သည် ဤဆုမြတ်မွန်ကို တောင်းယူလိုသည်။

၁။ ငါ၏ထံရင်း သိကြားမင့်း မချဉ်းကပ်စေလို။

## ဇာတ်သိမ်း

(သိကြားမင်း)။ ။ကဿပနွယ်ဝင် အို ရှင်ရသေ့မြတ်-မိန်းမယောကျ်ား လူအများတို့သည် သိကြားမင်းအား ဖူးမြင်လိုကြ၍များစွာသော အကျင့်ဝတ်တို့ဖြင့်တောင့်တကြကုန်၏။

ရှင်ရသေ့မြတ်သည်ကား အဘယ်ဘေးရန်ကိုမြင်၍ အကျွန်ုပ်အား မချဉ်းကပ်စေလို။ မမြင်လိုပါသနည်း။

(ရှင်ရသေ့)။ ။နတ်တို့သေဌ်နင်း အို သိကြားမင်း= ခပ်သိမ်းဉာဏ်အလုံးစုကာမဂုဏ်ဘို့နှင့်ပြည့်စုံသောသင်သိကြားမင်းကဲ့သို့သော ရုပ်အဆင်းကို မျက်မှောက်ထင်ထင် တွေ့မြင်ရသည်ရှိသော် ခြိုးခြုံးခြံခြံ ကျင့်ကြံကြိုးကုတ်အားထုတ်နေသော ကျွန်ုပ်၏ အကျင့်မြတ်သည် မေ့လျော့ပေါ့ဆရာ၏။ယင်းသို့ မေ့လျော့ပေါ့ဆသည်ရှိသော် အသင် သိကြားမင်းကို မြင်ရခြင်း၌ ဖြစ်ရသော ဘေးရန်ပေတည်း။

(သိကြားမင်း)။ ။ကဿပနွယ်ဝင် အို ရှင်ရသေ့မြတ်ဘုရား-ကောင်းလှပါပြီ။ ယနေ့မှစ၍ ရှင်ရသေ့မြတ်၏အထံသို့ အကျွန်ုပ်မလာတော့ပါအံ့။

သိကြားမင်းသည် ယင်းသို့ပြောဆို၍ လက်ျာရစ် လှည့်ပြီးလျှင် ရှိခိုးကန်တော့လျက်အကိတ္တိရှင်ရသေ့အထံမှကွယ်ပျောက်၍ သွားလေသတည်း။

အကိတ္တိရှင်ရသေ့သည် အသက်ထက်ဆုံး ဤကံပြင်းပင်ရိပ်သာ၌သာလျှင် သီတင်းသုံးလျက် ဗြဟ္မဝိဟာရ တရားတို့ကို အားထုတ်၍နေလေသတည်း။

ပြီးပြီ။

# ( ၆ )

# မဟာပရိနိဗ္ဗာန်ပွဲတော်

## ပစ္ဆိမဗုဒ္ဓဝစန

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

ဤပါဠိစကားရပ်သည် လူနတ်တို့၏ဆရာ မြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန်ဝင်စံတော်မူခါနီး အချိန်အခါ၌ ကုသိနာရုံပြည်၏အရှေ့ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်ဝယ် အင်ကြင်းပင်ပျို နှစ်ပင်တို့၏အကြားဘွင် သီတင်းသုံးနေတော်မူခိုက် ကိုယ်တော်တိုင် ရွှေနှုတ်တော်က ထုတ်ဖော်မြွက်ဟတော်မူလိုက်သည့် ပစ္ဆိမဗုဒ္ဓဝစနဖြစ်ပါသည်။

ပစ္ဆိမ-နောက်ဆုံး၊ ဗုဒ္ဓ-ဘုရား၊ ဝစန-စကားတော်။ မြတ်စွာဘုရား၏ နောက်ဆုံး မိန့်မြွက်တော်မူလိုက်သည့် စကားတော်ဟုဆိုလိုပါသည်။ ဤစကားတော်၏နောက်၌ မြတ်စွာဘုရားသည် ဘယ်တရားတော်၊ဘယ်စကားတော်ကိုမှ ဟောတော် ပြောတော် မမူတော့ချေ။

ဤစကားတော်သည် တိုတိုကလေးပင်ဖြစ်သော်လည်း ပြည့်စုံ၍ အဓိပ္ပါယ် ကျယ်ဝန်းလှပါသည်။ ဟုတ်မှန်ပါသည်၊ဤစကားတော်တွင် ပါဝင်သည့် အပ္ပမာဒဆိုသော စကားပုဒ်ကလေး တပုဒ်ကိုပင် ပုံကြီးချဲ့လိုက်ပါက ပိဋကသုံးပုံနှင့် ညီမျှသော

အခိပ္ပါယ်တို့ကို ဆောင်ပါသည်။ ဥဗမာအားဖြင့် ဆင်ခြေရာ ခွက်ထည်း၌ သမင်တို့ ဒရယ်တို့ ချေတို့ စိုင်တို့ ဆတ်တို့၏ ခြေရာများသည် အတွင်းဝင်သွားဘိသကဲ့သို့ ထို့အတူ မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် ပိဋကသုံးပုံသည်လည်း ဤအပ္ပမာဒဆိုသော သတိတရားထည်း၌ပင် အတွင်းဝင်၍ သွားတော့သည်သာဖြစ်၏။

ဘိက္ခဝေ=ရဟန်းတို့၊ ဟန္ဒ ဒါနိ=ယခုအခါ၌၊ ဝေါ=သင်ချစ်သားတို့အား၊ အာမန္တယာမိ=အာရုံစိုက်ရေး သတိပေးနှိုးဆော် မိန့်ခွန်းတော်တရပ်ထုတ်ပြန်ခဲ့ပေအံ့။

မိဖများသေခါနီးတွင် သားသမီးတို့ကို သေတမ်းစာရေးပြီးမှာကြားဘိသကဲ့သို့ မြတ်စွာဘုရားသည်လည်း သေတမ်းစာမိန့်ခွန်းတရပ် ထုတ်ပြန်တော်မူခဲ့သည်။

သင်္ခါရာ-ကံ စိတ် ဥ ဟာ ကြောင်းလေးဖြာတို့ ပေါင်းကာစုဆုံ တေဘုမ္မက သင်္ခါရတရားတို့သည်၊ ဝယဓမ္မာ-အဟောင်းအဟောင်းတွေကွယ်ပျောက် အသစ်အသစ်တွေရောက်ပြီး တဖန်ကုန်ပျောက်ပြုန်းတီး၍ ပျက်စီးခြင်းသဘောရှိကုန်၏။

ရုပ်နာမ်ခမ္မသင်္ခါရတရားတို့သည် ဖြစ်ပြီးလျှင် ပျက်စီးတတ်သော သဘောရှိကြကုန်၏။ ထိုရုပ်နာမ်ဓမ္မသင်္ခါရတရားတို့ကို—

အပ္ပမာဒေန=မမေ့မလျော့ မပေါ့မစား ကောင်းမြတ်သောအပ္ပမာဒသတိတရားနှင့်၊ သမ္ပာဒေထ=နေ့ရောညဥ့်ပါ ဘယ်ခါမလပ်မပြတ်မစဲ အမြဲမသေ့ ပြည့်စုံကြပါစေကုန်လော့။

## စျာန်ဝင်စားတော်မူခြင်း

ပစ္ဆိမဗုဒ္ဓဝစနဟုဆိုအပ်သော နောက်ဆုံး ဘုရားစကားတော်ကို ဟောကြားတော် မူပြီးလျှင် မြတ်စွာဘုရားသည် နောက်ထပ်ဘာတရားဘာစကားတော်ကိုမှဟောတော်ပြောတော်မမူတော့ပဲ မလှုပ်မယှက် ငြိမ်သက်စွာ စျာန်ဝင်စားတော်မူလေသည်။

ပထမစျာန်ကို ဝင်စားတော်မူသည်။ ယင်းစျာန်မှထတော်မူပြီးလျှင် အနုလောမအားဖြင့် ဒုတိယစျာန်ကို ဝင်စားတော်မူသည်။ ယင်းစျာန်မှ ထတော်မူပြီးလျှင် တတိယစျာန်ကိုဝင်စားတော်မူသည်။ ယင်းစျာန်မှထတော်မူပြီးလျှင် စတုတ္ထစျာန်ကို ဝင်စားတော်မူသည်။ယင်းစျာန်မှထတော်မူပြီးလျှင် အာကာသာနဉ္စာယတနစျာန်ကို ဝင်စားတော်မူသည်။ ယင်းစျာန်မှ ထတော်မူပြီးလျှင် ဝိညာနဉ္စာယတနစျာန်ကို ဝင်စားတော်မူသည်။ ယင်းစျာန်မှထတော်မူပြီးလျှင် အာကိဉ္စညာယတနစျာန်ကို ဝင်စားတော်မူသည်။ ယင်းစျာန်မှ ထတော်မူပြီးလျှင် နေဝသညာနာသညာယတနစျာန်ကို ဝင်စားတော်မူသည်။ ယင်းစျာန်မှ ထတော်မူပြီးလျှင် သညာဝေဒယိတနိရောဓသမာပတ်ကို ဝင်စားတော်မူသည်။ယင်းသမာပတ်မှထတော်မူပြီးလျှင် ပဋိလောမအားဖြင့် နေဝသညာနာသညာယတနစျာန်ကို ဝင်စားတော်မူသည်။ ယင်းစျာန်မှ ထတော်မူပြီးလျှင် အာကိဉ္စညာယတနစျာန်ကို ဝင်စားတော်မူသည်။ ယင်းစျာန်မှ ထတော်မူပြီးလျှင် ဝိညာနဉ္စာယတနစျာန်ကို ဝင်စားတော်မူသည်။ယင်းစျာန်မှထတော်မူပြီးလျှင် အာကာသာနဉ္စာယတနစျာန်ကို ဝင်စားတော်မူသည်။ယင်းစျာန်မှထတော်မူပြီးလျှင် စတုတ္ထစျာန်ကို ဝင်စားတော်မူသည်။ ယင်းစျာန်မှ ထတော်မူပြီးလျှင် တတိယစျာန်ကို ဝင်စားတော်မူသည်

ယင်း စျာန်မှ ထတော်မူပြီးလျှင် ဒုတိယစျာန်ကို ဝင်စားတော်မူသည်။ယင်းစျာန်မှ ထတော်မူပြီးလျှင် ပထမစျာန်ကို ဝင်စားတော်မူသည်။ယင်းစျာန်မှ ထတော်မူပြီးလျှင် နောက်ထပ်တဖန် အနုလောမအားဖြင့် ဒုတိယစျာန်ကို ဝင်စားတော်မူပြန်သည်။ ယင်းစျာန်မှ ထတော်မူပြီးလျှင် တတိယစျာန်ကို ဝင်စားတော်မူပြန်သည်။ ယင်းစျာန်မှ ထတော်မူပြီးလျှင် စတုတ္ထစျာန်ကို ဝင်စားတော်မူပြန်သည်။ယင်းစျာန်မှ ထတော်မူပြီးလျှင် လူနတ်တို့၏ ဆရာ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော်မူလေပြီ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းသည်နှင့်တပြိုင်နက်ထည်း သဟမ္ပတိ ဗြဟ္မာမင်းကြီးက တဂါထာခွဲနှင့်၊နောက်-သိကြားမင်းကြီးကလည်း ဂါထာ တပုဒ်နှင့်၊ နောက်-အရှင်အာနန္ဒာ ကိုယ်တော်မြတ်ကလည်း ဂါထာ တပုဒ်နှင့်၊ နောက်-အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်ကလည်း ဂါထာနှစ်ပုဒ်နှင့် အသီးအသီး ရွတ်ဆိုကြလေသည်။

**သဟမ္ပတိဗြဟ္မာကြီးရွတ်ဆိုပုံ**

၁။ နတ်လူများစွာ ဆရာဖြစ်၍၊
အတုမဲ့လစ် ဖြစ်တော်မူ။
ရှေးဘုရားအတူ လာခြင်းမခြား၊
အားဆယ်ပါးနှင့် ပြည့်တော်မူ။
သစ္စာလေးတန် လက်တွင်ထားသည့်၊
ဤသို့အားဖြင့် ဘုရားရှင်တဆူ။
ဤသို့ဂုဏ်ရှင် မြတ်ဗုဒ္ဓတောင်၊
ပရိနိဗ္ဗာန ဝင်ကြွစံတော်မူ။

၂။ လူနတ်ပြဟ္မာ အစထား၍၊
ခန္ဓာငါးပါး ရှိသူတွေ။
အဘယ်မှာလျှင် မသေပဲပ၊
အမြဲတည်ရှိ နေနိုင်ပေ။
ဤခန္ဓာကိုယ် တနေ့ကျတော့၊
သုသာန်တစ ပို့ရမလေ။
ဘယ်သူဘယ်ဝါ မလွတ်တန်းပ၊
သည်လမ်းကိုတော့ မြန်းကြရမည်ပေ။

**သိကြားမင်းရွတ်ဆိုပုံ**

၁။ ရုပ်နာမ်စမ္မ သင်္ခါရ မုချမမြဲပေ။
၂။ ဖြစ်ခြင်းပျက်ခြင်း ဖြစ်ပျက်ခြင်း မယွင်းပုံသေသေ။
၃။ ဖြစ်၍ပြီးပြန် ရုပ်နှင့်နာမ် အမှန်ချုပ်ကြပေ။
၄။ ထိုချုပ်ထိုနာမ် ချုပ်ရာမှန် နိဗ္ဗာန်ချမ်းသာပေ။
၅။ ချုပ်ရာနိဗ္ဗာန် ရောက်ဖို့ရန် သတိပဋ္ဌာန်တရားကို ကျင့်ကြလေ။

**အရှင်အာနန္ဒာရွတ်ဆိုပုံ**

မွန်မြတ်သည့်ဂုဏ် လုံးစုံတရားနှင့်၊
ပြည့်စုံငြားသည့် စောမြတ်စွာ။
ပရိနိဗ္ဗာန် ဝင်စံပြုသည့်၊
ယခုကာလ သမယအခါ။
ကြောက်မက်ဖွယ်ရာ တဆက်ထည်းပ၊
ကြက်သီးတွေလည်း ထခဲ့တာ။
ကြောက်မက်ဖွယ်ရာ တဆက်ထည်းပ၊
မြေကြီးတုန်လှုပ် အဟုတ်ဖြစ်ခဲ့ဘာ။

## အရှင်အနုရုဒ္ဓာရှဲတ်ဆိုပုံ

၁။ တည်ကြည်စိတ်တော် တာဒိတရားနှင့်၊
ပြည့်စုံငြားသည့် မြတ်ဗုဒ္ဓါ။
ထွက်လေဝင်လေ ရုပ်ခါသိမ်းလို့၊
ချုပ်ငြိမ်းကွယ်ပျောက် မရှိတော့ပါ။
တဏှာကင်းကာ စက္ခုငါးနှင့်၊
ပြည့်စုံငြားသည့် မြတ်ဘဂဝါ။
ဝိပါက်ကမ္မဇာ ချုပ်ခါငြိမ်းလို့၊
နိဗ္ဗာန်အောင်ကိန်း အေးငြိမ်းပေတော့တာ။

၂။ ငြိုးငယ်ကင်းကာ စိတ်တော်လှသည့်၊
မုနိဘဂဝ မြတ်ပရမေ။
ဆင်းရဲလှစွာ ဝေဒနာတရားကို၊
သည်းခံပယ်ရှား နိုင်ပါပေ။
ဘုရားမြတ်စွာ စိတ်တော်ကဖြင့်၊
မီးငြိမ်းတူစွ ပုံမသေ့။
သင်္ခါရခေါ် ရုပ်နာမ်တရားမှ၊
လွတ်မြောက်သွားပေါ့ မြတ်ဖျားအစိန္တေ။

ပြီးပြီ။

# (၇)

# မျက်မှောက်ချမ်းသာဝမ်းမြောက်စရာ

## တရားသုံးပါးနဲ့ပြည့်စုံပါ

အခု ဟောကြားမယ့် တရားတော်ကတော့ မျက်မှောက် ချမ်းသာ ဝမ်းမြောက်စရာ တရားတော်ဖြစ်ပါတယ်။

တရားနာနေကြတဲ့ဒကာ ဒကာမတွေကို မျက်မှောက်ဘဝမှာ ချမ်းချမ်းသာသာနဲ့ ဝမ်းမြောက်ဝမ်းသာ ဖြစ်စေချင်လွန်းလို့ ဒီတရားကို ဟောကြားရတာပါ။

တချိန်တုန်းက ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ ရဟန်း သံဃာတော်တွေကို မျက်မှောက်ချမ်းသာ ဝမ်းမြောက်ဝမ်းသာ စွာ နေရထိုင်ရဖို့အတွက် လုပ်ငန်းစဉ် တရားတော် တပုဒ်ကို ဟောကြားချီးမြှင့်တော် မူပါတယ်။

> တီဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု
> ဒိဋ္ဌေဝ ဓမ္မေ သုခ သောမနဿ ဗဟုလော
> ဝိဟရတိ။

ဘိက္ခဝေ၊ ရဟန်းတော်အပေါင်း အို သူတော်ကောင်းတို့။ တီဟိ ဓမ္မေဟိ၊ တရားသုံးပါးတို့နှင့်။ သမန္နာဂတော ဘိက္ခု၊ ပြည့်စုံသော ရဟန်းသည်။ ဒိဋ္ဌေဝ ဓမ္မေ၊ ခုဝတ္တမာန် ပစ္စုပ္ပန် လောက မျက်မှောက်ဘဝ၌ပင်လျှင်။ သုခသောမနဿဗဟုလော၊

ချမ်းသာခြင်း ဝမ်းမြောက်ခြင်း များသည်ဖြစ်၍။ ဝိဟရတိ၊ နေရထိုင်ရ နေထိုင်ရပေ၏။

တရားဆိုတာ များများ မဟုတ်ပါဘူး၊ သုံးပါးထဲသာ အားထုတ် ကြည့်ပါ-တဲ့။ အဲ့ဒီ သုံးပါးနဲ့သာ ပြည့်စုံလို့ရှိယင် သင်းချိုင်းကုန်းရဲ့ ဟိုဖက် နောင်တမလွန် ဘဝထိအောင် မစောင့်ဆိုင်းရပဲ ပုခက်နဲ့ခေါင်းပျဉ်ကြားလို့ဆိုတဲ့ ဒီပစ္စုပ္ပန်လောက မျက်မှောက်ဘဝကိုပဲ ချမ်းချမ်းသာသာ ဝမ်းမြောက်ဝမ်းသာစွာနဲ့ နေရထိုင်ရပါတယ်-တဲ့။

မယုံယင် လာရောက် အားထုတ် ကြည့်စမ်းပါ၊ မြတ်စွာဘုရားက မိန့်တော်မူနေတယ်၊ ငါ့တရားက ဧဟိ ပဿိက ဂုဏ်နဲ့ပြည့်စုံတဲ့တရားတဲ့၊ အကြည့်အရှု ခံနိုင်တဲ့တရား၊ အစမ်းအသတ် ခံနိုင်တဲ့တရား၊ ဘယ်တော့မှ ခေတ်နောက်မကျတဲ့ တရားလို့ ဆိုလိုပါတယ်။

ဘယ်လောက်ထိအောင် ချမ်းချမ်း သာသာ ဝမ်းမြောက်ဝမ်းသာစွာနဲ့နေထိုင်ရမှာတုန်းဆိုတော့ အာသဝါနံ ခယာယ— အာသဝေါတရား လေးပါးကုန်တဲ့ နေရာ ရောက်အောင်ကို ချမ်းသာနိုင်ပါတယ် တဲ့။ ဆိုလိုဘာကတော့ ရဟန္တာ ဖြစ်အောင်ကို ချမ်းသာနိုင်ပါတယ် လို့ ဆိုလိုပါတယ်။

အဲဒီတရားသုံးပါးက ဘာတွေတုန်း-။

ဣန္ဒြိယေသု ဂုတ္တဒွါရော ဟောတိ၊ ဘောဇနေ
မတ္တညုံ၊ ဇာဂရိယာနုယုတ္တော။

ဣန္ဒြိယေသု၊ ဣန္ဒြေခြောက်ပါး တံခါးကြီး ခြောက်ပေါက်တို့၌။ ဂုတ္တဒွါရော၊ လုံခြုံသော တံခါးရှိသည်။ ဟောတိ၊ ဖြစ်၏။

ဘောဇနေ၊ ခဲဘွယ်ဘောဇဥ် ချိုချဥ်အရသာ အစားအစာ ဟူသမျှ၌။မတ္တညုူ၊ မှီဝဲမျိုဝါး စားသောက် သုံးဆောင်သည့် အခါမှာ အတိုင်းအတာ ပမာဏကို သိသည်။ ဟောတိ၊ ဖြစ်၏။ ဇာဂရိယာနုယုတ္တော၊ နိုးကြားမှုနှင့် ယှဥ်သဖြင့် အသင့် နေရ သည်။ ဟောတိ၊ ဖြစ်၏။

၁။ ဣန္ဒြေခြောက်ပါး တံခါးကြီးခြောက်ပေါက်ကို လုံလုံ ခြုံခြုံဖြစ်အောင် သတိတည်းဟူသော မင်းတုတ်နဲ့ရှိုထိုး ပိတ်ဆို့ရမယ်-တဲ့။

၂။ ခဲဘွယ်ဘောဇဥ် ချိုချဥ်အရသာ အစားအစာကို မှီဝဲ မျိုဝါး စားသောက် သုံးဆောင်တဲ့အခါမှာ အတိုင်း အတာ ပမာဏကို သိရမယ်-တဲ့။

၃။ နိုးကြားမှုနဲ့ ယှဥ်ပြီး အသင့်နေရမယ်-တဲ့။

ဒီသုံးပါးပါပဲ ဒီသုံးပါးနဲ့သာ ပြည့်စုံလို့ရှိယင် နောင် တမလွန် ဘဝထိအောင် မစောင့်ဆိုင်းရပဲ ခုမျက်မှောက်ဘဝမှာ ချမ်းချမ်းသာသာ ဝမ်းမြောက် ဝမ်းသာစွာ နေထိုင်ရမယ်-တဲ့။ ကဲ-ဆောင်ပုဒ်ကလေးတွေကို လိုက်ဆိုကြ။

၁။ ဣန္ဒြေခြောက်ပါး အစောင့်ထား တံခါးလုံရမည်။

၂။ အစားအစာ ဘောဇဥ်မှာ တိုင်းဘာသိရမည်။

၃။ နိုးကြားမှုနှင့် ယှဥ်သဖြင့် အသင့်နေရမည်။

၄။ ဤသုံးပါးသာ ပြည့်စုံပါ ချမ်းသာ မျက်မှောက် **များရမည်။**

အကျဉ်းချုပ် ဟောပြလို့ သဘောကျ နှစ်သက်ကြတဲ့ သခင်ပ ရစိ သမားတွေအတွက်တော့ ဒါလောက်ဆိုယင်ပဲ တရားပွဲ

သိမ်းလို့ ဖြစ်နိုင်ပါတယ်၊ အကျဉ်းချုပ်အနေနဲ့ ပြည့်စုံနေပါပြီ။ ဒါပေမယ့် ကိုယ်တော်မြတ်ရဲ့ ရှေ့တော်မှောက်မှာ ရောက်နေကြတဲ့ တရားနာပရိသတ်တွေက အကျယ်ဟောပြမှ သဘောကျမယ့် ဝိပ္ပဉ္စိတညူ ဝိတ္ထာရရုစိသမားတွေကလဲ ပါနေကြသေးတဲ့ အတွက် ဒါလောက်နဲ့ တရားပွဲ မသိမ်းသေးပါဘူး။ အကျယ်တဝင့် ဆက်လက်ပြီးတော့ အမေးနဲ့ အဖြေနဲ့ ဟောပြတော် မူပါသေးတယ်။

ပါဠိတော်မှာ လာတဲ့အတိုင်း အကျယ်တဝင့် စုံစုံလင်လင် စိစိငှငှ တိတိကျကျ ဟောပြနေရလို့ရှိယင် အချိန်တွေ ကြာသွားပါလိမ့်မယ်၊ အဲဒီတော့ အကျဉ်းချုပ် ပြောပြီးဆောင်ပုဒ်ကလေးတွေနဲ့ပဲ သရုပ်ဖော်သွားကြပါစို့ရဲ့။

## ဣန္ဒြေခြောက်ပါး လုံခြုံစေ

မျက်စိ အကြည်ဓာတ်နဲ့ အဆင်းရူပါရုံ ပေါင်းဆုံမိလို့ မြင်သိမှု စက္ခုဝိညာဉ် စိတ်ဖြစ်ပေါ်လာယင် ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အစရှိတဲ့ ပုံဟန်သဏ္ဌာန် နိမိတ်အနေအားဖြင့် ယူမှားစွဲလန်းမှု မရှိရဘူး၊ ခြေလက်နားနှာခေါင်း အစရှိတဲ့ အင်္ဂါကြီးငယ်၊ ပြုံးရယ်ပင့်ချီဟန် အစရှိတဲ့ အမူအရာ မှတ်သားမှု လက္ခဏာ အနေအားဖြင့် ယူမှားမှု မရှိရဘူးတဲ့။

ယူမှားမှု မရှိရဘူးဆိုတာ ယူမှားမှု ရှိနေလို့ မရှိရဘူးလို့ ပြောတာနော်၊ နဂိုကထဲက ယူမှားမှု မရှိတဲ့ ပုဂ္ဂိုလ်ကို ယူမှားမှု မရှိရဘူးလို့ အထူးဟောနေစရာ မလိုပါဘူး။ အခုတော့ ယူမှားမှု ရှိနေလို့ ယူမှားမှု မရှိရဘူးလို့မြတ်စွာဘုရားက ဟောပြနေတာပါ။ ဘယ်အချိန်အခါက စပြီး ယူမှားမှုတွေ ရှိလာခဲ့ကြ

သတ္တန်းဆိုတော့ အနမတဂ္ဂ ဘဝများစွာ သံသရာတခွင် ကျင်လည်တဲ့ အချိန်အခါကစပြီး ဒီကနေ့အထိ ယူမှားမှုတွေ ရှိလာခဲ့ကြပါတယ်။ အဲဒီယူမှားမှုတွေ ကင်းသွားအောင် သတိပဋ္ဌာန်အသိညာဏ်နဲ့ ရုပ်နာမ်ဓမ္မတွေကိုထင်အောင် မြင်အောင် ကျင့်ရမယ်၊ ရုပ်နာမ် ဓမ္မတွေကို ထင်တော့၊ မြင်တော့ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်လာမယ်၊ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်လာယင် ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမ လူနတ်ပြဟ္မာလို့ဆိုတဲ့ အယူအဆ အစွဲအလန်း အမှားအယွင်း အတ္တဒိဋ္ဌိ အညစ်အကြေးတွေ ကင်းသွားပါလိမ့်မယ်။

ကဲ··တိုတိုပဲ ပြောပါတော့မယ်၊ နားအကြည်ဓာတ်နဲ့ အသံသဒ္ဒါရုံ ပေါင်းဆုံလို့ ကြားသိမှု သောတဝိညာဉ်စိတ် ဖြစ်ပေါ်လာယင်၊နှာခေါင်း အကြည်ဓာတ်နဲ့ အနံ့ဂန္ဓာရုံ ပေါင်းဆုံမိလို့ နံသိမှု ဃာနဝိညာဉ်စိတ် ဖြစ်ပေါ်လာယင်၊ လျှာအကြည်ဓာတ်နဲ့ အရသာ ရသာရုံပေါင်းဆုံမိလို့ စားသိမှု ဇိဝှာဝိညာဉ်စိတ် ဖြစ်ပေါ်လာယင်၊ ကိုယ်အကြည်ဓာတ်နဲ့ အတွေ့အထိဖောဋ္ဌဗ္ဗာရုံ ပေါင်းဆုံမိလို့ ထိသိမှု ကာယဝိညာဉ်စိတ် ဖြစ်ပေါ်လာယင်၊ စိတ် (နှလုံး) အကြည်ဓာတ်နဲ့ ဓမ္မာရုံ ပေါင်းဆုံမိလို့ ကြံသိမှု မနော ဝိညာဉ်စိတ် ဖြစ်ပေါ်လာယင် ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမ အစရှိတဲ့ ပုံဟန် သဏ္ဌာန် နိမိတ်အနေအားဖြင့် အယူအဆ မှားယွင်းမှု မရှိရဘူး၊ ခြေလက် နားနှာခေါင်း အစရှိတဲ့ အင်္ဂါကြီးငယ် ပြုံးရယ်ပင့်ချိဟန် အစရှိတဲ့ အမူအရာ မှတ်သားမှု လက္ခဏာ အနေအားဖြင့် အယူအဆမှားယွင်းမှု မရှိရဘူးတဲ့။ ကဲ-အမေးအဖြေ ဆောင်ပုဒ်ကလေးတွေကို လိုက်ဆိုကြပါအုံး။

(အမေး) ဏ္ဍဌ္ဌြေချောက်ပါး အစောင့်ထား တံခါးဘယ်သို့ လုံရမည်။

အဖြေ။ ။၁—အဆင်းမြင်လတ် ရှုမှတ်သူသည်။
ငါသူတပါး အမှားမသိ။
အကုသိုလ်များ မပွားရပြီ။
ဤသို့အား တံခါးလုံရမည်။

၂—အသံကြားလတ် ရှုမှတ်သူသည်။
ငါသူတပါး အမှားမသိ။
အကုသိုလ်များ မပွားရပြီ။
ဤသို့အား တံခါးလုံရမည်။

၃။ အနံ့နံလတ် ရှုမှတ်သူသည်။
ငါသူတပါး အမှားမသိ။
အကုသိုလ်များ မပွားရပြီ။
ဤသို့အား တံခါးလုံရမည်။

၄။ အစာစားလတ် ရှုမှတ်သူသည်။
ငါသူတပါး အမှားမသိ။
အကုသိုလ်များ မပွားရပြီ။
ဤသို့အား တံခါးလုံရမည်။

၅။ အတွေ့တွေ့လတ် ရှုမှတ်သူသည်။
ငါသူတပါး အမှားမသိ။
အကုသိုလ်များ မပွားရပြီ။
ဤသို့အား တံခါးလုံရမည်။

၆။ သဘောသိလတ် ရှုမှတ်သူသည်၊
ငါသူတပါး အမှားမသိ။
အကုသိုလ်များ မပွားရပြီ။
ဤသို့အား တံခါးလုံရမည်။

(နိဂုံး) ဣန္ဒြေခြောက်ပါး အစောင့်ထား တံခါးဤသို့ လုံရမည်။

## အတိုင်းအတာကို သိပါ

ပီးတော့—ခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာ အစားအစာကို မှီဝဲမျိုဝါး စားသောက်သုံးဆောင်တဲ့အခါမှာ အတိုင်းအတာ ပမာဏကို သိရမယ်ဆိုတာ ဘယ်လိုသိရမှာလဲဆိုတော့—မြူးတူး ပျော်ပါး ကစားဖို့၊ ထမင်းမာရ်ယစ်ဖို့၊ အရေအဆင်း ပြေတင်း လှပ အချိုးကျဖို့ မှီဝဲမျိုဝါး စားသောက်သုံးဆောင်တာ မဟုတ် ပါဘူး။ အမှန်စင်စစ်မှာတော့ ဒီရူပကာယ ခန္ဓာကိုယ်ကြီး ကြာ ရှည်လေးမြင့်စွာ တည်တန့်ပီး မြတ်စွာဘုရား သာသနာတော်မှာ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရားတွေကို ပွား များကြိုးကုတ် အားထုတ်နိုင်အောင်လို့ မှီဝဲမျိုဝါး စားသောက် သုံးဆောင်ပါတယ်လို့ အဲဒီလိုအနေအားဖြင့် ပစ္စဝေက္ခဏာတင် ဆင်ခြင်ဆင်ခြင်ပီး မှီဝဲမျိုဝါး စားသောက်သုံးဆောင်ရမယ်-တဲ့။ ကဲ—အမေးအဖြေ ဆောင်ပုဒ်ကလေးတွေကို လိုက်ဆိုကြပါအုံး။

(အမေး) အစားအစာ ဘောဇဉ်မှာ တိုင်းတာဘယ်သို့ သိရမည်။

(အဖြေ) ခဲဖွယ်ဘောဇန စားရသူသည်။
မှူးတူးမာန်ယစ် ပြေပြစ်မရည်။
အမြတ်တရား ပွားများဖို့ရည်။
ဤသို့သာ တိုင်းတာသိရမည်။
(နိဂုံး) အစားအစာ ဘောဇဉ်မှာတိုင်းတာဤသို့သိရမည်။

## နိုးကြားမှုနှင့် ယှဉ်ပါ

ပီးတော့–"နိုးကြားမှုနှင့်ယှဉ်သဖြင့် အသင့်နေရမည်"ဆိုတာ ဘယ်ပုံဘယ်ပန်းနေရမှာတုန်းဆိုတော့–ဒီလိုပါ။ ယောဂီပုဂ္ဂိုလ်ဆိုတာ နိုးနိုးကြားကြား ထထကြွကြွ လုံ့လဝီရိယနဲ့ ပြည့်စုံရမယ်လို့ ဆိုလိုပါတယ်။

တရက်မှာ နေ့ပိုင်းရယ်၊ ညပိုင်းရယ်လို့ အပိုင်းနှစ်ပိုင်း ရှိပါတယ်။ နေ့ပိုင်းမှာ ဘယ်လိုအားတုတ်ရမှာတုန်းဆိုတော့ တခါတရံ ခေါက်တုံ့ပြန် စင်္ကြံရှောက်ပီး နေရမယ်။ တခါတလေ အညောင်းပြေထိုင်နေရမယ်-တဲ့။ စင်္ကြံရှောက်ပီးနေရမယ်၊ ထိုင်နေရမယ်ဆိုတာ သတိပဋ္ဌာန်နဲ့ ယှဉ်စပ် အတ္တသညာကိုပယ်ခွါပီး ရှုမှတ်မှုဘာဝနာနဲ့နေရမယ်လို့ ဆိုလိုပါတယ်။ ဒါဖြင့် စင်္ကြံရှောက်တော့ ဘယ်လို ရှောက်ရမှာတုန်း။ "ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်"လို့ပဲ ဖြစ်ဖြစ်၊ ဒါမှ မဟုတ်ယင် "ကြွတယ်၊ ချတယ်"လို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ်သေးယင် "ကြွတယ်၊ လှမ်းတယ်၊ ချတယ်"လို့ပဲဖြစ်ဖြစ် ကိုယ်နိုင်နင်းသလိုရှုမှတ်ပီး ရှောက်ရပါတယ်။ ထိုင်တော့ ဘယ်လိုထိုင်ရမှာတုန်း "ဖောင်းတယ်၊ ပိန်တယ်"လို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ်ယင် "ဖောင်းတယ်၊ပိန်တယ်၊

ထိုင်တယ်”လို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ်သေးယင် “ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်”လို့ပဲဖြစ်ဖြစ် ကိုယ်နိုင်နင်းသလို ရှုမှတ်ပြီး ထိုင်နေရပါတယ်။

အဲဒီလို စကြံ့န်ရှောက်ယင်း၊ ထိုင်ယင်း ရှုမှတ်နေတာဟာ နိဗ္ဗာန်သွားရာ လမ်းကြောင်းကြီးအပေါ်မှာ ပိတ်ဆို့စေတတ်တဲ့ ကာမစ္ဆန္ဒ အစရှိတဲ့ အာဝရဏ၊ သို့မဟုတ် နီဝရဏငါးစင်း ခြောင့်ကံသင်းကို သန့်ရှင်းအောင် သုတ်သင်နေခြင်းဖြစ်ပါတယ်။

ဟော–ညကျတော့ ဘယ်လိုအားထုတ်ရမှာတုန်းဆိုယင် ညမှာ သုံးပိုင်း ပိုင်းလိုက်ပါ-တဲ့။ဘယ်လိုပိုင်းရမလဲဆိုယင် ညဦးယာမ်က တပိုင်း၊ သန်းကောင်ယာမ်က တပိုင်း၊ မိုးသောက်ယာမ်က တပိုင်း၊ အဲဒီလို ပိုင်းလိုက်ပါ-တဲ့။ ညဦးယာမ်မှာ တခါတရံ ခေါက်တုံ့ပြန် စကြံ့န်ရှောက်ပြီး မှတ်နေပါ။ တခါတလေ အညောင်းပြေထိုင်နေပြီး မှတ်နေပါ။ ညရဲ့အလယ်ပိုင်း သန်းကောင်ယာမ်မှာတော့ ညာဖက်ခြေပေါ်မှာ ဘယ်ဘက်ခြေက နန့်နန့်ကလေး လွန်ထားပြီး သတိသမ္ပဇဉ် အမြဲယှဉ်ပြီး စောစော ထမယ်ဆိုတဲ့ အမှတ်သညာနဲ့ လက်ျာနံတောင်းစောင်းပြီး ခြင်္သေ့ မင်းလို အိပ်ပါ-တဲ့။ ယောဂီဆိုတာ စည်းမဲ့ကမ်းမဲ့ မအိပ်ရဘူး။ မေ့မေ့လျော့လျော့ မအိပ်ရဘူး။ ပေါ့ပေါ့ဆဆ မအိပ်ရဘူး။ ကုလားသေ ကုလားမော မအိပ်ရဘူး။ ပက်လက်လှန်ပြီး ပိတ္တာ ကြီးလို တခူးခူးနဲ့ မအိပ်ရဘူးလို့ ဆိုလိုပါတယ်။ ညရဲ့မိုးသောက် ယာမ်မှာတော့ စောစောစီးစီး ထပါ။ လူးလွန့်မနေပါနဲ့။ ပေအိပ်မနေပါနဲ့။ ရိပ်သာကိုလာတာ အိပ်ဖို့လာတာ မဟုတ် ပါဘူး။ သတိရှိပါ။ အိပ်တယ်ဆိုတာ ထူးတာမဟုတ်ပါဘူး။

တသက်လုံး အိပ်ခဲ့ရပါပြီ။ ထတော့။ တရားအားထုတ်တော့။ တကတဲ ကောင်းကင်ကိုများ မော့ပြီးကြည့်လိုက်စမ်းပါ။ နက္ခတ်တာရာတွေက ပန်းမျက်နှာကျက်ကြီး မိုးထားသလိုပဲ။ တင့်တယ်လိုက်ထာ။ ကိုယ်ကအိပ်နေယင် တင့်တယ်ပမလား။ ကုတင်ပေါ်မှာ တင်ထားတဲ့ မသာလောင်းကြီးနဲ့ တူနေမှာပေါ့။ အဲဒီလို ဆင်ခြင်ပြီး တခါတရံ ခေါက်တုံ့ပြန်စင်္ကြံရှောက်ပြီးမှတ်နေပါ။ တခါတလေ အညောင်းပြေ ထိုင်နေပြီး အားထုတ်လိုက်ပါ။ အဲဒီလို ရှုမှတ်အားထုတ်နေတာဟာ နိဗ္ဗာန်သွားရာလမ်းကြောင်းကြီးရဲ့ အပေါ်မှာ အာဝရဏ၊ သို့မဟုတ် နီဝရဏငါးပါး ဆူးငြောင့်ခလုပ် ငုတ်ကံသင်းတရားတွေကို ဖယ်ရှားသုတ်သင်နေတာပါပဲ-တဲ့။ ကဲ-အမေးအဖြေ ဆောင်ပုဒ်ကလေးတွေကို လိုက်ဆိုကြပါအုံး။

(အမေး) နိုးကြားမှုနှင့် ယှဉ်သဖြင့် အသင်ဘယ်သို့ နေရမည်။

(အဖြေ) နေ့၌ စင်္ကြံ တဖန်ထိုင်သည်။
ညဉ့်ဦးနံနက် ပြုချက်တူသည်။
သန်းကောင်ယာမ်မျှ ခေတ္တအိပ်သည်။
ဤသို့ဖြင့် အသင့်နေရမည်။

(နိဂုံး) နိုးကြားမှုနှင့် ယှဉ်သဖြင့် အသင့်ဤသို့ နေရမည်။

အခု ဟောခဲ့တဲ့ တရားတော်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်လိုက်ယင် နောင် တမလွန်ဘဝထိအောင် မစောင့်ဆိုင်းရပဲ အခု မျက်မှောက်ဘဝမှာကို ချမ်းချမ်းသာသာ ဝမ်းမြောက်

ဝမ်းသာစွာနဲ့ နေရထိုင်ရပါလိမ့်မယ်။ ကဲ—ဆောင်ပုဒ်ကလေးကို လိုက်ဆိုကြပါအုံး။

ဤသုံးပါးသာ ပြည့်စုံပါ ချမ်းသာမျက်မှောက် များရမည်။

**တရားသိမ်း**

ဓမ္မသူတော်စင်အပေါင်းတို့-ဤသို့လျှင် မျက်မှောက်ချမ်းသာ ဝမ်းမြောက်စရာတရားတော်ကို နာကြားကြရသော ဓမ္မသဝန ကုသိုလ်ကံစေတနာတို့ကြောင့်ဤတရားတော်၌လာရှိသည့်အတိုင်း ဤလူ့ဘဝတွင် ဝီရိယ ထက်သန်စွာဖြင့် ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက်ပါး တံခါးကြီးခြောက်ခုပါကိတ္တို့ကို လုံခြုံအောင် သတိဘည်းဟူသောမင်းတုန်းနဲ့ ရှုထိုးပိတ်ဆို့နိုင်ကြ၍ ခဲဖွယ် ဘောဇဉ် ချိုချဉ်အရသာ အစားအစာဟူသမျှကို မှီဝဲမျိုဝါး စားသောက် သုံးဆောင်သောအခါ အတိုင်းအတာ ပမာဏကို သိပြီးလျှင် နေ့နေ့ညည ကာလမဆိုင်း အချိန်တိုင်း အချိန်တိုင်း တခါတရံ ခေါက်တုံ့ခေါက်ပြန် စင်္ကြံ လျှောက်ခြင်းဖြင့်လည်းကောင်း၊ တခါတလေအညောင်းပြေ ထိုင်နေခြင်းဖြင့်လည်းကောင်း နိဗ္ဗာန်သွားရာ လမ်းကြောင်းကြီးအပေါ်၌အပိတ်အပင် အဆို့အဆီးဖြစ်သော အာဝရဏ၊ သို့မဟုတ် နီဝရဏငါးပါး ဆူးငြောင့်ခလုတ် ငုတ်ကသင်းတရားတို့ကို ပယ်ရှားသုတ်သင်နိုင်ကြလျက် မျက်မှောက်ဘဝ၌ ချမ်းချမ်းသာသာ ဝမ်းမြောက်ဝမ်းသာစွာနှင့် နေကြရ ထိုင်ကြရပြီးလျှင် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ ဇာတ်သိမ်းရာမှန် ပြည်နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်ကြ၍ ကိုယ်စီကိုယ်ငှ မျက်မှောက် ပြုနိုင်ကြပါစေ ကုန်သတည်း။

ပြီး ပြီ။

# ( ၈ )

# လှူပုံတန်းပုံ အကျိုးရပုံ

## ဆရာတော်များရဲ့ ဂါထာများနဲ့ အနက်များ

ဒီကနေ့ ဘုန်းကြီးရဲ့တရားပွဲမှာ တရားနာ လာရောက်ကြတဲ့ ဒကာ ဒကာမတွေက တရားမနာမီ ရှေ့အဖို့မှာ ဘုရား တရား သံဃာ ရတနာသုံးပါးရဲ့ဂုဏ်ကို ယုံယုံကြည်ကြည် မြတ်မြတ်နိုးနိုးနဲ့ ကိုးကွယ်ဆည်းကပ်ကြတာတွေကို မြင်ရ ကြားရ တွေ့သိရတော့ ဘုန်းကြီးရဲ့ စိတ်ထဲမှာလေ ဘာကိုသွားပြီး အမှတ်ရမိတုန်းဆိုတော့ နိကာယ်ငါးရပ်ထဲက သံယုတ္တနိကာယ်ကို နိဿယပြန်ဆိုတော်မူခဲ့ကြတဲ့ မူလဝိသောဓကေ၊ ပဋိဝိသောဓကေ၊ ဩဿာနသောဓက ဆရာတော်ဘုရားတို့ နိဒါန်းမှာရေးထားတဲ့ ဂါထာများနဲ့ အနက်များကို သွားပြီးအမှတ်ရမိပါတယ်။

မာနေန္တိ မဓုကာမာ ယေ၊
မဓုပါ မဓုရံ မဓုံ။
တမာဂမ္မ ဒုမံ မာလံ၊
မဓုဒံ မဓုလိမ္ပိတံ။

ယေ မဓုပါ—သင်းပျံ့မွှမ်းထုံ ပန်းရဂုံ၌ လွှမ်းအုံလှည့်လည် ပျံ့ဝဲသီလျက် ဝတ်ရည်စားသုံး အကြင်ပျားပိတုံးတို့သည်၊ မဓုကာမာ—ချိုအီမြိန်ရှက် ရသာမြတ်ကို တပ်မက်နှစ်လိုကြကုန်သည်ဖြစ်၍၊ မဓုရံ မဓုံ—ဩဇာယိုစိမ့် ကိုယ်လုံးသိမ့်မျှ ချိုဆိမ့်နှစ်ဆီ ပန်း

ဝတ်ရည်ကို၊ မာနေန္တိ-တရစ်ဝဲဝဲ မပစ်ခွဲနိုင်အောင် စွဲမြဲမြတ်နိုးကြကုန်၏။ တေ မဓုပါ-သင်းပျံ့မွှမ်းထုံ ပန်းရဂုံ၌ လွှမ်းအုံလှည့်လည် ပျံဝဲသီလျက် ဝတ်ရည်စားသုံး ထိုပျားပိတုံးတို့သည်၊ တမာဂမ္မ—သြဇာယိုစိမ့် ကိုယ်လုံးသိမ့်မျှ ချိုဆိမ့်နှစ်ဆီ ထိုပန်းဝတ်ရည်ကို စွဲမှီအကြောင်းပြု၍ မဓုဒံ။ ဒုမံ--ပန်းဝတ်ရည် တိုက်ကျွေးသည့်ကျေးဇူးရှင် ပန်းမိခင်တည်းဟူသော အပင်ကိုရင်း၊ မဓုလိမ္ပိတံ မာလံ—ဂနိုင်အလုံး ကြိုင်မဆုံးသား ခိုင်လုံးရွှေကိုယ် ပန်းရည်ချိုတို့ အလိုလိုလိမ်းကျံ ပန်းပွင့် ပန်းမာလ်ကိုရင်း၊ မာနေန္တိ-အာရုံမွေ့ကြူး ချိုရသာအတွေ့ထူးသဖြင့် မွေ့မူးယစ်မက် မပစ်ရက်အောင် နှစ်သက်မြတ်နိုးကြကုန်၏။

မာနေန္တိ ဓမ္မကာမာ ယေ၊
ဓမ္မမာဂမ္မ ဒေသကံ၊
ဗုဒ္ဓဥ္စာမတဒံ သံဃံ၊
ဓမ္မောဇာမတလိမ္ပိတံ။

ယေ-ဗြဟ္မာနတ်လူ အကြင်သူတို့သည်၊ ဓမ္မကာမာ-ချမ်းသာဘို့ရေး ပို့ဆောင်ပေးမည့် လေးစားအပ်သော မြတ်သဘောကို မနောရွှင်ပျို နှစ်လိုကြကုန်သည်ဖြစ်၍၊ ဓမ္မံ-ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာမြတ်ကို၊ မာနေန္တိ-သဒ္ဓါဓါတ်ပန်း ပွင့်လန်းသိုက်မြိုက် နှစ်ခြိုက်အားကိုးကြည်ညိုမြတ်နိုးကြကုန်၏။ တေ- ဘုရားနှုတ်ထွက် ဓမ္မစကားကို နှစ်သက်ကြည်ဖြူ ထိုမြတ်နိုးကြသူတို့သည်၊ ဓမ္မမာဂမ္မ—ဘံသာဝဋ်ဘေး ကရွတ်ခွေမှ လွှတ်စေနိုင်တောင်း တရားကောင်းကို အကြောင်းပြုစွဲမှီ၍၊ ဒေသကံ—လေးဆယ့်နှင့်ငါး ချို မြင့်လျား

အောင် မြွက်ကြားဖွင့်ဖော် ဟောမိန့်တော်မူတတ်သော၊အမတဒံ-မြိုက်ရည်ချိုမြိန့် ပီတိစိမ့်အောင် ဆိုမိန့်သာကြူပေး သနားတော်မူတတ်သော၊ ဗုဒ္ဓဥ-အကျင့်စရိုက် အသင့်လိုက်၍ အမြိုက်ရည်တိုက်ကျွေးသည့်ကျေးဇူးကြီးမား တရားသခင် ဘုရားရှင်ကိုင်း၊ ခမ္မောဇာမတလိမ္ပိတံ-ကိလေချေးမှူ ဖွေးဖွေးဖြူအောင် မွေးကြူပွံ့ငြိမ်း အမြိုက်ရည်လိမ်းတော်မူအပ်သော။ သံဃဥ-ရှစ်ယောက်အရိယာ မြတ်သံဃာအပေါင်းကိုင်း၊မာနန္တ-ကျေးဇူးဂုဏ်သိရ်နှလုံးအိမ်၌ တည်ငြိမ် မေ့လျော်အောင် မရွှေ့ပြောင်းဘဲ နှစ်ထောင်းအားရ ကြည်ညိုမြတ်နိုးကြကုန်၏ဘကား။

အဲဒီဂါထာများနဲ့ အဲဒီအနက်များကိုသွားပီး အမှတ်ရမိတယ်။အဓိပ္ပါယ်ကတော့ ပန်းဝတ်ရည် ပန်းဝတ်မှုံတွေကို စားသုံးကြတဲ့ ပျားပိတုံးတွေဟာ ပန်းဝတ်ရည် ပန်းဝတ်မှုံတွေကို ပေးတတ်တဲ့ပန်းပင်နဲ့ပန်းပွင့်ပန်းမာလ်ကိုနှစ်သက်မြတ်နိုးကြသလို တရားကို နှစ်သက်မြတ်နိုးကြတဲ့ လူနတ်ပြဟ္မာ သတ္တဝါတွေဟာလဲ လေးဆယ့်ငါးဝါ ကာလကြာအောင် ဒေသနာရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူတတ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့တကွ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ရွှေရင်တော်နှစ် သားတော်စစ်ဖြစ်တော်မူကြတဲ့ အရိယာရှစ်ဖော် သံဃာတော်အရှင်မြတ်တွေကို ကြည်ညိုမြတ်နိုး နှစ်သက်ကြတယ်....လို့ဆိုလိုပါတယ်။

## တရားနာနည်းနိသျှည်း

တရားကို မဟောကြားခင်မှာ တရားနာနေကြတဲ့ ဒကာဒကာမတွေကို ဘုန်းကြီးက တရားနာနည်းကလေး နဲနဲပါးပါး

ပြောကြားချင်ပါသေးတယ်။ အတတ်ပညာနဲ့ ဥစ္စာစီးပွားကို ရှာဖွေတော့မယ်ဆိုယင် စိတ်ကို ဘယ်ပုံဘယ်ပန်းထားပြီး ရှာဖွေရမယ်ဆိုတဲ့အကြောင်း၊ ပြီးတော့ တရားကို ကျင့်ကြံကြိုးကုတ်အားထုတ်တော့မယ်ဆိုယင် စိတ်ကို ဘယ်ပုံ ဘယ်ပန်း ထားပြီး ကျင့်ကြံကြိုးကုတ်အားထုတ်ရမယ် ဆိုတဲ့ အကြောင်းကို ဟိတောပဒေသလို့ဆိုတဲ့ သင်္ကရိုက်ကျမ်းဂန်တခုထဲမှာ ဂါထာတပုဒ်နဲ့ ညွှန်ပြထားပါတယ်။

အဂျရာ မရဝတ် ပရာဂျိ၊
ဝိဒြာမရတ္ထံ ကျ ကျိန္တယေတ်။
ဂရိဟိတး ဣဝ ကေ ယေ့ယျု၊
မရိတျုနာ ဓရမ္မမာကျရေတ်။

(မှတ်ချက်။ ။သင်္ကရိုက်စာလုံးများမရှိ၍ အသံထွက်ကိုသာ ရေးလိုက်သည်။)

ပရာဂျိ- ပညာရှိသည်၊ အဂျရာ မရဝတ်-မအိုမသေ နေရမည့်ကဲ့သို့၊ ဝိဒ္ဒံ ကျ- အတတ်ပညာကိုရင်း၊ အရတ္ထံ ကျ- ဥစ္စာစီးပွားကိုရင်း၊ ကျိန္တယေတ်- ရှာဖွေဆည်းစုရာ၏။ မရိတျုနာ- သေမင်းသည်၊ ကေယေ့ယျု- ဆံပင်တို့၌၊ ဂရိဟိတး ဣဝ-ဆွဲကိုင်ခံရသူကဲ့သို့၊ ဓရမ္မံ- တရားကို၊ အာကျရေတ်- ကျင့်ကြံကြိုးကုတ်အားထုတ်ရာ၏။

ပြန်ပြောလိုက်ပါအုံးမယ်၊ အတတ်ပညာနဲ့ ဥစ္စာစီးပွားကို ရှာဖွေတော့မယ် ဆိုယင် အသက်တရာတန်းမှာ ကံမကောင်းအကြောင်းမသင့်လို့ ကနေ့နက်ဖြန် အသက်သေချင် သေသွားပါစေ ငါအသက်တရာ မပြည့်ပဲ မသေဘူးဆိုတဲ့စိတ်ကို ထင်း

တင်း ယင်းယင်း ဆောက်တည်ပြီးတော့ရှာဖွေပါ-တဲ့။ တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်တော့မယ် ဆိုယင် အသက်တရာ တန်းမှာ အသက်တရာပြည့်အောင် နေရမယ် ဆိုစေကာမူ ဒီကနေ့ပဲ သေမင်းက ငါ့ဆံပင်ကို လာရောက်ဆွဲငင်နေပြီလို့ အဲဒီလို အမြင်မျိုးနဲ့မြင်ပြီး ဘယဉာဏ် ပြင်းထန်တဲ့စိတ်နဲ့ ကျင့်ကြံကြိုးကုတ် အားထုတ်ပါ-တဲ့။

ဒီကနေ့ ဘုန်းကြီးရဲ့ ရှေ့မှောက်မှာ ရောက်ဆိုက်လာကြတဲ့ ဒကာ ဒကာမတွေကတော့ အတတ်ပညာနဲ့ ဥစ္စာစီးပွားကို ရှာဖွေဖို့ရာ ရောက်လာကြတဲ့ ဒကာ ဒကာမတွေ မဟုတ်ကြပါဘူး။ တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့ရာ ရောက်လာကြတဲ့ ဒကာ ဒကာမတွေသာ ဖြစ်ကြပါတယ်။ အဲဒီတော့ သဒ္ဓါတရား တည်းဟူသော နားတွေ၊ သမာဓိ တည်းဟူသော နားတွေ၊ ခြင်္သေ့ဆီ တည်နိုင်လောက်တဲ့ သိင်္ဂီရွှေခွက် တည်းဟူသော နားတွေ ဖြစ်နေကြပါစေလို့ ဘုန်းကြီးက စေ့စေ့စီးစီး ကြိုတင်ပြီး သတိပေးလိုက်ပါတယ်။

အခု ဒကာ ဒကာမတွေ သဒ္ဓါတရား ပွားသထက်ပွား၊ များသထက် များအောင် ဝမ်းမြောက် ဝမ်းသာ ဖြစ်သထက် ဖြစ်အောင် ဒါနနဲ့စပ်တဲ့ လှူပုံတန်းပုံ အကျိုးရပုံလို့ဆိုတဲ့ အနုမောဒနာ တရားကို ဟောကြားလိုပါတယ်။ အဲဒီ ဒါနနဲ့စပ်တဲ့ လှူပုံ တန်းပုံ အကျိုးရပုံလို့ဆိုတဲ့ အနုမောဒနာ တရားကို စတင်ဖြစ်ပေါ်လာရာ သာဝတ္ထိ နေပြည်တော်ရဲ့ ရှေးက အခြေအနေကိုလဲ ရှေ့တော်ပြေးအဖြစ်နဲ့ ထဲ့ပြီး ပြောပြလိုပါသေးတယ်။

## သာဝတ္ထိပြည် အခြေအနေ

ဒီကနေ့ အိန္ဒိယနိုင်ငံ ဘာရမ်ပူရ်မြို့က နေပြီးတော့ တဆယ့်တစ်မိုင်လောက်ကွာဝေးတဲ့ ခရီးကို သွားလိုက်လို့ရှိယင် ဆရဗတ်ဆတ်လို့ ဆိုတဲ့ နေရာဌာနတခုကို တွေ့ရပါတယ်။အဲဒီနေရာဌာနဟာ တခြားမဟုတ်ပါဘူး။ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်လောက်က သာဝတ္ထိ နေပြည်တော်ကြီး ရယ်လို့ အင်မတန်ထင်ရှားခဲ့တဲ့နေရာဌာန ဖြစ်ပါတယ်။ အဲဒီ သာဝတ္ထိနေပြည်တော်ကြီးဟာလူနေဘယ်လောက်စည်ကားသလဲဆိုတော့ သန်းပေါင်းခုနစ်ဆယ်ရှိပါတယ်။ ကုဋေနဲ့ချီပြီး ပြောရမယ်ဆိုယင် ခုနစ်ကုဋေရှိသတဲ့။အဲဒီ ခုနစ်ကုဋေရှိတဲ့ လူဦးရေထဲမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ခဏခဏ တရားတွေ ဟောကြားထားလို့ အရိယာဘူမိကို ရောက်ရှိနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ သန်းပေါင်းငါးဆယ်ရှိပါတယ်။ ကုဋေနဲ့ ချီပြီး ပြောရမယ်ဆိုယင် ငါးကုဋေရှိသတဲ့။ အဲဒါလောက် လူဦးရေ များပြားတဲ့ သာဝတ္ထိနေပြည်တော်ကြီး ဖြစ်ပါတယ်။ အခု ပြောခဲ့တာတွေဟာ အဋ္ဌကထာ ဆရာတော် ကောက်ပြခဲ့တဲ့ သန်ကောင်စာရင်းအရပါပဲ။

အဲဒီ သန်ကောင်စာရင်းအရ သာဝတ္ထိပြည်ရဲ့လူဦးရေ အရိယာပုဂ္ဂိုလ်တွေရဲ့ အရေအတွက်ကို လွယ်လင့်တကူနဲ့ သိရအောင် ဘုန်းကြီးက ဆောင်ပုဒ်ကလေးတွေ ပြုလုပ်ထားပါတယ်။ အခု အဲဒီ ဆောင်ပုဒ်ကလေးတွေကို ချပေးမယ်။ ကဲ-လိုက်ဆိုကြ။

၁။ သာဝတ္ထိပြည် ခုနစ်ကုဋေ လူနေများလှသည်။
၂။ မြတ်စွာဘုရား ဟောတရား နာကြားကြရသည်။
၃။ ငါးကုဋေမှာ အရိယာ ဖြစ်ခါနေကြသည်။

ဘုရားလက်ထက်တော်က အရိယာ ပုဂ္ဂိုလ်တွေဟာ တနေ့ တနေ့မှာ အဓိကကျတဲ့ လုပ်ငန်းနှစ်ရပ် ရှိပါတယ်။ အဲဒီ လုပ်ငန်းနှစ်ရပ်ဟာ ဘာတွေလဲဆိုတော့—

၁။ မနက်ခင်းမှာ မနက်ခင်းအလိုက် လှူဖွယ် တန်းဖွယ် တွေနဲ့ ကျောင်းတော်ကို သွားကြတယ်။

၂။ ညနေခင်းမှာ ညနေခင်းအလိုက်ပန်းနံ့သာတွေ အဝတ် အထည်တွေ အဖျော် ယမကာ တွေကို ယူဆောင် ပြီးတော့ တရားနာသွားကြတယ်။

အဲဒီလို အဓိကကျတဲ့ လုပ်ငန်းနှစ်ရပ်ရှိပါတယ်။

မြတ်စွာဘုရားရဲ့ လက်ထက်တော် အခါတုန်းက အရိယာ ပုဂ္ဂိုလ်တွေဟာ အဓိကကျတဲ့ လုပ်ငန်း နှစ်မျိုးသာရှိပုံ အဲဒီရှိတဲ့ အလုပ်နှစ်မျိုးကလဲ ဘာတွေတုန်း ဆိုတာကို လွယ်လွယ် ကူကူနဲ့ သိရအောင် ဘုန်းကြီးက ဆောင်ပုဒ်ကလေးတွေ ပြုလုပ်ထား ပါတယ်။ အခု အဲဒီ ဆောင်ပုဒ်ကလေးတွေကို ချပေးမယ်။ ကဲ- လိုက်ဆိုကြ။

၁။ အရိယာများ ကိစ္စကား နှစ်ပါးရှိကြသည်။

၂။ နံနက်ကာလ လှူဒါန ပြုကြလေတော့သည်။

၃။ ညနေချမ်းမှာ နံ့သာပန်းတွေ ဝေဝေဆာဆာ ယူ ဆောင်ကာ တရားနာသွားကြသည်။

အဲဒီလို မှန်မှန်ကြီး တရားတွေဟော၊ မှန်မှန်ကြီး တရားတွေ နာကြလို့ အရိယာ ပုဂ္ဂိုလ်တွေဟာ သာဝတ္ထိ နေပြည်တော်မှာ ငါးကုဋေတောင် ရှိနေတာပေါ့။

## ပထမ ပုဂ္ဂိုလ်

ပြီးတော့ သာဝတ္ထိ နေပြည်တော်သူနေပြည်တော်သားတွေရဲ့ အလေ့အထကောင်းတခု ယှိသေးတယ်။ အဲဒီအခါက ဘာလဲဆိုတော့ အုပ်စုဖွဲ့ပြီး ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းအစရှိတဲ့ အလှူအတန်းတွေ လှူတန်းကြဟဲ့ အလေ့အထပါပဲ။

တနေ့မှာတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အုပ်စုဖွဲ့ပြီး လှူတန်းကြတဲ့ ဒကာ ဒကာမတွေကို လှူပုံ တန်းပုံ အကျိုးရပုံလို့ ဆိုတဲ့အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူလိုတဲ့အတွက် စကားစတော်မူလိုက်ပါတယ်။

ဥပါသကာ ဣဓေကစ္စော အတ္တနာဝ ဒါနံ ဒေတိ၊
ပရံ န သမာဒပေတိ၊
သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ ဘောဂသမ္ပဒံ လဘတိ၊
နော ပရိဝါရသမ္ပဒံ။

ဥပါသကာ—ဒါယကာတို့၊ ဣဓ—ဤလောက၌၊ ဧကစ္စော—အချို့သော ပုဂ္ဂိုလ်သည်၊ အတ္တနာဝ—မိမိကိုယ်တိုင်ကသာလျှင်၊ ဒါနံ—အလှူအတန်းကို၊ ဒေတိ—လှူတန်း၏၊ ပရံ—သူတပါးကို တော့ဖြင့်၊ န သမာဒပေတိ—လှူအောင် တန်းအောင် မတိုက်တွန်း မနှိုးတော်တတ်၊ သော—ထို မိမိကိုယ်တိုင်ကသာလျှင် လှူတန်း၍ သူတပါးကိုတော့ဖြင့် လှူအောင် တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်သော ပထမ တစ်နံပါတ် ပုဂ္ဂိုလ်သည်၊ နိဗ္ဗတ္တ-နိဗ္ဗတ္တဋ္ဌာနေ—ဖြစ်လေရာရာ သံသရာ ဘဝအဆက်ဆက်၌၊ ဘောဂသမ္ပဒံ—စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်းကို၊ လဘတိ—ရ၏၊

ပရိဝါရသမ္ဗုဒ်—အခြံအရံနှင့် ပြည့်စုံခြင်းကို မှုကား၊ နောလဘတိ—မရ။

ဒကာ ဒကာမတို့ ဒီလောကမှာ ပုဂ္ဂိုလ် လေးမျိုးရှိတယ်၊ ပထမ တစ်နံပါတ် ပုဂ္ဂိုလ်ကတော့ မိမိကိုယ်တိုင်ကသာ လှူတယ် တန်းတယ်တဲ့။ သူတပါးကိုတော့ဖြင့် လှူအောင် တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်ဘူးတဲ့။ ကိုယ့်ပစ္စည်းကို ကိုယ်လှူရတာက ပိုင်ပိုင်နိုင်နိုင် ရှိလို့ တာဝန်မလေးဘူး။ သူတပါးရဲ့ ပစ္စည်းကို လှူအောင် တန်းအောင် တိုက်တွန်း နှိုးဆော်ရတာက တာဝန်ကြီးတယ်လို့ ယူဆတဲ့ ပုဂ္ဂိုလ်ပေါ့၊ တာဝန်ကြီး မယူလိုတဲ့ ပုဂ္ဂိုလ်ပါပဲ၊ အဲဒီလို မိမိကိုယ်တိုင်ကသာ လှူတန်းပြီးတော့ သူတပါးကိုတော့ဖြင့် လှူအောင် တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်တဲ့ ပထမ တစ်နံပါတ်ပုဂ္ဂိုလ်ဟာ-ဝါ-တာဝန်ကြီး မယူလိုတဲ့ ပုဂ္ဂိုလ်ဟာ ဖြစ်လေရာရာ သံသရာဘဝအဆက်ဆက်မှာ ပစ္စည်းဥစ္စာနဲ့တော့ဖြင့် ပြည့်စုံပါရဲ့တဲ့။ အခြွေအရံနဲ့တော့ဖြင့် မပြည့်စုံဘူးတဲ့။ တဖက်ကောင်း တဖက်မကောင်း ပါပဲ။

ဒီလောကမှာ ဒီလို ပုဂ္ဂိုလ်တွေ အများကြီး ရှိကြပါတယ်။ တချို့များ ပစ္စည်းဥစ္စာတွေ ပေါလိုက်ထာ များလိုက်ထာ သုံးမကုန် စွဲမကုန်ပါပဲ၊ ထားစရာ သိုစရာ နေရာတောင် မရှိလောက်အောင် ပေါများပါတယ်၊ ဒါပေမယ့် သူတို့မှာ ခိုင်းစရာ စေစရာ အခြွေအရံတော့ မရှိဘူး၊ ညောင်းလို့မှလဲ နင်းနှိပ်ပေးမယ့်သူ မရှိဘူး၊ ရေငတ်လို့မှလဲ ရေကလေး တပေါက် ခပ်တိုက်ပေးမယ့်သူ မရှိဘူး၊ ဆေးလိပ်ကလေး သောက်ချင်လို့မှလဲ ဆေးလိပ်မီးညှိပေးမယ့်သူ မရှိဘူး၊ သူတို့မှာရှိတဲ့ ပစ္စည်းဥစ္စာတွေက နင်းနှိပ်လဲ ပေးကြတာ မဟုတ်ဘူး၊ ရေလဲ ခပ်တိုက်

ပေးကြတာ မဟုတ်ဘူး၊ ဆေးလိပ်လဲ မီးညှိ ပေးကြတာ မဟုတ်ဘူး။

အဲဒီလို ပစ္စည်း ဥစ္စာတွေသာ ပေါများပြီး အခြေအရံက ရှားပါးမယ်ဆိုယင် နေရာ မကျသေးဘူးနော်။ အဲဒါ ပထမ တစ်နံပါတ် ပုဂ္ဂိုလ်ရဲ့ အကျိုးရပုံပ ါပဲ။ လွယ်လွယ်ကူကူ မှတ်ထား ချင်ကြယင် တာဝန်ကြီး မယူလိုတဲ့ ပုဂ္ဂိုလ်ရဲ့ အကျိုးရပုံလို့ မှတ်ထားကြပေတော့။ ဒီ ပထမတစ်နံပါတ် ပုဂ္ဂိုလ်ရဲ့ အကျိုး ရပုံကို လွယ်လွယ်ကူကူနဲ့ သိကြရအောင် ဘုန်းကြီးကဆောင်ပုဒ် ကလေးတွေ ပြုလုပ်ထားပါတယ်။ အခု အဲဒီဆောင်ပုဒ် ကလေး တွေကို ချပေးမယ်။ကဲ-လိုက်ဆိုကြ။

> ၁။ ကိုယ်ကသာလှူ သူများမှု လှူအောင် တန်းအောင် မတိုက်တွန်းပါ။
>
> ၂။ စည်းစိမ်သာများ ခြေရံကား ရှားပါးထိုသူမှာ။

## ဒုတိယ ပုဂ္ဂိုလ်

> ဧကစ္စော အတ္တနာ ဒါနံ န ဒေတိ၊ ပရံ သမာဒပေတိ။
> သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ ပရိဝါရသမ္ပဒံ လဘတိ၊
> နော ဘောဂသမ္ပဒံ။

ဧကစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ အတ္တနာ၊ မိမိကိုယ် တိုင် ကတော့ဖြင့်၊ ဒါနံ၊ အလှူအတန်းကို။ န ဒေတိ၊ မလှူ မတန်း။ ပရံ၊ သူတပါးကိုသာလျှင်။ သမာဒပေတိ၊ လှူအောင် တန်းအောင် တိုက်တွန်းနှိုးဆော်တတ်၏။ သော၊ ထို မိမိကိုယ် တိုင်ကတော့ဖြင့် မလှူမတန်းမူ၍ သူတပါး ကိုသာလျှင်

လှူအောင်တန်းအောင် တိုက်တွန်းနှိုးဆော်တတ်သော ဒုတိယ နှစ်နံပါတ်ပုဂ္ဂိုလ်သည်။ နိဗ္ဗတ္တနိဗ္ဗတ္တဌာနေ၊ဖြစ်လေရာရာ သံသရာ ဘဝအဆက်ဆက်၌။ ပရိဝါရသမ္ပဒါ၊ အခြံအရံနှင့် ပြည့်စုံခြင်း ကို။ လဘတိ၊ ရ၏။ ဘောဂသမ္ပဒါ၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံ ခြင်းကိုမူကား။ နော လဘတိ၊ မရ။

ဒုတိယ နှစ်နံပါတ် ပုဂ္ဂိုလ်ကတော့ မိမိ ကိုယ်တိုင်ကတော့ဖြင့် မလှူမတန်းဘူး တဲ့၊ သူတပါးကိုသာ လှူအောင် တန်းအောင် တိုက်တွန်း နှိုးဆော်တတ်တယ် တဲ့၊ တခါတခါ သူက သူများ လှူတာ တန်းတာကို သွားရောက်ပီး စားသောက် တတ်သေး တယ်။ စားပီးယင် သာဓုကလေးကတော့ ကျယ်ကျယ် ခေါ် တတ်သတဲ့။ သာဓုတန်းက ပုဂ္ဂိုလ်လို့ ဆိုကြပါစို့ရဲ့၊ အဲဒီလို မိမိကိုယ်တိုင်ကတော့ဖြင့် မလှူမတန်းပဲ သူတပါးကိုသာ လှူ အောင် တန်းအောင်တိုက်တွန်းနှိုးဆော်တတ်တဲ့ဒုတိယနှစ်နံပါတ် ပုဂ္ဂိုလ်ဟာ၊ ဝါ- သာဓုတန်းက ပုဂ္ဂိုလ်ဟာ ဖြစ်လေ ရာရာ သံသရာဘဝအဆက်ဆက်မှာ အခြွေအရံနဲ့တော့ဖြင့် ပြည့်စုံပါရဲ့- တဲ့။ ပစ္စည်းဥစ္စာနဲ့တော့ဖြင့် မပြည့်စုံဘူး-တဲ့။ တဖက်ကောင်း တဖက်မကောင်းပါဘဲ။

ဒီလောကမှာ ဒီလိုပုဂ္ဂိုလ်တွေလဲ အများကြီးရှိကြပါတယ်။ တချို့များ အခြွေအရံပရိသတ်တွေ ပေါလိုက်တာ များလိုက် တာ ပြည့်လို့ပါဘဲ။ ပုတို့၊စုတို့၊ခရုတို့ဆိုတာတွေပေါ့။ ဒီဒနားက နှပ်တွဲလောင်းနဲ့ ငိုနေတဲ့သူကတယောက်၊ ဟိုအနားက ဖုံတွေထဲ မှာ လူးလဲနေတဲ့သူကတယောက်၊အခြားတနေရာမှာ ခုန်ပေါက် ပြေးလွှား ကစားနေတဲ့သူကတယောက်၊ အို ပြည့်လို့ ပြည့်လို့။

မရနိုင် မဘွက်နိုင်ပါဘူး။ဒါပေမဲ့ သူတို့မှာပစ္စည်းဥစ္စာကျတော့ ရှားပါးလိုက်တာ၊ ကုန်းကောက်စရာတောင် မရှိဘူး။ မူးလို့ တောင်မှရှူစရာမရှိဘူး။ရှေးလူကြီးများ ပြောသံကြားဘူးတယ်။ "သူတို့များ ဆင်းရဲလိုက်တာ၊မျက်စိကျိန်းလို့ တောင်မှ မျက်စဉ်း သွေးခပ်စရာ—ကြေးပြားကလေးတပြား မရှိဘူး" တဲ့။ အဲဒီလို ဆင်းရဲပုံကို စလေဆရာကြီး ဦးပုည ရေသယ် ပြဇာတ်ထဲမှာ သဘာဝကျကျ သရုပ်ဖော်ထားခဲ့ပါတယ်။

"ခရူဆန်ကျွတ် ခါးဝတ်လွှာချင်း ထမင်းရက်ချန် ရေရက်မှန်နှင့် ကပ်ကျန်မဲ့တေ ဖွတ်ဖိုးအေမျှား နှောင်ပြာ တော်င်ကြီး ပေါက်ကရော့ ပြောင်မြောက်အောင် မဲ့နိုင် တဲ့ ငါ့ကိုယ်နှော်"တဲ့။

အဲ့ဒီလို အခြေအရံတွေနဲ့သာ ပြည့်စုံပြီး ပစ္စည်းဥစ္စာက ရှားပါးမယ်ဆိုရင် နေရာမကျသေးဘူး။အဲဒါ ဒုတိယနှစ်နံပါတ် ပုဂ္ဂိုလ်ရဲ့အကျိုးရပုံပါဘဲ။လွယ်လွယ်ကူကူနဲ့ မှတ်ထားချင်ကြရင် သာဓုတန်းကပုဂ္ဂိုလ်ရဲ့ အကျိုးရပုံကို မှတ်ထားကြပေတော့။ ဒီ ဒုတိယနှစ်နံပါတ်ပုဂ္ဂိုလ်ရဲ့ အကျိုးရပုံကိုလွယ်လွယ်ကူကူနဲ့ သိကြရအောင် ဘုန်းကြီးက ဆောင်ပုဒ်ကလေးတွေပြုလုပ်ထား ပါတယ်။ အခု အဲဒီ ဆောင်ပုဒ်ကလေးတွေကို ချပေးမယ်။ ကဲ—လိုက်ဆိုကြ။

၁။ ကိုယ်ကမလှူ သူများမှ လှူအောင် တန်းအောင် တိုက်တွန်းတာ။

၂။ ခြေရံသာများ စည်းစိမ်ကား ရှားပါးထိုသူမှာ။

## တတိယပုဂ္ဂိုလ်

ကေစွော အတ္တနာ စ န ဒေတိ၊ပရဉ္စ န သမာဒပေတိ။
သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ နေဝ ဘောဂသမ္ပဒံ လဘတိ၊
န ပရိဝါရသမ္ပဒံ။ဝိဃာသာဒေါ ဟုတွာ ဝိစရတိ။

ကေစွော-အချို့သောပုဂ္ဂိုလ်သည်၊ အတ္တနာစ-မိမိကိုယ်တိုင်ကလည်း၊ န ဒေတိ-မလှူမတန်း။ ပရဉ္စ-သူတပါးကိုလည်း၊ န သမာဒပေတိ-လှူအောင် တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်။ သော- ထိုမိမိကိုယ်တိုင်ကလည်း မလှူမတန်းမူ၍ သူတပါးကိုလည်း လှူအောင် တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်သော တတိယသုံးနံပါတ်ပုဂ္ဂိုလ်သည်၊ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ-ဖြစ်လေရာရာ သံသရာ ဘဝအဆက်ဆက်၌၊ ဘောဂသမ္ပဒံ-စည်းစိမ်ဉစ္စာနှင့်ပြည့်စုံခြင်းကို၊ နေဝ လဘတိ-မရသည်သာလျှင်တည်း။ ပရိဝါရသမ္ပဒံ- အခြံအရံနှင့် ပြည့်စုံခြင်းကိုမူလည်း၊ န လဘတိ-မရ။ဝိဃာသာဒေါ-စားကြွင်းစားသည်၊ဟုတွာ-ဖြစ်၍ ဝိစရတိ-သွားလာလှည့်လည်နေရ၏။

တတိယသုံးနံပါတ်ပုဂ္ဂိုလ်ကတော့ မိမိကိုယ်တိုင်ကလဲ မလှူမတန်းဘူး—တဲ့။သူတပါးကိုလဲ လှူအောင်တန်းအောင် မတိုက်တွန်း မနှိုးဆော်တတ်ဘူး—တဲ့။ဘူးနှစ်ဘူး ပုဂ္ဂိုလ်ပါဘဲ။မိမိကိုယ်တိုင်ကလဲ မလှူမတန်းဘူး အဲဒါက တဘူး။ သူတပါးကိုလဲ လှူအောင်တန်းအောင် မတိုက်တွန်းမနှိုးဆော်တတ်ဘူး။အဲဒါက တဘူး။ ဒီနှစ်ဘူးကိုပြောတာပါ။ အဲဒီလို မိမိကိုယ်တိုင်ကလဲ မလှူမတန်း၊ သူတပါးကိုလဲ လှူအောင်တန်းအောင် မတိုက် တွန်း မနှိုးဆော်တတ်တဲ့ တတိယသုံးနံပါတ်ပုဂ္ဂိုလ်ဟာ- ငါ-ဘူး

နှစ်ဘူးပုဂ္ဂိုလ်ဟာ ဖြစ်လေရာရာ သံသရာ ဘဝအဆက်ဆက်မှာ ပစ္စည်းဥစ္စာနဲ့လဲမပြည့်စုံဘူး-တဲ့။ အခြေအရံနဲ့လဲမပြည့်စုံဘူး-တဲ့။ ဒီပုဂ္ဂိုလ်ကတော့ နှစ်ဖက်စလုံးမကောင်းတဲ့ ပုဂ္ဂိုလ်ပါဘဲ။ နေရာတကာ သွားလာလို့ပတ်ပီး သူများစားပီးသား အကြွင်းအကျန်ကို လိုက်လံ တောင်းရမ်း စားသောက်ရတဲ့ စားကြွင်းစား၊ ဝါ-သူတောင်းစားဖြစ်တတ်တယ်-တဲ့။

ဒီလောကမှာ ဒီလိုပုဂ္ဂိုလ်တွေလဲ အများကြီး ရှိကြပါတယ်။ တချို့များပစ္စည်းဥစ္စာကလဲမရှိ၊အခြေအရံကလဲမရှိ၊ငုံးတိတိကြီး တွေသာနေကြရပါတယ်။အဲဒီလိုပုဂ္ဂိုလ်တွေကို ပါဠိလို မနုဿကပဏ၊မနုဿဝရာကလို့ ခေါ်ပါတယ်။ အထီးကျန်ကပ်ပါးဆင်းရဲသား ခိုကိုးရာမဲ့ပုဂ္ဂိုလ်လို့ အဓိပ္ပါယ်ရပါတယ်။ ခပ်ကြမ်းကြမ်း ပြောရမယ် ဆိုရင်တော့ တကောင်ကြွက်လို့ ခေါ်ပါတယ်။ တကောင်ကြွက်ဆိုတဲ့အဓိပ္ပါယ်ကို ပြောပြရအုံးမယ်။ ကြွက်ဖမ်းတဲ့အခါမှာ ကြွက်တကောင်ဟို စူးနဲ့ထိုးထားရတယ်။အဲဒီ စူးထိုးခံရတဲ့ကြွက်ကအော်တော့ ဆွေကြွက်မျိုးကြွက်တွေတပြုံလုံးဝိုင်းအုံလာကြတယ်။ ကြွက်ဖမ်းတဲ့သူက ဝိုင်းအုံလာကြတဲ့ကြွက်တွေကိုဒုတ်နဲ့ရိုက်ယူတော့တာဘဲ။တချို့ကြွက်ကျတော့ စူးထိုးခံရလို့ သူ့ဟာသူသာ အော်နေရတယ်။ ဆွေကြွက် မျိုးကြွက်ဆိုလို့ တကောင်တလေမှ မလာကြဘူး။ အဲဒီကြွက်ဟာ တကောင်ကြွက်ဘဲ။

အဲဒီလို ပစ္စည်းဥစ္စာကလဲမရှိ၊အခြေအရံကလဲမရှိ၊ငုံးတိတိကြီး တကောင်ကြွက်သာဖြစ်နေရမယ်ဆိုရင် သိပ်ကို နေရာမကျဘူး။ အဲဒါ တတိယသုံးနံပါတ်ပုဂ္ဂိုလ်ရဲ့အကျိုးရပုံပါဘဲ။ လူ့ယ်လူ့ယ်

ကူကူမှတ်ထားချင်ရင် ဘူးနှစ်ဘူးပုဂ္ဂိုလ်ရဲ့ အကျိုးရပုံလို့မှတ်ထား ကြပေတော့။ သူတောင်းစားဖြစ်တဲ့လမ်းစဉ်ဟာ ဒီလမ်းစဉ်ပါဘဲ။ ဒီတတိယသုံးနံပါတ်ရဲ့အကျိုးရပုံကို လွယ်လွယ်ကူကူနဲ့သိရအောင် ဘုန်းကြီးက ဆောင်ပုဒ်ကလေးတွေ ပြုလုပ်ထားပါတယ်။ အခု အဲဒီဆောင်ပုဒ်ကလေးတွေကိုချပေးမယ်။ ကဲ–လိုက်ဆိုကြ။

၁။ ကိုယ်လဲမလှူ သူများမှု လှူအောင်တန်းအောင်မတိုက် တွန်းပါ။

၂။ စည်းစိမ်ခြွေရံ ဤနှစ်တန် ကောန့်ရှားမည့်ထိုသူမှာ။

၃။ လှည့်လည် တောင်းစား စားကြွင်းစား ဖြစ်ငြား ကောန့်သာ။

## စတုတ္ထပုဂ္ဂိုလ်

ကေစ္စော အတ္တနာ စဒေတိ၊ ပရေ့ သမာဒပေတိ။ သော နိဗ္ဗတ္တနိဗ္ဗတ္တဌာနေ ဘောဂသမ္ပဒဉ္စေဝ လဘတိ၊ ပရိဝါရသမ္ပဒဉ္စ။

ကေစ္စော-အချို့သောပုဂ္ဂိုလ်သည်၊အတ္တနာ စ-မိမိကိုယ်တိုင် ကလည်း၊ဒေတိ-လှူဘန်း၏။ပရေ့–သူတပါးကိုလည်း၊ သမာဒ ပေတိ- လှူအောင် တန်းအောင် တိုက်တွန်း နှိုးဆော်တတ်၏။ သော–ထိုမိမိကိုယ်တိုင်ကလည်း လှူတန်း သူတပါးကိုလည်း လှူအောင်တန်းအောင် တိုက်တွန်းနှိုးဆော်တတ်သော စတုတ္ထ လေးနံပါတ် ပုဂ္ဂိုလ်သည်၊ နိဗ္ဗတ္တ နိဗ္ဗတ္တဌာနေ- ဖြစ်လေရာရာ သံသရာ ဘဝအဆက်ဆက်၌၊ ဘောဂသမ္ပဒဉ္စေဝ- စည်းစိမ်ဉစ္စာ နှင့်ပြည့်စုံခြင်းကိုရင်း၊ ပရိဝါရသမ္ပဒဉ္စ- အခြံအရံနှင့် ပြည့်စုံခြင်းကို ၎င်း၊ လဘတိ-ရ၏။

စတုတ္ထ လေးနံပါတ် ပုဂ္ဂိုလ်ကတော့ မိမိ ကိုယ်တိုင်ကလဲ လှူတယ်တန်းတယ်-တဲ့။ သူတပါးကိုလဲ လှူအောင်တန်းအောင် တိုက်တွန်း နှိုးဆော်တတ်တယ်-တဲ့။ ပညာရှိ သူတော်ကောင်း သဘောအတော်သက်ဝင်တဲ့ပုဂ္ဂိုလ်ပါဘဲ။ အဲဒီလို မိမိကိုယ်တိုင် ကလဲ လှူတန်း၊သူတပါးကိုလဲ လှူအောင် တန်းအောင်တိုက် တွန်းနှိုးဆော်တတ်တဲ့ စတုတ္ထလေးနံပါတ်ပုဂ္ဂိုလ်ဟာ၊ ဝါ-ပညာရှိ သူတော်ကောင်းသဘော အဘော်သက်ဝင်တဲ့ ပုဂ္ဂိုလ်ဟာ ဖြစ် လေရာရာ သံသရာဘဝအဆက်ဆက်မှာ ပစ္စည်းဥစ္စာနဲ့လဲပြည့်စုံ တယ်။ အခြွေအရံပရိသာတ်နဲ့လဲပြည့်စုံတယ်။ ဒီပုဂ္ဂိုလ်ကတော့ နှစ်ဖက်စလုံးကို ကောင်းတဲ့ ပုဂ္ဂိုလ်ပါဘဲ။ နှစ်ဖက်လှပုဂ္ဂိုလ်လို့ ဆိုကြပါစို့ရဲ့။

ဒီလောကမှာ ဒီလိုပုဂ္ဂိုလ်တွေလဲ အများကြီးရှိကြပါတယ်။ တချို့များ ပြည့်စုံလိုက်ကြတာ စားစရာ သောက်စရာ အစား ကောင်း အသောက်ကောင်းတွေ၊ ဝတ်စရာ ဆင်စရာ အဝတ် ကောင်း အဆင်ကောင်းတွေ၊ နေစရာ ထိုင်စရာ အိမ်ကောင်း တိုက်ကောင်းတွေ၊ အဲဒီလို စားဝတ်နေရေးနဲ့တကွ သုံးစရာ ဆောင်စရာ အသုံးအဆောင်ကောင်းတွေ၊ သွားစရာ လာစရာ ယာဥ်ရထား မော်တော်ကားကောင်းတွေ၊ အို ဘာမဆို လိုလေ သေးမရှိရအောင်ကို ပြည့်စုံကြပါတယ်။ ဘယ်လောက်ကောင်း သလဲ။ အဲဒီလိုပုဂ္ဂိုလ်တွေကို မျက်နှာကြီးတွေ၊ အထက်တန်းလွှာ တွေလို့ ဒီလောက က ခေါ်ကြပါတယ်။ သူတို့ကလဲ မျက်နှာ ကြီးအောင်၊ အထက်တန်းလွှာ ဖြစ်အောင်ကို ပြုလုပ်ခဲ့ကြ တာကိုး။

အဲဒီလို ပစ္စည်းဥစ္စာနဲ့လဲပြည့်စုံ၊ အခြွေအရံ ပရိသတ်နဲ့လဲ ပြည့်စုံမှ တကယ်နေရာကျပါတယ်။ သိပ်ကိုကောင်းပါတယ်။ အဲဒါ စတုတ္ထ လေးနံ့ပါတ်ပုဂ္ဂိုလ်ရဲ့ အကျိုးရပုံပါဘဲ။ တနည်းအားဖြင့် မှတ်ထားချင်ကြသေးရင် ပညာရှိ သူတော်ကောင်း သဘော အတော်သက်ဝင်တဲ့ ပုဂ္ဂိုလ်ရဲ့အကျိုးရပုံလို့ မှတ်ထားကြပေတော့။ စတုတ္ထ လေးနံ့ပါတ် ပုဂ္ဂိုလ်မျိုးဖြစ်အောင် ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ ဒီစတုတ္ထ လေးနံ့ပါတ်ပုဂ္ဂိုလ်ရဲ့ အကျိုးရပုံကို လွယ်လွယ်ကူကူနဲ့ သိရအောင် ဘုန်းကြီးက ဆောင်ပုဒ်ကလေးတွေ ပြုလုပ်ထားပါတယ်။ အခု အဲဒီဆောင်ပုဒ်ကလေးတွေကို ချပေးမယ်။ ကဲ—လိုက်ဆိုကြ။

၁။ ကိုယ်ကလဲလှူ သူများ မှု လှူအောင် တန်းအောင် တိုက်တွန်းတာ။

၂။ စည်းစိမ်ခြွေရံ ဤနှစ်တန် ကေန်များမည် ထိုသူမှာ။

မြတ်စွာဘုရားက အဲ့ပ်စုဖွဲ့ပြီး လှူကြတန်းကြတဲ့ သာဝတ္ထိ နေပြည်တော်သူ နေပြည်တော်သား ဒကာ ဒကာမများကို ဒီလို လှူပုံတန်းပုံ အကျိုးရပုံလို့ဆိုတဲ့ အနုမောဒနာ တရား ဟောကြားချီးမြှင့်တော်မူလိုက်ပါတယ်။

ဒကာ ဒကာမတို့- အဲဒီ လှူပုံတန်းပုံ အကျိုးရပုံလို့ ဆိုတဲ့ အနုမောဒနာတရားအတိုင်း စတုတ္ထလေးနံ့ပါတ် ပုဂ္ဂိုလ်မျိုးဖြစ်ကြရင် ဖြစ်လေရာရာ သံသရာဘဝအဆက်ဆက်မှာ သူများတကာတွေ ဘယ်လောက်ရှားပါးနေနေ မိမိတို့ကတော့ကောင်းကောင်းမွန်မွန် စားကြရ သောက်ကြရမယ်။ ကောင်းကောင်းမွန်မွန် ဝတ်ကြရ ဆင်ကြရမယ်။ ကောင်းကောင်းမွန်မွန် နေကြရ ထိုင်ကြရ

မယ်။ ကောင်းကောင်းမွန်မွန် သွားကြရ လာကြရမယ်။ကောင်းကောင်းမွန်မွန် ပေါင်းသင်းဆက်ဆံကြရမယ်။ အစစအရာရာ အဆင်ပြေမှုတွေဖြစ်ကြရမှာပဲ။ ဒါ့ကြောင့် မိမိကိုယ်တိုင်ကလဲ လူ့ဒါန်း၊ သူတပါးကိုလဲ လူ့အောင် လူ့တန်းအောင် တိုက်တွန်းနှိုးဆော်တတ်တဲ့ စတုတ္ထလေးနံပါတ် ပုဂ္ဂိုလ်လို့ ဆိုတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဖြစ်ကြရအောင် ကြိုးစားကြပါလို့ ဘုန်းကြီးက မေတ္တာရှေ့ထားပြီး တိုက်တွန်းစကားပြောကြားလိုက်ပါတယ်။

## တရားသိမ်း

ဒီမှာပဲ ဒါနနဲ့စပ်တဲ့ လူ့ပုံတန်းပုံ အကျိုးရပုံလို့ ဆိုတဲ့ အနုမောဒနာတရား ဟောကြားလို့ ပြီးဆုံးပါပြီ။တရားကို ဆုတောင်းကလေးနဲ့ သိမ်းကြရအောင် —ကဲလိုက်ဆိုကြ။

၁။ တရားဟောရ မြတ်ပုညကြောင့်၊ တရားနာရ မြတ်ပုညကြောင့် ဒုက္ခခပ်သိမ်း ငြိမ်းစေခလို ဆုပန်ဆို လူပိုလ်သတ္တဝါ။

၂။ အနာမျိုးကင်း မိုးမင်းသည်းထန် နိုင်ငံခပ်သိမ်း တရားထိန်း ငြိမ်းစေအဖြာဖြာ။

၃။ ရှစ်သောင်းလေးထောင် တရားရောင်လည်း မိုက်မှောင်ပယ်ထွန်း ထိန်ထိန်ရွန်း ထွန်းစေသာသနာ။

၄။ ဤသာသနာ မှီကာသာလျှင် ခေမာပူရ အမတကြွင်းနိဗ္ဗာန်နန်း မြန်းစို့ဒို့သူငါ။

အမတကြွင့်နိုး နိဗ္ဗာန်နန်းသို့ စံမြန်းခိုလှုံကြရသော ပရိနိဗ္ဗာန စုတိစိတ်မှ နောက်ကာလဝယ် တစုံတခုသော ဘဝ၊ ဂတိ၊ ယောနိ၊ ဝိညာဏဋ္ဌိတိ၊ သတ္တာဝါသ၊ သတ္တနိကာယမှာမှ ရုပ်နာမ် နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့တဖန်မဖြစ်ခြင်း အနုပ္ပါဒ နိရောဓ အနုပ္ပါဒပရိနိဗ္ဗာန်ကိုယ်စီစံကြရ၍ ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာမီးတောက် မီးပုံကြီး အပြီးတိုင် ငြိမ်းကြ ချုပ်ကြ ငြိမ်းချုပ်ကြပါစေကုန် သတည်း။

ပြီးပြီ။

---

# ( ၉ )

# ချမ်းသာချင် မဂ္ဂင်ကျင့်

## အမေး အဖြေ

အခု တရားနာနေကြတဲ့ ပရိသာတ်ကိုလေ ဘုန်းကြီးက မေးချင်ပါတယ်။ ဘယ်လိုမေးချင်သလဲဆိုတော့—

၁။ ချမ်းသာချင်ကြသလား။

၂။ ဆင်းရဲချင်ကြသလား။

ဒီအမေးနှစ်ခုပါပဲ။

ဒီအမေးနှစ်ခုကို ဘုန်းကြီးက မေးလို့သာ မေးရပါတယ်။ အမှန်မှာတော့ တရားနာပရိသတ်တွေရဲ့ ဖြေမဲ့အဖြေကို ဘုန်းကြီးက ကြိုတင်သိနှင့်ထားပြီးသားဖြစ်ပါတယ်။

၁။ ချမ်းသာချင်ကြပါတယ်ဘုရား။

၂။ လုံးလုံးကို မဆင်းရဲချင်ကြပါဘူးဘုရား။

ဒီလို ဖြေကြမှာပဲ မဟုတ်ဖူးလား။

## ချမ်းသာလေးမျိုး

ကောင်းပြီ၊ချမ်းသာချင်ကြတယ်ဆိုတော့ ချမ်းသာအမျိုးမျိုးကို ခွဲပြအုံးမယ်။ ချမ်းသာတာက လေးမျိုးရှိပါတယ်။ လေးမျိုးက ဘာတွေလဲဆိုရင်—

၁။ လူချမ်းသာရယ်။

၂။ နတ်ချမ်းသာရယ်။

၃။ ဗြဟ္မာချမ်းသာရယ်။

၄။ နိဗ္ဗာန်ချမ်းသာရယ်။

ဒီလေးမျိုးပါပဲ။

## လူချမ်းသာ

ဒီလေးမျိုးထဲက လူချမ်းသာဆိုတာ ဘာလဲ။ ပစ္စည်းဥစ္စာ ရတနာ ရွှေ ငွေ ခြံ မြေ တိုက်တာ လယ်ယာ ဥယျာဉ် အစရှိတဲ့ဟာတွေပေါ့။ ဒါတွေရှိရင် လောကမှာချမ်းသာတယ်လို့ ခေါ်ကြတယ်။ အမှန်စင်စစ်တော့ ဒါတွေရှိတဲ့အတွက် တကယ် ချမ်းသာတာပဲလို့တော့မပြောနိုင်သေးဘူး။ဒါတွေရှိလို့ ပိုပြီးတော

ဆင်းရဲနေကြရသေးတယ်။ ဒီပစ္စည်းဥစ္စာတွေက လောကီ ပစ္စည်း ဥစ္စာတွေပဲ။လောကီ ပစ္စည်းဥစ္စာတွေဆိုတာ ရန်သူမျိုးတွေနဲ့ ဆက်ဆံနေလို့ ပျက်စီးဆုံးပါးသွားနိုင်တယ်။ အဲဒီလို ပျက်စီးဆုံး ပါးသွားတဲ့အခါ သာပီးတော့တောင်မှ ဆင်းရဲရသေးတယ်။ ဒါပေမဲ့ဒီပစ္စည်းဥစ္စာတွေရှိရင် လူချမ်းသာလို့ပဲ ခေါ်ကြပါစို့ရဲ့။

## နတ်ချမ်းသာ

နတ်ချမ်းသာဆိုတာကတော့ဘာလဲ။နတ်ထဲမှာတော့သိကြား မင်းကြီးဟာ အချမ်းသာဆုံးပေါ့။ အဲဒီ သိကြားမင်းကြီးဟာ နေတဲ့အခါမှာ အလျားယူဇနာခြောက်ဆယ်၊ အနံယူဇနာ ငါး ဆယ်၊အထုယူဇနာတဆယ့်ငါးရှိတဲ့ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ ကြီးနဲ့နေရတယ်။ သွားတဲ့အခါမှာ ရှေ၀ဏ်ဆင်ကြီးတပ်တဲ့ ဝေဇယန္တာပြသာဒ်ရထားကြီးနဲ့သွားရတယ်။ ရှေ၀ဏ်ဆင်ကြီး ကလဲ ယူဇနာနှစ်ရာ့ငါးဆယ်ရှိတယ်။ ဝေဇယန္တာပြသာဒ်ရထား ကြီးကလဲ ယူဇနာနှစ်ရာ့ငါးဆယ်ရှိတယ်။ ရထားနဲ့ ဆင်ဟာ အင်မတန် အဆင်ပြေတာပဲ။ ပီးတော့ အလွန်ပျော်မွေ့ဘွယ်ရာ ကောင်းတဲ့ နန္ဒဝန်ဥယျာဉ်တို့၊ စိတ္တလတာဥယျာဉ်တို့၊ဖါရုသက ဥယျာဉ်တို့၊မိဿကဥယျာဉ်တို့ဆိုတဲ့ ဥယျာဉ်တွေလဲရှိတယ်၊အဲဒီလို အဖက်ဖက်က လိုလေသေးမရှိရအောင်ကို ပြည့်စုံတယ်။ဒါပေမဲ့ ဒီသိကြားမင်းကြီးဟာ တနေ့ကျတော့ သေရသေးတာပဲ။ အဲဒီ တော့ သိကြားမင်းကြီးရဲ့ စည်းစိမ်ချမ်းသာဟာလဲ တကယ့် စည်းစိမ်ချမ်းသာ အစစ်အမှန် မဟုတ်သေးဘူး။ ဒါပေမယ့် ထားပါတော့ ဒီစည်းစိမ် ချမ်းသာတွေရှိယင် နတ်ချမ်းသာ လို့ပဲ ခေါ်ကြပါစို့ရဲ့။

## ဗြဟ္မာ ချမ်းသာ

ဗြဟ္မာချမ်းသာ ဆိုတာကတော့ ဘာလဲ ဗြဟ္မာတွေဟာ မိန်းမရယ်၊ ယောကျ်ားရယ်လို့ မယ်မယ်ရရ မရှိကြဘူး၊ အဲဒီလို မယ်မယ်ရရ မရှိကြတဲ့အတွက် မိန်းမတွေရဲ့ တွေ့ကြုံခံစားရတတ်တဲ့ ဆင်းရဲဒုက္ခတွေ ယောကျ်ားတွေရဲ့ တွေ့ကြုံခံစားရတတ်တဲ့ ဆင်းရဲဒုက္ခတွေ မရှိကြဘူး၊ ပြီးတော့ ဗြဟ္မာတွေဟာ လူတွေလိုစားမှု၊ ဝတ်မှု၊ နေမှုလို့ဆိုတဲ့ စားဝတ် နေရေးတွေအတွက်လဲ မပူပင်ကြရဘူး၊ ကာမရာဂကို ဝိက္ခမ္ဘနသတ္တိနဲ့ ပယ်သတ်ထားလို့ ဗြဟ္မာအဖြစ်နဲ့ ကာမရာဂပူတွေလဲ မပူကြရတော့ဘူး၊ ဘယ်လောက် နေရာကျသလဲ သိပ်ကောင်းတာပဲနော်။ ဒါပေမယ့် ဒီဗြဟ္မာကြီးတွေဟာလဲ သူတို့သက်တန်းစေ့တော့ သေကြရသေးတာပဲ။ ဒါ့ကြောင့် ဗြဟ္မာကြီးတွေရဲ့ ချမ်းသာဟာလဲ တကယ့်ချမ်းသာစစ် ချမ်းသာမှန်လို့ မခေါ်နိုင်သေးဘူး၊ ဒါပေမယ့်ထားပါတော့ ဒီလိုဒုက္ခတွေနဲ့ ဝေးကွာပြီး ချမ်းသာနေတဲ့အတွက် ဗြဟ္မာချမ်းသာလို့ ခေါ်ကြပါစို့ရဲ့။

## နိဗ္ဗာန် ချမ်းသာ

နိဗ္ဗာန်ချမ်းသာဆိုတာကကောဘာလဲ၊နိဗ္ဗာန်ဆိုတာ ရုပ်နာမ်ခန္ဓာ မရှိတဲ့အတွက်ရုပ်နာမ်ခန္ဓာနဲ့ ပတ်သက်ပြီး ဆင်းရဲဒုက္ခတွေ မခံရတော့ဘူး။ အဲဒါချမ်းသာပဲ အဲဒီ ချမ်းသာကို နိဗ္ဗာန်ချမ်းသာလို့ ခေါ်တယ်။ ခုနက ပြောခဲ့တဲ့လူချမ်းသာတို့ နတ်ချမ်းသာတို့ ဗြဟ္မာချမ်းသာတို့ ဆိုတာ အိုမှု၊ နာမှု၊ သေမှုနဲ့ မကင်းသေးပါဘူး။ ဒါ့ကြောင့် ဒီလူနတ် ဗြဟ္မာတို့ရဲ့ ချမ်းသာတွေကို တကယ်ချမ်းသာစစ် ချမ်းသာမှန်လို့ မခေါ်နိုင်ပါဘူး။ အခု

ပြောခဲ့တဲ့ နိဗ္ဗာန်ချမ်းသာကိုမှ တကယ် ချမ်းသာစစ် ချမ်းသာမှန်လို့ ခေါ်နိုင်ပါတယ်။ အဲဒီ တကယ်ချမ်းသာစစ်ချမ်းသာမှန်ဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ရချင်ယင် လိုချင်ယင် နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်းကောင်းလို့ ဆိုတဲ့ မဂ္ဂင်တရားကို ကြိုးစားအားထုတ်ကြရမယ်။

## မဂ္ဂင် ရှစ်ပါး

မဂ္ဂင်တရားက ဘယ်နှစ်ပါး ရှိသလဲဆိုယင် ရှစ်ပါးရှိပါတယ်၊ အဲဒီရှစ်ပါးက ဘာတွေလဲဆိုယင်—

၁။ သမ္မာဒိဋ္ဌိ- အမြင်မှန်တရား၊
၂။ သမ္မာသင်္ကပ္ပ- အကြံမှန်တရား၊
၃။ သမ္မာဝါစာ- အပြောမှန်တရား၊
၄။ သမ္မာကမ္မန္တ- အလုပ်မှန်တရား၊
၅။ သမ္မာအာဇီဝ- အသက်မွေးမှန်တရား၊
၆။ သမ္မာဝါယမ- အားထုတ်မှန်တရား၊
၇။ သမ္မာသတိ-အောက်မေ့မှန်တရား၊
၈။ သမ္မာသမာဓိ- တည်ကြည်မှန်တရား၊

ဒီ ရှစ်ပါးပါပဲ။

ဒီ ရှစ်ပါးကို တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းကျကျ သိရအောင် လင်္ကာဆောင်ပုဒ်ကလေးကို ချပေးမယ်၊ ကဲ-လိုက်ဆိုကြ။

မှန်စွာမြင်သိ၊ မှန်ဘိအကြံ၊ မှန်ကန်ဆိုပြော၊ မှန်သောအပြု၊ မှန်မှုသက်မွေး၊ မှန်ရေးအားထုတ်၊ မှန်ဟုတ်အောက်မေ့၊ မှန်ပေ့တည်ပြန်၊ ဤရှစ်တန်သည်၊ နိဗ္ဗာန်ရောက်ဖို့၊ ကျင့်လမ်းတည်း။

ပြီးပြီ။

# ( ၁၀ )

# နိဗ္ဗာန်နဲ့
# နိဗ္ဗာန်ရောက်ကြောင်းအကျင့်

## စကား ပလ္လင်

ငါ့ရှင်— နိဗ္ဗာန် နိဗ္ဗာန်လို့ ပြောကြတယ်၊ အဲဒီ နိဗ္ဗာန်က ဘာတုန်းတဲ့၊ ဇမ္ဗူခါဒက ပရိဗိုဇ်ကြီးက အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို မေးလိုက်တဲ့အမေးပါပဲ။

ဒီအမေးဟာ အခုကာလ သူသူငါငါ လူတကါတွေ ပြောဆို နေကြတဲ့ နိဗ္ဗာန်ကို မှန်မှန်ကန်ကန် သိဖို့ရာနဲ့ နိဗ္ဗာန်ကို လိုလား ကြတဲ့ သူတွေရဲ့ကိုယ်စား မေးလိုက်တဲ့ အမေးပဲလို့ အောက်မေ့ ကြပါစို့ရဲ့။

ဒီလောကမှာ ဗုဒ္ဓဘာသာတွေမှန်သမျှ နိဗ္ဗာန်ဆိုတဲ့ စကားကို ခဏခဏ မနားတန်း မအားတန်း ပြောဆိုကြတယ် မဟုတ်လား၊ တချို့ကလဲ သစ်သီးတလုံး၊ ပန်းတပွင့်၊ ရေတမှုတ် လောက်ကို ဘုရားရှေ့မှာတင်ပြီး နိဗ္ဗာန်စကား ပြောကြားကြတယ်၊ တချို့ ကလဲ မဏ္ဍပ်ကန္နားထိုး အလှူကြီး အတန်းကြီး ပေးပြီး နိဗ္ဗာန် စကား ပြောကြားကြတယ်၊ တချို့ကလဲ သီလကိုဆောက်တည် သမထ ဝိပဿနာ ဘာဝနာတရားကို ကြိုးစားအားထုတ်ပြီး နိဗ္ဗာန်စကား ပြောကြားကြတယ်၊ ဤကောင်းမှု ဤကုသိုလ်

ကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုကြရပါလို၏လို့ ဆုတောင်းကြတာဟာ နိဗ္ဗာန်စကား ပြောကြားကြတာပေါ့၊ အဲဒီနိဗ္ဗာန်က ဘာတုန်း-တဲ့။

ဒီအမေးကလေးနဲ့ စတင်ပီး ပြောကြားလိုက်တဲ့ တရားဒေသနာတော်ကတော့ သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်လာ နိဗ္ဗာနပဉှာသုတ် တရားဒေသနာတော် ဖြစ်ပါတယ်၊ အဲဒီတရားဒေသနာတော်က ဘာတွေကို အဓိကအားဖြင့် ဖော်ပြထားသလဲဆိုတော့ (၁) နိဗ္ဗာန်နဲ့ (၂) နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်းစဉ်တရားတွေကို ဖော်ပြထားတယ်၊ အခု ဒီတရားဒေသနာတော်ကို ဟောကြစို့။ ဒီတရားဒေသနာတော်ကို နာကြစို့။

## ဒေသနာ နိဒါန်း

ဒီတရားဒေသနာတော်ဟာ ဘယ်အချိန် ဘယ်ကာလက ဘယ်နေရာ ဘယ်ဌာနမှာ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတယ်ဆိုတဲ့ အကြောင်းကို ပဌမ သံဂါယနာတင် အရှင်အာနန္ဒာ မထေရ်မြတ်က—ဧကံ သမယံ အာယသ္မာ သာရိပုတ္တော မဂဓေသု ဝိဟရတိ နာလကဂါမကေ၊ အစရှိတဲ့ နိဒါန်းကို ဖေါ်ပြတော်မူခဲ့တယ်။

တချိန်တုန်းက အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးဟာ မဂဓတိုင်းထဲက မိမိမွေးရာဖြစ်တဲ့ နာလကရွာမှာ သီတင်းသုံးနေတော်မူတယ်၊ အဲဒီ အခိုက်အတန့်မှာ အရှင်သာရိပုတ္တရာ ကိုယ်တော် မြတ်ကြီးရဲ့ တူဖြစ်တဲ့ ဇမ္ဗုခါဒက ပရိဗိုဇ်ကြီးက အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးရဲ့ အနီး အပါးမှာ

ချဉ်းကပ်ပြီး ဝမ်းမြောက်ဝမ်းသာနဲ့ တသက်ပတ်လုံး မမေ့နိုင် လောက်တဲ့သာရဏီယတရားစကားတွေကို ပြောဆိုလျှောက်ထား နေတယ်။

သာရဏီယ တရားတွေဆိုတာ ခြောက်ပါး ရှိတယ်လို့ ကျမ်းဂန်များမှာ ဖော်ပြထားတယ်။

## သာရဏီယ တရားခြောက်ပါး

၁။ မေတ္တာ ရှေ့သွားရှိတဲ့ ကာယကံ၊

၂။ မေတ္တာ ရှေ့သွားရှိတဲ့ ဝစီကံ၊

၃။ မေတ္တာ ရှေ့သွားရှိတဲ့ မနောကံ၊

၄။ စာဂတရား၊

၅။ သီလတရား၊

၆။ ပညာတရား၊

ဒီခြောက်ပါးပါပဲ။

ဒီခြောက်ပါးဟာ သာရဏီယ တရားတွေ ဖြစ်ပါတယ်။ ဒီသာရဏီယ တရားခြောက်ပါးကို အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက လက်ာငယ်ကလေးနဲ့ သိလွယ် အောင် ပြထားတော်မူတယ်။

မေတ္တာရှေ့သွား ကံသုံးပါးနှင့် တခြားသုံးဝ စာဂသီလာ မြတ်ပညာသည် မှတ်ပါသာရဏီယ တရားတည်းတဲ့။

ဒီသာရဏီယ တရား တွေနဲ့ ပြည့်စုံကြလို့ ရှိယင် လောကမှာ လူတွေဟာ တယောက်နဲ့ တယောက် တဦးနဲ့ တဦး အသွေးသမြင့် ချင်ခင်ကြင်နာကြမယ်၊ ပေါင်းသင်း ဆက်ဆံရေးတွေလဲ အဆင်

မပြောဘူးရယ်လို့ မဖြစ်နိုင်ကြတော့ဘူး နေရာတကာ ညီညွတ်ရေးတွေ ရသွားကြမယ်။

ပေါင်းသင်းဆက်ဆံရေးနဲ့ ညီညွတ်ရေးကို မြတ်နိုးသူတိုင်း ဒီသာရဏီယ တရားတွေနဲ့ ပြည့်စုံရမယ်ဆိုတဲ့ အကြောင်းကိုလဲ မဟာစည် ဆရာတော် ဘုရားကြီးကပဲ ရှစ်လုံးဖွဲ့ ကဗျာတွေနဲ့ ဆက်လက်ပြီးတော့ ပေါ်လွင်ထင်ရှားအောင်ပြထားသေးတယ်။

၁။ မေတ္တာရှေ့ရှု ကိုယ်မှုထင်လျှင်။
သူ့ဂုဏ်အောက်မေ့ ညဥ့်နေ့အစဉ်။
ရှိသေလေးစား သနားခင်မင်။
ညီညွတ်ရေး အားပေးထာဝစဉ်။

၂။ မေတ္တာရှေ့သွား စကားချိုလျှင်။
သူ့ဂုဏ်အောက်မေ့ ညဥ့်နေ့အစဉ်။
ရှိသေလေးစား သနားခင်မင်။
ညီညွတ်ရေး အားပေးထာဝစဉ်။

၃။ မေတ္တာရှေ့သွား စိတ်ထားဖြူလျှင်။
သူ့ဂုဏ်အောက်မေ့ ညဥ့်နေ့အစဉ်။
ရှိသေလေးစား သနားခင်မင်။
ညီညွတ်ရေး အားပေးထာဝစဉ်။

၄။ ဝေဖန်ပေးစွန့် မဘွန့်တိုလျှင်။
သူ့ဂုဏ်အောက်မေ့ ညဥ့်နေ့အစဉ်။
ရှိသေလေးစား သနားခင်မင်။
ညီညွတ်ရေး အားပေးထာဝစဉ်။

၅။ အရိယာနှင့် ကိုယ်ကျင့်တူလျှင်။
သူ့ဂုဏ်အောက်မေ့ ညဉ့်နေ့အစဉ်။
ရှိသေလေးစား သနားခင်မင်။
ညီညွတ်ရေး အားပေးထာဝစဉ်။
၆။ အရိယာနှင့် ဉာဏ်ဖြင့်တူလျှင်။
သူ့ဂုဏ်အောက်မေ့ ညဉ့်နေ့အစဉ်။
ရှိသေလေးစား သနားခင်မင်။
ညီညွတ်ရေး အားပေးထာဝစဉ်။

ဇမ္ဗူခါဒက ပရိဗိုဇ်ကြီးက တသက်ပတ်လုံး အောက်မေ့ထိုက်တဲ့ သာရဏီယ တရားများကို ပြောကြားပြီးတော့ ထောင့်စွန်း တခုမှာ ထိုင်နေတယ်၊ ထောင့်စွန်းဆိုတာအပြစ်ခြောက်ပါး လွတ်တဲ့ နေရာအရပ်ကို ဆိုလိုတယ်၊ ဒီနေရာမှာ အပြစ် ခြောက်ပါးကို ကျမ်းဂန်များမှာ ပြထားတဲ့အတိုင်း သိကြအုံးစို့လား။

## အပြစ်ခြောက်ပါး

၁။ ရှေ့တဲ့တဲ့ နေရာအရပ်၊
၂။ နောက်တဲ့တဲ့ နေရာအရပ်၊
၃။ မြင့်တဲ့ နေရာအရပ်၊
၄။ လေညာဖြစ်တဲ့ နေရာအရပ်၊
၅။ ဝေးလွန်းတဲ့ နေရာအရပ်၊
၆။ နီးလွန်းတဲ့ နေရာအရပ်၊
ဒီ ခြောက်ပါးပါပဲ။

ဒီခြောက်ပါးဟာ အပြစ်မလွတ်တဲ့ အပြစ်ရှိတဲ့ နေရာအရပ်တွေပါပဲ။

## အမေးအဖြေ

အဲဒီ ရှေ့နောက်မြင့်ရာ လေညာဝေးနီးလို့ဆိုတဲ့ အပြစ်ခြောက်ပါး လွတ်တဲ့ နေရာအရပ်မှာ ထိုင်နေတဲ့ ဇမ္ဗုခါဒက ပရိဗိုဇ်ကြီးက အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်း အကျင့် လမ်းစဉ် တရားစကားတွေကို မေးမြန်းလျှောက်ထားလိုက်တယ်။

(ဇမ္ဗုခါဒက) ငါ့ရှင် သာရိပုတ္တရာ ခုလောကမှာ သူသူငါငါ လူတကာတွေက နိဗ္ဗာန် နိဗ္ဗာန်လို့ ဆိုတဲ့စကားကို မနားတန်း မအားတန်း တဖွဖွနဲ့ ခဏခဏ ပြောဆိုနေကြတယ်၊ အဲဒီ နိဗ္ဗာန်က ဘာတုန်းတဲ့။

(သာရိပုတ္တရာ)။ ငါ့ရှင် ဇမ္ဗုခါဒကပရိဗိုဇ်-ရာဂကုန်ရာ ကုန်ကြောင်းဖြစ်တဲ့တရား၊ ဒေါသကုန်ရာကုန်ကြောင်းဖြစ်တဲ့တရား၊ မောဟကုန်ရာကုန်ကြောင်းဖြစ်တဲ့တရား၊ အဲဒီတရားဟာ နိဗ္ဗာန်ပါဘဲ။

အဲဒီလို ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ဇမ္ဗုခါဒက ပရိဗိုဇ်ကြီးကို သေချာဂန သဘောကျအောင် ဟောပြဖြေဆိုတော်မူလိုက်တယ်။

(အမေး) နိဗ္ဗာန်ဆိုတာ ဘယ်လိုဟာဘာကိုခေါ်သနည်း။

(အဖြေ) ၁။ ရာဂကုန်ရာ နိဗ္ဗာန်ပါ သေချာ မှတ်လေတည်း။

၂။ ဒေါသ ကုန်ရာ နိဗ္ဗာန်ပါ သေချာမှတ်လေတည်း။

၃။ မောဟကုန်ရာ နိဗ္ဗာန်ပါ သေချာ မှတ်လေတည်း။

(ဇမ္ဗုခါဒက) ငါ့ရှင်သာရိပုတ္တရာ—အဲဒီ နိဗ္ဗာန်ကို ကြေန် ထုတ်ချောက် မျက်မှောက်ပြုနိုင်ဖို့ရန်အတွက် အကျင့်လမ်းစဉ် တရားတွေ ထင်ထင်ရှားရှားရှိပါသလား။

(သာရိပုတ္တရာ) ငါ့ရှင် ဇမ္ဗုခါဒကပရိဗိုဇ်—နိဗ္ဗာန်ကို ကေန် ထုတ်ချောက် မျက်မှောက်ပြုနိုင်ဖို့ရန်အတွက် အကျင့်လမ်းစဉ် တရားတွေ ထင်ထင်ရှားရှားရှိပါတယ်။

(အမေး) နိဗ္ဗာန်ရောက်ရာအကျင့်မှာ ကောင်းစွာရှိသလား။

(အဖြေ) နိဗ္ဗာန်ရောက်ရာအကျင့်မှာ ကောင်းစွာအရှိသား။

(ဇမ္ဗုခါဒက) ငါ့ရှင် သာရိပုတ္တရာ—နိဗ္ဗာန်ကို ကေန်ထုတ် ချောက် မျက်မှောက်ပြုနိုင်ဖို့ရာအတွက် ကျင့်ကြံကြိုးကုတ်အား ထုတ်ရမယ့်တရားတွေက ဘယ်ဟာများလဲ။

(သာရိပုတ္တရာ) ငါ့ရှင် ဇမ္ဗုခါဒကပရိဗိုဇ်—နိဗ္ဗာန်ကို ကေန် ထုတ်ချောက် မျက်မှောက်ပြုနိုင်ဖို့ရာအတွက် ကျင့်ကြံကြိုးကုတ် အားထုတ်ရမည့်တရားတွေက အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတဲ့ အရိယာ မဂ်တရားတွေပါဘဲ။

(အမေး) နိဗ္ဗာန်ရောက်ရာ အကျင့်မှာ ဘယ်ဟာပါတဲ့နည်း။

(အဖြေ) နိဗ္ဗာန်ရောက်ရာ အကျင့်မှာ ရှစ်ဖြာမဂ္ဂင်တည်း။

အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတဲ့ အရိယာမဂ်တရားတွေဆိုတာ-

၁။ မှန်မှန်ကန်ကန် မြင်သိတာ၊

၂။ မှန်မှန်ကန်ကန် ကြံစည်တာ။

၃။ မှန်မှန်ကန်ကန် ပြောဆိုတာ၊

၄။ မှန်မှန်ကန်ကန် ပြုလုပ်တာ၊

၅။ မှန်မှန်ကန်ကန် အားထုတ်တာ၊
၆။ မှန်မှန်ကန်ကန် အသက်မွေးတာ၊
၇။ မှန်မှန်ကန်ကန် အောက်မေ့အမှတ်ရတာ၊
၈။ မှန်မှန်ကန်ကန် တည်ကြည်တာ၊
ဒီရှစ်ပါးပါဘဲ။
ဒီရှစ်ပါးကို မဂ္ဂင်ရှစ်ပါးတရားတွေလို့ ခေါ်တယ်။

## မဂ္ဂင်သုံးစု

မဂ္ဂင်ရှစ်ပါးကို သီလမဂ္ဂင်၊သမာဓိမဂ္ဂင်၊ပညာမဂ္ဂင်လို့ ဆိုတဲ့ မဂ္ဂင်အစု သုံးစုခွဲပြီးပြချင်ပါသေးတယ်။မူလပဏ္ဏာသ၊စူဠဝေဒလ္လ သုတ်မှာ မြတ်စွာဘုရားက ဝိသာခဒါယကာကို အကြောင်းပြုပြီး ဟောထားပါတယ်။

သမ္မာဝါစာ မဂ္ဂင်ရယ်၊သမ္မာကမ္မန္တမဂ္ဂင်ရယ်၊ သမ္မာအာဇီဝ မဂ္ဂင်ရယ်၊ဒီမဂ္ဂင်သုံးပါးကို သီလမဂ္ဂင် ဖွဲ့ရမယ်—တဲ့။ သီလမဂ္ဂင် အစုထဲ သွတ်သွင်း ရေတွက်ရမယ်လို့ ဆိုလိုတာပါဘဲ။ သမ္မာ ဝါယာမမဂ္ဂင်ရယ်၊ သမ္မာသတိ မဂ္ဂင်ရယ်၊ သမ္မာသမာဓိ မဂ္ဂင် ရယ်၊ ဒီမဂ္ဂင်သုံးပါးကို သမာဓိမဂ္ဂင်ဖွဲ့ရမယ်။ သမာဓိမဂ္ဂင်အစု ထဲ သွတ်သွင်းရေတွက်ရမယ်လို့ ဆိုလိုတာပါဘဲ။ သမ္မာဒိဋ္ဌိမဂ္ဂင် ရယ်၊ သမ္မာသင်္ကပ္ပ မဂ္ဂင်ရယ်၊ ဒီမဂ္ဂင်နှစ်ပါးကို ပညာမဂ္ဂင်ဖွဲ့ရ မယ်။ပညာမဂ္ဂင်ထဲ သွတ်သွင်းရေတွက်ရမယ်လို့ ဆိုလိုတာပါဘဲ။

၁။ ဝါစာ ကမ္မန္တ အာဇီဝ သီလမဂ္ဂင်တည်း။
၂။ ဝါယာမ သတိ သမာဓိ သမာဓိမဂ္ဂင်တည်း။
၃။ ဒိဋ္ဌိ သင်္ကပ္ပာ ဤနှစ်ဖြာ ပညာမဂ္ဂင်တည်း။

## နိဗ္ဗာန်ဆိုက်ရောက်မျက်မှောက်ပြု

အဲဒီလို မဂ္ဂင်ရှစ်ပါးကို အစုသုံးစုနဲ့ခွဲခြားပြီးတော့ မြတ်စွာဘုရားက ဟောပြတော်မူပြီးတဲ့နောက် ဘယ်အစု မဂ္ဂင်နဲ့ ဘယ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ် ဆိုတဲ့ အကြောင်းကိုလဲဟောပြတော်မူပါသေးတယ်။

သမ္မာဝါစာ၊သမ္မာကမ္မန္တနဲ့ သမ္မာအာဇီဝလို့ဆိုတဲ့ သီလမဂ္ဂင်သုံးပါးက ဒေါသတုံး ဒေါသခဲကို ဖေါက်ခွဲပြီး ဒေါသကုန်ရာဖြစ်တဲ့ ဒေါသက္ခယနိဗ္ဗာန်ကို မျက်မှောက်ပြုပါတယ်။ သမ္မာဝါယာမ၊သမ္မာသတိနဲ့ သမ္မာသမာဓိလို့ဆိုတဲ့ သမာဓိမဂ္ဂင်သုံးပါးက လောဘတုံး လောဘခဲကို ဖေါက်ခွဲပြီး လောဘကုန်ရာဖြစ်တဲ့ ရာဂက္ခယနိဗ္ဗာန်ကို မျက်မှောက်ပြုပါတယ်။ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပလို့ဆိုတဲ့ ပညာမဂ္ဂင် နှစ်ပါးက မောဟတုံး မောဟခဲကို ဖေါက်ခွဲပြီး မောဟကုန်ရာဖြစ်တဲ့ မောဟက္ခယနိဗ္ဗာန်ကို မျက်မှောက်ပြုပါတယ်။

၁။ သီလနက်နဲ့ ဒေါသခဲ ဖေါက်ခွဲနိဗ္ဗာန် မျက်မှောက်ပြု။
၂။ သမာဓိနက်နဲ့လောဘခဲ ဖေါက်ခွဲနိဗ္ဗာန်မျက်မှောက်ပြု။
၃။ ပညာနက်နဲ့ မောဟခဲ ဖေါက်ခွဲနိဗ္ဗာန်မျက်မှောက်ပြု။

## ကောင်းချီးနုမော် သာဓုခေါ်

"ငါ့ရှင် ဇမ္ဗုခါဒကပရိဗိုဇ်—နိဗ္ဗာန်ကို ကောန်ထုတ်ဖော်ချောက် မျက်မှောက်ပြုဖို့ရာအတွက် ကျင့်ကြံကြိုးကုတ် အားထုတ်ရမယ့် အကျင့်လမ်းစဉ်တွေဆိုတာ ဒီမဂ္ဂင်ရှစ်ပါး တရားတွေပါဘဲ" လို့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ဟောပြတော်မူလိုက်ပါတယ်။

"ငါ့ရှင်သာရိပုတ္တရာ- နိဗ္ဗာန်ကို ကေန်ထုတ်ချောက် မျက်မှောက်ပြုဖို့ရာအတွက် မဂ္ဂင်ရှစ်ပါး ဒီ အကျင့်တရားတွေဟာ လွန်စွာကောင်းလှပါတယ်။ ငါ့ရှင်သာရိပုတ္တရာ- မမေ့မလျော့နေဖို့ရန် သင့်လျော်လှပါတယ်"လို့ ဇမ္ဗုခါဒကပရိဗိုဇ်ကြီးက ကောင်းချီးပြုတဲ့ အနေအားဖြင့် လျှောက်ထား ပြောဆိုလိုက်တယ်။

ဒီမှာဘဲ သင်္ဂါယနတနဝဂ္ဂသံယုတ်ပါဠိတော်လာ နိဗ္ဗာနပဉှသုတ်တရားတော်ပီးဆုံးလို့နိဂုံးချုပ်လိုက်ပါပြီ။

ပြီးပြီ။

---

# ( ၁၁ )

# သစ်တုံးဥပမာ

## တရားကျေညာချက်

ပါဠိစနလို့ခေါ်တဲ့ မြတ်စွာဘုရားရဲ့တရားဒေသနာ ပါဠိတော်တွေကို နိကာယ်အားဖြင့် ပိုင်းခြားသတ်မှတ် ဝေဖန်လိုက်လို့ရှိရင်-

၁။ ရှေးရှေးဆုံးမတော်မူတဲ့ တရားဒေသနာတော် တွေကို စုစည်းလိုက်တော့ ဒီဃနိကာယ်ရယ်လို့ ဖြစ်ပေါ်လာပါတယ်။

၂။ အလယ်အလတ်အားဖြင့် ဟောကြား ဆုံးမတော်မူတဲ့ တရား ဒေသနာတော်တွေကို စုစည်းလိုက်တော့ မဇ္ဈိမ နိကာယ်ရယ်လို့ ဖြစ်ပေါ်လာပါတယ်။

၃။ တိုတိုကျဉ်းကျဉ်းအားဖြင့် ဟောကြား ဆုံးမတော်မူတဲ့ တရားဒေသနာတော်တွေကို စုစည်းလိုက်တော့ ခုဒ္ဒက နိကာယ်ရယ်လို့ ဖြစ်ပေါ် လာပါတယ်။

၄။ နှိုင်းယှဉ်ချက်တွေနဲ့ ဟောကြား ဆုံးမတော်မူတဲ့ တရား ဒေသနာတော်တွေကို စုစည်းလိုက်တော့ သံယုတ္တနိ ကာယ်ရယ်လို့ ဖြစ်ပေါ်လာပါတယ်။

၅။ အင်္ဂါအားဖြင့် သတ်မှတ်ပိုင်းခြား ဟောကြားဆုံးမ တော်မူတဲ့ တရား ဒေသနာတော်တွေကို စုစည်းလိုက် တော့ အင်္ဂုတ္တရနိကာယ်ရယ်လို့ ဖြစ်ပေါ်လာပါတယ်။

ဒီနိကာယ်ငါးရပ်ထဲက သံယုတ္တနိကာယ်၊ သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်လာ၊ ဒါရုက္ခန္ဓောပမသုတ္တန် ဒေသနာတော်ကို ဟောကြားမယ်လို့ ဘုန်းကြီး ဟောကြားမယ့် တရားတော်ကို စောစောစီးစီး ကြိုတင်ပြီး ရွှေစည်ခုံမှသဘင် ဆင်ယင်ကျင်းပရာ မှာ လာရောက် နာယူကြတဲ့ တရားနာ ပရိသတ်ကို အသိပေး ကျေညာလိုက်ပါတယ်။

ဒါရုက္ခန္ဓောပမဆိုတာ–ပုဒ်ခွဲလိုက်ယင် ဒါရုက တပုဒ်၊ ခန္ဓက တပုဒ်၊ ဥပမက တပုဒ်၊ ပေါင်းသုံးပုဒ်ရှိပါတယ်။ ဒါရုဆိုတာက သစ်၊ ခန္ဓဆိုတာက–တုံး၊ ဥပမဆိုတာက–နှိုင်းယှဉ်ချက်၊ဒါရုက္ခ န္ဓောပမ–သစ်တုံးနဲ့နှိုင်းယှဉ်ပြီး ဟောကြားတော်မူတဲ့ တရား တော်ပါပဲ။

## မူပိုင် သစ်တုံး

မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့သစ်တုံးတရားကို ဟော ကြားမယ်လို့ ကြံစည်လိုက်တော့ ဘုန်းကြီးရဲ့ဉာဏ်ဝမှာ အတွေး သစ်တုံးတတုံး ပေါ်ပေါက် လာပါတယ်။ အဲဒီသစ်တုံးကတော့ ဧရာဝတီ မြစ်ညာက မျှောပါလာတဲ့ သစ်တုံးပါပဲ။ ဒီသစ်တုံး ကိုသက်ဆိုင်ရာ လူတွေက ဆယ်ယူပြီး စက်ရုံထဲကို ပို့လိုက်ကြ ပါတယ်။ စက်ရုံထဲရောက်တော့ လွှဆရာက လွှကြီးနဲ့ သစ် တုံးကို ခွဲစိပ်လိုက်ပါတယ်။ ခွဲစိပ်လိုက်တော့ သစ်တုံးကြီးမှာ နဂိုက ပါလာတဲ့ အနာအဆာ အဖုအပိမ့် အကွေးအကောက် တွေလို့ဆိုတဲ့ ဘေးကာသား (ဘကာသား) တွေ ပြောင်စင်ပြီး သစ်တုံးကြီးဟာ ဖြောင့်တန်း သွားပါတယ်။ အဲဒီတော့သစ် တုံးကြီးဟာ လူသုံးပစ္စည်းရဲ့ ပထမဆင့်အနေကို ရောက်သွား ပါတယ်။ ဒါပေမယ့် လူသုံးပစ္စည်းရဲ့ အထွဋ်အထိပ်ကိုတော့ မရောက်သေးပါဘူး။ ဒုတိယအဆင့်အနေနဲ့ ရွှေဘော်ထိုးပြီး အချောကိုင်ရ ပါသေးတယ်။ တတိယအဆင့်အနေနဲ့ ကော်ပတ် စားပြီး အချောကိုင်ရ ပါသေးတယ်။ နောက်-စတုတ္ထဆင့်အနေ နဲ့ ဘန်ဂါလီဆေးသုတ်ပြီး အချောကိုင်ရပါပေးတယ်။အဲဒီအခါ ကျတော့မှ သစ်တုံးကြီးဟာ လူသုံးပစ္စည်းရဲ့ အထွဋ်အထိပ်ကို ရောက်ပါတော့တယ်။

### ဥပမာဥပမေယျ

ဒီသစ်တုံးကြီးနဲ့ ပတ်သက်သမျှ ဥပမေယျ ထုတ်ယူလိုက်ရ မယ်ဆိုယင် ဧရာဝတီမြစ်ကြီးက သံသရာကြီးနဲ့ တူပါတယ်။

သစ်တုံးကြီးက သတ္တဝါနဲ့ တူပါတယ်။ သက်ဆိုင်ရာလူတွေက ကလျာဏ မိတ်ကောင်း ဆွေကောင်းတွေနဲ့ တူပါတယ်။ စက်ရုံကြီးက သာသနာ့ ရိပ်သာနဲ့ တူပါတယ်။ လွှဆရာက ကမ္မဋ္ဌာနာစရိယ (နည်းပြဆရာ)နဲ့ တူပါတယ်။ လွှကြီးက ပညာတရား (ဝါ–သတိပဋ္ဌာန်အမှတ်တရား)နဲ့ တူပါတယ်။ ခွဲစိပ်ထာက–အားထုတ်ခြင်း (ဝီရိယတရား)နဲ့ တူပါတယ်။ နဂိုကပါလာတဲ့ အနာအဆာ အဖုအပိမ့် အကွေးအကောက်လို့ ဆိုတဲ့ ဘေးကာသား (ဘကာသား) တွေက လောဘ၊ ဒေါသအစရှိတဲ့ ကိလေသာတရားတွေနဲ့ တူပါတယ်။ လွှနဲ့ သစ်တုံးကြီးကို ခွဲစိပ်လိုက်လို့ ဖြောင့်တန်းသွားတဲ့ လူသုံးပစ္စည်းရဲ့ ပထမဆင့်က သောတာပန်၊ ရွှေဘော်ထိုးပြီး အချောကိုင်တဲ့ ဒုတိယဆင့်က သဒါဂါမ်၊ ကော်ပတ်စားပြီး အချောကိုင်တဲ့ တတိယဆင့်က အနာဂါမ်၊ ဘန်ဂါလီ ဆေးသုတ်ပြီး အချောကိုင်တဲ့ စတုတ္ထဆင့်က ရဟန္တာ၊ အဲဒီလို အဆင့်ဆင့် တူပါတယ်။ နောက်ဆုံးဖြစ်တဲ့ စတုတ္ထဆင့် ရောက်တဲ့ အခါကျတော့ (အမြတ်တရား ငါကားကျင့်သုံးပြီးပြီ။ ပြုဖွယ်ကိစ္စ ဟူသမျှ တစမကျန် ပြုလုပ်ပြီးပြီ။ မဂ်ကိစ္စအတွက် ဆက်လက်ပြီးတခါ ပြုလုပ်စရာ ဟူသမျှ လုံးဝမရှိတော့ဘူး)လို့ ဆိုနိုင်ပါတယ်။ ဒါဟာဘုန်းကြီးရဲ့ဉာဏ်ဝမှာ ပေါ်ပေါက်လာတဲ့ သစ်တုံးကြီးရဲ့ ဥပမာနဲ့ ဥပမေယျပါပဲ။

## မြတ်စွာဘုရားရဲ့သစ်တုံး

မြတ်စွာဘုရားရဲ့ သစ်တုံးကတော့ ဒီလိုပါ။ တချိန်တုန်းက မြတ်စွာဘုရားဟာ ကောသမ္ဗီပြည်ရဲ့အနီး ဂင်္ဂါမြစ်ရဲ့ ဆိပ်ကမ်းနားမှာ ရဟန်းတော်အများ ခြံရံပြီး သီတင်းသုံးနေပါတယ်။

အဲဒီအခါ ဂင်္ဂါမြစ်ရဲ့ ရေယဉ်ကြောမှာ မျောပါလာတဲ့ သစ်တုံးကြီး တတုံးကို မြတ်စွာဘုရားက မြင်တော်မူပါတယ်။ ဒီသစ်တုံးကြီးကို ဥပမာပြုပြီး တရားဟော ဟောရယာင်နေရာကျမှာဘဲ ဆိုတဲ့ အနေနဲ့ မြတ်စွာဘုရားက ရဟန်းတော်များကို ခေါ်တော်မူပြီး/ရဟန်းတော် အပေါင်း အိုသူတော်ကောင်းတို့—သင်တို့ ကြည့်လိုက်ကြစမ်း။ ဂင်္ဂါမြစ် ရေယဉ်ကြောမှာ မျောပါလာတဲ့ သစ်တုံးကြီးကိုသင်တို့ မျက်မှောက်ထင်ထင် မြင်ကြရဲ့လား။လို့ မေးတော်မူလိုက်တယ်။

မှန်လှပါဘုရား—အရှင်မြတ်ဘုရား ပြတော်မူတဲ့ သစ်တုံးကြီးကိုတပည့်တော်တို့ မျက်မှောက်ထင်ထင် မြင်ကြပါတယ်ဘုရား။

ရဟန်းတော်အပေါင်း အိုသူတော်ကောင်းတို့—တကယ်လို့ သစ်တုံးကြီးဟာ—

၁။ ဒီမှာဖက်ကမ်းမှာ မကပ်ချောက်လို့ ရှိယင်၊
၂။ ဟိုမှာဖက်ကမ်းမှာ မကပ်ရောက်လို့ ရှိယင်၊
၃။ ရေလယ်မှ နစ်မြုတ်မနေလို့ ရှိယင်၊
၄။ ကျွန်းပေါ်မှာ တင်မနေလို့ ရှိယင်၊
၅။ လူက ဆယ်မထားလို့ ရှိယင်၊
၆။ နတ်က ဆယ်မထားလို့ ရှိယင်၊
၇။ ဝဲက စုတ်ယူမထားလို့ ရှိယင်၊
၈။ အတွင်းမှာ ပုပ်ဆွေး မနေလို့ ရှိယင်၊

သမုဒ္ဒရာထဲကို ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လိမ့်မယ်။ အကြောင်းကတော့ ဂင်္ဂါမြစ်ရဲ့ ရေယဉ်ဟာ သမုဒ္ဒရာထဲကို တိုက်ရိုက်တဲ့ထိုး ညွတ်ကိုင်းစီးဆင်းနေလို့ပါပဲ။-လို့ မြတ်စွာ

ဘုရားက မိန့်တော်မူပါတယ်။ ဒီအခါပွာယ်ကို ဘုန်းကြီးကသဒ္ဓါပသန္န ဖြစ်ကြရအောင် လင်္ကာဆောင်ပုဒ် ပြုလုပ်ရေးဖွဲ့ထားပါတယ်။ အဲဒါကို လိုက်ဆိုကြပါ။

ဂင်္ဂါမြစ်ကြော သစ်မျောရှိလာ သေချာကြည့်စမ်း အိုရဟန်းတို့--ဤကမ်းမကပ် ဟိုမကပ်နှင့် လယ်ရပ်မမွန်း ကျွန်း၌ မတင် လူလျှင်မဆယ် နတ်မဆယ်ပဲ ဝဲလယ်မလှည့် မဆွေးမြည့်သော် ရောက်၏သမုဒ္ဒပင်လယ်ကို။ ဂင်္ဂါမြစ်မှ စီးကျသွင်သွင် ရေအလျဉ်သည် ပင်လယ်သို့သာညွတ်လို့ကို။

## သစ်တုံးကြီး ဥပမေယျ

ရဟန်းတော်အပေါင်း အိုသူတော်ကောင်းတို့--ဒီသစ်တုံးကြီးနဲ့မခြား အလားတူစွာ ဥပမာအတိုင်း သင်သူတော်ကောင်းတို့လဲပဲ တကယ်လို့—

၁။ ဒီမှာဖက်ကမ်းမှာ ကပ်ရောက်မနေကြလို့ရှိယင်၊
၂။ ဟိုမှာဖက်ကမ်းမှာ ကပ်ရောက်မနေကြလို့ရှိယင်၊
၃။ ရေလယ်မှာနစ်မြုတ် မနေကြလို့ရှိယင်၊
၄။ ကျွန်းပေါ်မှာ တင်မနေကြလို့ရှိယင်၊
၅။ လူက ဆယ်မထားလို့ရှိယင်၊
၆။ နတ်က ဆယ်မထားလို့ရှိယင်၊
၇။ ဝဲက စုတ်ယူမထားလို့ရှိယင်၊
၈။ အတွင်းမှာ ပုပ်ဆွေး မနေကြလို့ရှိယင်၊

နိဗ္ဗာန်ကို ကောန်မုချ ရောက်ကြလိမ့်မယ်။ အကြောင်းကတော့ အမြင်မှန် သမ္မာဒိဋ္ဌိမဂ္ဂင် တရားက နိဗ္ဗာန်ကို တိုက်ရိုက်ဆုံး

ညွတ်ကိုင်း စီးဆင်းနေတဲ့ အတွက်ကြောင့်ပါပဲလို့ မြတ်စွာဘုရား က ဥပမေယျ ဟတ်ပြီး ဟောကြားတော် မူပါတယ်။ ဒီအ ဓိပ္ပာယ်ကိုလဲ ဘုန်းကြီးက လက်ဆောင်ပုဒ် ပြုလုပ်ရေးဖွဲ့ထား ပါတယ်။ အားလုံး စိတ်ပါ လက်ပါနဲ့ လိုက်ဆိုကြပါအုံး။

ဤဥပမာ အတူသာလျှင် သံသရာကြော မျောသည့်သတ္တဝါ သချာကြည့်စမ်း အိုရဟန်းတို့- -ဤကမ်းမကပ် ဟိုမကပ်နှင့် လယ်ရပ်မမှန် ကျွန်း၌မတင် လူလျှင်မဆယ် နတ်မဆယ်ပဲ ဝဲလယ် မလှည့် မဆွေးမြည့်သော် ရောက်၏နိဗ္ဗာန်ရွှေပြည်ကို။ သမ္မာဒိဋ္ဌိ မည်ရှိမဂ္ဂင် အမြင်မှန်သည် နိဗ္ဗာန်သို့သာညွတ်လို့ကို။

**အမေးပုစ္ဆာ**

မြတ်စွာဘုရားက ဒီဥပမာ ဥပမေယျ ဟတ်ပြီး ဟောကြား တော်မူနေတဲ့အခါမှာ ရှိသေစွာနဲ့ နာယူနေကြတဲ့ ရဟန်းတော် တွေထဲက ရဟန်းတော်တပါးက ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူတဲ့ အိုမြတ်စွာဘုရား--

၁။ ဒီမှာဖက်ကမ်းဆိုတာ ဘယ်ဟာပါလဲဘုရား၊
၂။ ဟိုမှာဖက်ကမ်းဆိုတာ ဘယ်ဟာပါလဲဘုရား၊
၃။ ရေလယ် နစ်/မြုတ်တယ်ဆိုတာ ဘယ်ဟာပါလဲဘုရား၊
၄။ ကျွန်းပေါ် တင်တယ်ဆိုတာ ဘယ်ဟာပါလဲဘုရား၊
၅။ လူကဆယ်တယ်ဆိုတာ ဘယ်ဟာပါလဲဘုရား၊
၆။ နတ်ကဆယ်တယ်ဆိုတာ ဘယ်ဟာပါလဲဘုရား၊
၇။ ဝဲက စုတ်ယူတယ်ဆိုတာ ဘယ်ဟာပါလဲဘုရား
၈။ အတွင်းမှာ ပုပ်ဆွေး နေတယ်ဆိုတာ ဘယ်ဟာပါလဲ ဘုရားလို့ လျှောက်ထားလိုက်တယ်။

## ဒီဖက်ကမ်းဆိုတာ

ရဟန်းတော်တပါးရဲ့ လျှောက်ထားခြင်းကို အရင်းခံပြုပြီး မြတ်စွာဘုရားက အဲဒီရဟန်းတော်ကို တရားနာခံထားပြီး ပြဿနာရှစ်ရပ် အမြတ်တရားကို ဖြေကြား ဟောပြတော်မူတယ်။

ချစ်သားရဟန်းမြတ်--ဒီမှာဖက်ကမ်းဆိုတဲ့ အမည်ဟာ အဇ္ဈတ္တိကာယတနတရား ခြောက်ပါးတို့ရဲ့ အမည်ပဲ တဲ့။

အဇ္ဈတ္တိကာယတနတရား ခြောက်ပါးဆိုတာ ဘာတွေလဲ။ မျက်စိရယ်၊ နားရယ်၊ နှာခေါင်းရယ်၊ လျှာရယ်၊ ကိုယ်ရယ်၊ စိတ်ရယ်၊ ဒီခြောက်ပါးပါပဲ။ ဒီအဓိပ္ပာယ်ကို လွယ်လွယ်ကူကူနဲ့ သိရအောင် ဆောင်ပုဒ်ကလေးတွေကို လိုက်ဆိုကြပါအုံး။

၁ (က) အဇ္ဈတ္တိကာယတန ခြောက်ပါးပြ မှတ်ကြ ဤကမ်းခေါ်ယေသည်။

(ခ) မျက်စိနားနှာလျှာ ကိုယ်မနယ်င်းခြောက်ဝ အဇ္ဈတ္တိကာယတန ခေါ်လေသည်။

သစ်တုံးကြီးဟာ ဒီမှာဖက်ကမ်းကို တင်မနေပါမှ သမုဒ္ဒရာထဲကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နိုင်ဘိသကဲ့သို့ သတ္တဝါတွေဟာလဲ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်လို့ဆိုတဲ့ အဇ္ဈတ္တိကာယတန တရားတွေကို ချစ်ခင်နှစ်သက် တပ်မက်တွယ်တာမှုတွေ ဖြစ်မနေပါမှ နိဗ္ဗာန်ကို ကေန်မုချ ရနိုင် ရောက်နိုင်ပါတယ်--တဲ့။

## ဟိုဖက်ကမ်းဆိုတာ

ချစ်သား ရဟန်းမြတ် ဟိုဖက်ကမ်းဆိုတဲ့ အမည်ဟာ ဗာဟိရာယတန တရား ခြောက်ပါးတို့ရဲ့ အမည်ပဲတဲ့။

ဗာဟိရာ ယတနတရား ခြောက်ပါးဆိုတာ ဘာတွေလဲ၊ အဆင်းရယ်၊ အသံရယ်၊ အနံ့ရယ်၊ အရသာရယ်၊ အတွေ့အထိရယ်၊ ဓမ္မသဘောတရားရယ် ဒီခြောက်ပါးပါပဲ၊ ဒီအဓိပ္ပာယ်ကို လွယ်လွယ်ကူကူနဲ့ သိရအောင်ဆောင်ပုဒ် ကလေးတွေကို လိုက်ဆိုကြပါအုံး။

၂။ (က) ဗာဟိရာယတန ခြောက်ပါးပြ မှတ်ကြဟိုကမ်း ခေါ်လေသည်။

(ခ) ရူပသဒ္ဒ ဂန္ဓရသာ ဖောဋ္ဌဗ္ဗာဓမ္မ ယင်းခြောက်ဝ ဗာဟိရာယတန ခေါ်လေသည်။

သစ်တုံးကြီးဟာ ဟိုမှာဖက်ကမ်းကို တင်မနေပါမှ သမုဒ္ဒရာထဲကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နိုင်ဘိသကဲ့သို့ သတ္တဝါတွေဟာလဲ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အသိသဘောတရားတွေကို ချစ်ခင်နှစ်သက် တပ်မက်မှုတွေ ဖြစ်မနေပါမှ နိဗ္ဗာန်ကို ကေန်မုချ ရနိုင် ရောက်နိုင်ပါတယ်။

## ရေလယ်နစ်တယ်ဆိုတာ

ချစ်သား ရဟန်းမြတ်—ရေလယ် နစ်မြုတ်တယ်ဆိုတဲ့ အမည်ဟာ နန္ဒီရာဂတရားရဲ့ အမည်ပဲတဲ့။

ဒွါရခြောက်ပါး တံခါးကြီး ခြောက်ပေါက်မှာ ကျရောက်လာတဲ့ အာရုံခြောက်ပါးတွေကို သတိပဋ္ဌာန် အမှတ်တရားနဲ့ ပွားများကြိုးကုတ် အားထုတ်မှုမရှိယင် တပ်နှစ်သက်ခြင်း ဆိုတဲ့ နန္ဒီရာဂတရားတွေ ဖြစ်နိုင်တယ်၊ အဲဒီလို နန္ဒီရာဂ တရားတွေ ဖြစ်ခဲ့ယင် ရေလယ်နစ်မြုတ်တယ်လို့ ဆိုလိုပါတယ်၊ ကဲ-ဆောင်ပုဒ် ကလေးကို လိုက်ဆိုကြပါအုံး။

နန္ဒီတွယ်ကပ် နှစ်သက်တပ် လယ်ရပ်မှန်းနစ် ခေါ်လေသည်။

သစ်တုံးကြီးဟာ ရေလယ်မှာ နစ်မြုတ်မနေပါမှ သမုဒ္ဒရာထဲကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နိုင်ဘိသကဲ့သို့ သတ္တဝါတွေဟာလဲ တပ်နှစ်သက်ခြင်းဆိုတဲ့ နန္ဒီရာဂ မဖြစ်မှ နိဗ္ဗာန်ကို ကောန်မုချ ရနိုင်ရောက်နိုင်ပါတယ်။

## ကျွန်းပေါ်တင်တယ်ဆိုတာ

ချစ်သားရဟန်းမြတ်–ကျွန်းပေါ်တင်တယ်ဆိုတဲ့ အမည်ဟာ အသ္မိမာနတရားရဲ့ အမည်ပဲတဲ့။

မာနတရားတွေဆိုတာ အများကြီး ရှိပါတယ်၊ အဲဒီအထဲက အသ္မိမာနဆိုတာ အရဟတ္တမဂ်ကျမှ ပယ်ခွာသွားပါတယ်၊ အဲဒီမာနရှိနေသေးယင် ကျွန်းတင်နေတာပဲလို့ ဆိုလိုပါတယ်၊ ကဲ-ဆောင်ပုဒ်ကလေးကို လိုက်ဆိုကြပါအုံး။

အသ္မိလျှင် မာနပင် ကျွန်းတင်သည်ဟု ခေါ်လေသည်။

သစ်တုံးကြီးဟာ ကျွန်းပေါ်မှာ တင်မနေပါမှ သမုဒ္ဒရာထဲကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နိုင်ဘိသကဲ့သို့ သတ္တဝါတွေဟာလဲ အသ္မိမာနတရား ပယ်ခွာသွားမှ နိဗ္ဗာန်ကို ကေန်မုချ ရနိုင် ရောက်နိုင် ကြပါတယ်။

## လူကဆယ်တယ်ဆိုတာ

ချစ်သား ရဟန်းမြတ်–လူကဆယ်တယ်ဆိုတာ ဒီသာသနာတော်မှာ သာသနာ့ဝန်ကို ထမ်းဆောင်နေကြတဲ့ ရှင်ရဟန်း

တချို့ဟာ လူတွေနဲ့ ထွေးလုံးရစ်ပတ်ပြီး ရောရော နှောနှော ရှုပ်ရှုပ် ပွေပွေ နေထိုင်ခြင်းပါပဲ၊ လူတွေဟာ တခါတခါမှာတော့ ပျော်စရာ ရွှင်စရာ သာယာမှုတွေ ရှိကြတယ်၊ တခါ တခါမှာတော့ စိုးရိမ်စရာတွေနဲ့ တွေ့ကြုံရတတ်တယ်၊ တခါ တခါမှာတော့ ချမ်းသာသုခတွေနဲ့ ရင်ဆိုင်ရတတ်တယ်၊ တခါ တခါမှာတော့ ဆင်းရဲဒုက္ခတွေနဲ့ တွေ့ကြုံရတတ်တယ်၊ အဲဒီလို သာယာစရာ၊ စိုးရိမ်စရာ၊ ချမ်းသာစရာ၊ ဆင်းရဲစရာတွေနဲ့ တွေ့ကြုံရတဲ့အခါ လူတွေနဲ့ ထွေးလုံးရစ်ပတ်ပြီး ရောရောနှောနှော ရှုပ်ရှုပ်ပွေပွေနေတဲ့ ရှင်ရဟန်းတွေဟာလဲ ယောင်တောင် ပေါင်တောင်နဲ့ အချောင်လိုက်ပြီး သာယာရတယ်၊ စိုးရိမ်ရတယ်၊ ချမ်းသာရတယ်၊ ဆင်းရဲရတယ်၊ အဲဒါကို လူက ဆယ်ယူခြင်း ခံရတယ်လို့ ခေါ်ပါတယ်၊ ကဲ- ဆောင်ပုဒ်ကလေးကို လိုက်ဆိုကြပါအုံး။

> လူနှင့်တွဲလျက်၊ နှစ်သက်အတူ၊ စိုးရိမ်မှုလည်း၊ အတူယှဉ်ကာ၊ ချမ်းသာလဲတူ၊ ဆင်းရဲလဲတူ၊ ကိစ္စဟူက၊ ပြုလုပ်ကြ၊ လူကဆယ်ဟု ခေါ်လေသည်။

သစ်တုံးကြီးဟာ လူတွေက ဆယ်ယူမထားလို့ရှိယင် သမုဒ္ဒရာထဲကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နိုင်ဘိသကဲ့သို့ သတ္တဝါတွေဟာလဲ လူတွေနဲ့ ထွေးလုံးရစ်ပတ်ပြီး ရောရော နှောနှော ရှုပ်ရှုပ် ပွေပွေ မနေလို့ရှိယင် -ဝါ- လူက ဆယ်ယူမထားလို့ရှိယင် နိဗ္ဗာန်ကို ကေန်မုချ ရနိုင်ရောက်နိုင်ကြပါတယ်။

## နတ်ကဆယ်တယ်ဆိုတာ

"ချစ်သားရဟန်းမြတ် နတ်ကဆယ်ယူတယ်ဆိုတာဒီသာသနာတော်မှာ သာသနာ့ဝန်ကို ထမ်းဆောင်နေကြတဲ့ ရှင်ရဟန်းတချို့ဟာ မိမိတို့ ကျင့်ကြံကြိုးကုတ် အားထုတ်နေကြတဲ့ သီလတွေ၊ကျင့်ဝတ်တွေ၊ခြိုးခြံမှုတွေ၊မြင့်မြတ်တဲ့အကျင့်တွေကြောင့်" "ငါဟာ တမလွန် ဘဝကျယင် ထင်ရှားတဲ့ နတ်သော်ဒင်း၊ မထင်ရှားတဲ့ နတ်သော်ဒင်း ဖြစ်ရလိမ့်မယ်"လို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နတ်ပြည်နတ်ဘဝကို တောင့်တပြီး သကာလ ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းပါပဲ၊ အဲဒါကို နတ်ကဆယ်ယူတယ်လို့ ခေါ်ပါတယ်၊ ကဲ- ဆောင်ပုဒ်ကလေးကို လိုက်ဆိုကြပါအုံး။

အကျင့် သီလာ၊ ဆောက်တည်ရာ၌၊ ချမ်းသာ နတ်ဘဝ၊ တောင့်တကြ နတ်ကဆယ်ဟု ခေါ်လေသည်။

သစ်တုံးကြီးဟာ နတ်ကဆယ်ယူခြင်း မခံရမှ သမုဒ္ဒရာထဲကို ဆိုက်ဆိုက် မြိုက်မြိုက် ရောက်နိုင်သကဲ့သို့ သတ္တဝါတွေ ဟာလဲ မိမိတို့ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်တဲ့ သီလတွေ၊ ကျင့်ဝတ်တွေ၊ ခြိုးခြံမှုတွေ၊ မြင့်မြတ်တဲ့အကျင့်တွေကြောင့် နတ်ပြည်နတ်ဘဝကို လိုလားတောင့်တမှု မရှိပဲ နိဗ္ဗာန်ကိုသာ ရည်ရွယ်တောင့်တပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်မှ၊ ဂါ-နတ်ကဆယ်ယူခြင်း မခံရအောင် အားထုတ်မှ နိဗ္ဗာန်ကို အောင်မြင်ချမ်းသာရနိုင် ရောက်နိုင်ကြပါတယ်။

## ဝဲလယ် လုံ့တယ်ဆိုတာ

ချစ်သား ရဟန်းမြတ် ဝဲဆိုတာ အာရုံငါးပါး ကာမဂုဏ်တရားတွေပါပဲတဲ့၊ အဲ့ဒီ အာရုံငါးပါး ကာမဂုဏ် တရားတွေကို

လိုက်စားတွယ်တာ သာယာတပ်မက် နှစ်သက်မက်မော နေလို့ ရှိယင် ဝဲလယ်လှဲ့နေတယ်လို့ ဆိုလိုပါတယ်၊ ကဲ- ဆောင်ပုဒ် ကလေးကို လိုက်ဆိုကြပါအုံး။

ငါးကာမဂုဏ်ဝယ်၊ ခုံမင်တွယ်၊ ဝဲလယ်လှည့် ဟု ခေါ်လေသည်။

သစ်တုံးကြီးဟာ ဝဲထဲမှာ လှဲ့လယ်မနေပါမှ သမုဒ္ဒရာထဲကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နိုင်ဘိသကဲ့သို့ သတ္တဝါတွေဟာလဲ အာရုံငါးပါး ကာမဂုဏ်တရားတွေကို လိုက်စား တွယ်တာ သာယာနှစ်သက် တပ်မက်မှု လောဘတွေ လုံးဝကင်းပါမှ နိဗ္ဗာန်ကို ကေန် မုချ ရနိုင် ရောက်နိုင်ကြပါတယ်။

## ဆွေးမြည့်တယ်ဆိုတာ

ချစ်သားရဟန်းမြတ်—ဆွေးမြေ့တယ်ဆိုတာ ဘာလဲဆိုယင် ဒီသာသနာတော်မှာ သာသနာ့ဝန်ထမ်း ရှင်ရဟန်း တချို့ဟာ သီလမရှိဘူး ယုတ်ညံ့တဲ့အကျင့်ရှိတယ်၊ မစင်ကြယ်တဲ့ အတွေး အခေါ်တွေ၊ယုံမှားမှုတွေလို့ ဆိုတဲ့အကျင့်တွေရှိတယ်၊ဖုံးလွှမ်းတဲ့ အကျင့်ရှိတယ်၊ ရဟန်းမဟုတ်ပဲ ရဟန်းရယ်လို့ ဝန်ခံတယ်၊ မြတ်တဲ့အကျင့်ကို မကျင့်ကို မကျင့်ပဲ မြတ်တဲ့အကျင့်ကို ကျင့် တယ်လို့ ဝန်ခံတယ်၊ အတွင်း ပုပ်နေတယ်၊ ကိလေသာမိုး သွန်းဖြိုးစွတ်စိုတယ်၊ အမှိုက်သရိုက်သဖွယ် ဖြစ်တယ်၊ ဒီဂုဏ်ယုတ် တွေနဲ့ ပြည့်စုံခြင်းဟာ ဆွေးမြည့်တယ်လို့ ခေါ်တာပါပဲ။ ကဲ—ဆောင်ပုဒ်ကလေးကို လိုက်ဆိုကြပါအုံး။

သီလ ကျင့်ရေး၊ မဖြူဖွေး၊ ဆွေးမြည့်သည်ဟု ခေါ်လေသည်။

သစ်တုံးကြီးဟာ အတွင်းမှာ ဆွေးမြည့်မနေယင် သမုဒ္ဒရာထဲကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နိုင်သကဲ့သို့ သတ္တဝါတွေဟာလဲ အကျင့်သီလ ကောင်းမွန်ယင် စင်ကြယ် သန့်ရှင်းယင် နိဗ္ဗာန်ကို ကေန်မုချ ရနိုင် ရောက်နိုင်ကြပါတယ်။

## နွားကျောင်းသား တရားရ

မြတ်စွာဘုရားက ပြဿနာရှစ်ရပ် အမြတ်တရားကို ဒီလို ဖြေကြားဟောပြတော်မူလိုက်ပါတယ်။အဲဒီတော့ မြတ်စွာဘုရားရဲ့ မနီးမဝေး နေရာမှာ ရပ်တည်နေတဲ့ နန္ဒဆိုတဲ့ နွားကျောင်းသားက ဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား၊ တပည့်တော်ဟာ–

၁။ ဒီဖက်ကမ်းမှာလဲ မကပ်ရောက်ပါ၊
၂။ ဟိုဖက်ကမ်းမှာလဲ မကပ်ရောက်ပါ၊
၃။ ရေလယ်မှာလဲ မနစ်မြုတ်ပါ၊
၄။ ကျွန်းပေါ်မှာလဲ မတင်ပါ၊
၅။ လူဆယ်ယူခြင်းလဲ မခံရပါ၊
၆။ နတ်ဆယ်ယူခြင်းလဲ မခံရပါ၊
၇။ ဝဲလယ်မှာလဲ လှဲ့မနေပါ၊
၈။ အတွင်းမှာလဲ ဆွေးမြည့်မနေပါ၊

ဒါ့ကြောင့် တပည့်တော်ဟာ မြတ်စွာဘုရားရဲ့ အထံတော်မှာ ရှင်ရဟန်းအဖြစ်ကို ရလိုပါတယ်ဘုရားလို့ လျှောက်ထားတယ်။

(ဘုရား) ချစ်သားနန္ဒ၊ ဒါဖြင့်ယင် သင်ဟာ နွားရှင်တို့ အထံကို နွားတွေပို့လိုက်ပေတော့။

(နန္ဒ) နွားကြီးတွေဟာ နွားကလေး တွေကို တွယ်တာ ခင်မင် သံယောဇဉ်နဲ့ မို့ လျှင်လျှင် မြန်မြန်အိမ်ကို ပြန်ကြပါ လိမ့်မယ်ဘုရား။

(ဘုရား) ချစ်သား နန္ဒ=ပို့ဆိုယင် သွားလို့သာ ပို့ချေ ပါကွယ်။

နန္ဒနွားကျောင်းသားလဲ နွားတွေကို သွားပီးပို့တယ်၊ ပို့ပီး ပြန်လာခဲ့တယ်၊ အဲဒီတော့မှ မြတ်စွာဘုရားက ရဟန်းအဖြစ် ချီးမြှင့်တော်မူတယ်၊ ရဟန်းအဖြစ် ရောက်ပီးတော့ နန္ဒဟာ တရားကို အားထုတ်လိုက်ထာ ရဟန္တာဖြစ်သွားပါတယ်။

ပြီးပြီ။

---

# (၁၂)

# ကိုယ်နေလှတဲ့ ဒေဝသူဇာ

## တရားပလ္လင်

အခုဘုန်းကြီးဟောပြမယ့်တရားကတော့ များသောအားဖြင့် အမျိုးသမီးတွေနဲ့သာ သက်ဆိုင်ပါတယ်၊ မြတ်စွာဘုရား ဟော ကြားတော်မူတဲ့ တရားကို ဘုန်းကြီးကတဆင့် ဖောက်သယ်ချပီး ဟောရခြင်း ဖြစ်ပါတယ်။ အင်္ဂုတ္တရနိကာယ် အင္ဂကနိပါတ်မှာ

လာတဲ့အနုရုဒ္ဓသုတ္တန်ဒေသနာတော်မြတ်ဖြစ်ပါတယ်၊ အမျိုးသမီးတွေဟာ ဒီတရားတော်မှာလာတဲ့ အတိုင်း တရားရှစ်ပါးကို ကျင့်သုံးပါက မနာပကာယိကာ အမည်ရှိတဲ့ (ကိုယ်နေလှတဲ့ ဒေဝသူဇာ) နတ်သမီးတွေ ဖြစ်နိုင်ကြပါတယ်။

## အရှင်အနုရုဒ္ဓါနဲ့ နတ်သမီးများ

တခါ်နတုန်းက ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းမှာ သီတင်းသုံး နေတော်မူပါတယ်၊ အဲဒီအခါ အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်က ဒိဝါဝိဟာရ ခေါ်တဲ့ နေ့သန့်စင်ရာ နေရာဌာနမှာ ချဉ်းကပ်ပြီး တကိုယ်ထည်း ကိန်းအောင်းတော် မူနေပါတယ်။

အဲဒီအချိန်အခါမှာ နှစ်သက်ဖွယ်ရာ ကိုယ်ခန္ဓာရှိတြတဲ့ မနာပကာယိကာ အမည်ရှိကြတဲ့ နတ်သမီးတွေဟာ အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ် ရှိတော်မူရာအရပ်မှာ ချဉ်းကပ်ကြပြီး အလွန်ရှိသေစွာ ရှိခိုးကြပြီး သင့်တင့်လျောက်ပတ်တဲ့ နေရာဌာနမှာ ရပ်တည်နေကြတယ်တဲ့။

ဒီနတ်သမီးတွေက ဘာပြုလို့ အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ် နေတော်မူရာ အရပ်မှာ ချဉ်းကပ်ကြတာလဲဆိုတော့သံယောဇဉ် မကင်းလို့ ချဉ်းကပ်ကြတယ်လို့ ဆိုရမှာပါပဲ၊ သံယောဇဉ် မကင်းပုံက ဒီလိုပါ၊ ဟိုလွန်ခဲ့တဲ့ ဘဝတခုတုန်းက အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်ရဲ့ အလောင်းတော်ဟာ စကြာဝတေး မန္ဓာတ်မင်းကြီး ဖြစ်ခဲ့ဘူးသတဲ့၊ အဲဒီအခါမှာ ဒီနတ်သမီးတွေက စကြာဝတေးမန္ဓာတ်မင်းကြီးရဲ့ အလုပ်အကျွေးတွေ ဖြစ်ခဲ့ကြ

ဘူးသတဲ့၊ ဒါ့ကြောင့် သံယောဇဉ် မကင်းလို့ ချဉ်းကပ်ကြတယ်လို့ ဆိုရတာပါပဲ။

ဒီနတ်သမီးတွေက အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်ကြီးကို လျှောက်ထားကြတယ်၊ ဘယ်လိုလျှောက်ထားကြသလဲဆိုတော့—

အရှင်ဘုရား အနုရုဒ္ဓါ၊ တပည့်တော်မတို့ တတွေဟာ မနာပကာယိကာ အမည်ရှိတဲ့ နတ်သမီးတွေ ဖြစ်ကြပါတယ်ဘုရား၊ အရာဌာန သုံးမျိုးကို စိုးပိုင်ကြပါတယ်၊ အလိုအတိုင်း ဖြစ်စေနိုင်ကြပါတယ်ဘုရား။

၁။ အလိုရှိတဲ့ ရုပ်အဆင်းကို တခဏချင်း ဖြစ်အောင် ဖန်ဆင်းနိုင်ကြပါတယ်ဘုရား။

၂။ အလိုရှိတဲ့ အသံကို တခဏချင်း ဖြစ်အောင် ဖန်ဆင်းနိုင်ကြပါတယ်ဘုရား။

၃။ အလိုရှိတဲ့ ချမ်းသာသုခကို တခဏချင်း ရအောင် ဖန်ဆင်း နိုင်ကြပါတယ်ဘုရား။

ဒီအရာဌာန သုံးမျိုးကို စိုးပိုင်ကြတဲ့ အလိုအတိုင်း ဖြစ်စေနိုင်ကြတဲ့ မနာပကာယိကာ အမည်ရှိတဲ့ နတ်သမီးတွေ ဖြစ်ကြပါတယ်ဘုရားလို့ ရှောက်ထားကြတယ်။

ကိုယ်မှာရှိတဲ့ ဂုဏ်တို့ အတတ်ပညာတို့ ဆိုတာတွေကို ပြချင်ကြတာဟာ လူတွေသာမဟုတ်ဘူးနော် နတ်တွေလဲ ပြချင်ကြတာပဲဆိုတာ သိရတာပေါ့။

အဲဒီလို လျှောက်ထားကြတော့ အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်က ဘယ်လိုကြံစည်စဉ်းစားတော်မူမိသလဲဆိုယင် နားထောင်ကြစမ်းပါ။

"ဒီနတ်သမီးတွေဟာ ရုပ်အဆင်းတွေရော၊ အဝတ်အစားတွေရော၊ အဆင်းတန်းဆာတွေရော အကုန်လုံး နီလာရောင် (အညို ရောင်) တွေချည့် ဖြစ်ကြယင် ကောင်းမှာပဲ"လို့ ကြံစည်စဉ်း စားတော်မူမိသတဲ့။

နတ်သမီးတွေကလဲ အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်ရဲ့ စိတ် သန္တာန် အကြံဖြစ်ပေါ်လာတာကို သိကြတော့ တခဏချင်းပဲ ရုပ်အဆင်းတွေရော၊ အဝတ်အစားတွေရော၊ အဆင်တန်းဆာ တွေရော အကုန်လုံး နီလာရောင် (အညိုရောင်) တွေချည့် ဖြစ်အောင် ဖန်ဆင်းလိုက်ကြတယ်။

နောက်တခါ အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်ရဲ့ စိတ် သန္တာန်မှာ အကြံဖြစ်ပေါ် လာပြန်သတဲ့၊ ဘယ်လို ဖြစ်ပေါ် လာပြန်သလဲဆိုတော့ ဒီနတ်သမီးတွေဟာ ရုပ်အဆင်းတွေရော၊ အဝတ်အစားတွေရော၊ အဆင်တန်းဆာတွေရော အကုန်လုံး အရွှေရောင် အဝါရောင် (ရွှေဝါရောင်)တွေချည့် ဖြစ်ကြယင် ကောင်းမှာပဲလို့ အကြံဖြစ်ပေါ်လာပြန်သတဲ့။

နတ်သမီးတွေကလဲ အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်ရဲ့ စိတ် သန္တာန် အကြံဖြစ်ပေါ်လာတာကို သိကြတော့ တခဏချင်းပဲ ရုပ်အဆင်းတွေရော၊ အဝတ်အစားတွေရော၊ အဆင်းတန်းဆာ တွေရော အကုန်လုံး အရွှေရောင်၊ အဝါရောင် (ရွှေဝါရောင်) တွေချည့် ဖြစ်အောင် ဖန်ဆင်းလိုက်ကြတယ်။

နောက်တခါ အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်ရဲ့ စိတ် သန္တာန်မှာ အကြံဖြစ်ပေါ်လာပြန်သတဲ့၊ ဘယ်လိုဖြစ်ပေါ်လာ ပြန်သလဲဆိုတော့ ဒီနတ်သမီး တွေဟာ ရုပ်အဆင်း တွေရော၊

အဝတ်အစားတွေရော၊ အဆင်း တန်းဆာတွေရော အကုန်လုံး အနီရောင် တွေချည့် ဖြစ်ကြယင် ကောင်းမှာပဲလို့ အကြံ ဖြစ်ပေါ်လာပြန်သတဲ့။

နတ်သမီးတွေကလဲ အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်ရဲ့ စိတ် သန္တာန် အကြံဖြစ်ပေါ်လာတာကို သိကြတော့ တခဏချင်းပဲ ရုပ်အဆင်းတွေရော၊ အဝတ်အစားတွေရော၊ အဆင်း တန်းဆာ တွေရော အကုန်လုံး အနီရောင် တွေချည့် ဖြစ်အောင် ဖန်ဆင်း လိုက်ကြတယ်။

နောက်တခါ အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်ရဲ့ စိတ် သန္တာန်မှာ အကြံဖြစ်ပေါ်လာပြန်သတဲ့၊ ဘယ်လိုဖြစ်ပေါ်လာ ပြန်သလဲဆိုတော့ ဒီနတ်သမီး တွေဟာ ရုပ်အဆင်း တွေရော- အဝတ်အစားတွေရော၊ အဆင်းတန်းဆာ တွေရော အကုန်လုံး အဖြူရောင်တွေချည့် ဖြစ်ကြယင် ကောင်းမှာပဲလို့ အကြံဖြစ် ပေါ်လာပြန်သတဲ့။

နတ်သမီးတွေကလဲ အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်ရဲ့ စိတ် သန္တာန် အကြံဖြစ်ပေါ်လာတာကို သိကြတော့ တခဏချင်းပဲ ရုပ်အဆင်းတွေရော၊ အဝတ်အစားတွေရော၊ အဆင်းတန်းဆာ တွေရော အကုန်လုံး အဖြူရောင်တွေချည့်ဖြစ်အောင် ဖန်ဆင်း လိုက်ကြတယ်။

အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်ရဲ့ အလိုတော်ကျ အတိုင်း ဖန်ဆင်းပြီးကြတဲ့အခါမှာ နတ်သမီး တယောက်က ကတယ်၊ တယောက်က သီချင်းဆိုတယ်၊ တယောက်က လက်ခုတ်တီးတယ်၊ သူတို့ရဲ့ ကကြ၊ ဆိုကြ၊ တီးကြတာတွေဟာ သင်ကြားတတ်

မြှောက်ထားကြတဲ့ တကယ့် ပညာရှင်ကြီးတွေ ကကြ၊ ဆိုကြ၊ တီးကြသကဲ့သို့ သာယာတပ်မက် နှစ်သက်မြတ်နိုးဖွယ် ယစ်မူးဖွယ် တကယ် ကောင်းလှပါပေဘယ်၊ ဒါပေမယ့် အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်ကတော့ မတုန်မလှုပ် ကျောက်ရုပ်ပမာ ဣန္ဒြေမပျက် ငြိမ်သက်စွာနဲ့ မျက်လွှာကလေးချပြီး နေတော်မူလိုက်တယ်၊ ကြည်ညိုစရာ ကောင်းလိုက်ထာနော်။

အဲဒီတော့ နတ်သမီးတွေက အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ် နှစ်သက်တော် မမူကြောင်းကို သိကြတဲ့အတွက် ဒီနေရာမှာပဲ ကိုယ်ရောင်ဖျောက်လိုက်ကြတယ်။

## အရှင်အနုရုဒ္ဓါနဲ့ မြတ်စွာဘုရား

ညနေပိုင်း ကျတော့ အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်က မြတ်စွာဘုရားထံ သွားတယ်၊ နေ့လယ်တုန်းက အတွေ့အကြုံတွေကို အစုံအလင် လျှောက်ထား ပီးတော့ ဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား အမျိုးသမီး တယောက်ဟာ နောက်ဘဝမှာ မနာပကာယိကာ အမည်ရှိတဲ့ (ကိုယ်နေလှတဲ့ ဒေဝသူဇာ) နတ်သမီး ဖြစ်အောင် တရားဘယ်လောက်နဲ့ ပြည့်စုံ ရပါသလဲ ဘုရားလို့ ဆိုတဲ့ အဓိက အချက်ကိုလဲ လျှောက်ထား လိုက်ပြန်တယ်။

ချစ်သား အနုရုဒ္ဓါ အမျိုးသမီး တယောက်ဟာ တရားရှစ်ပါးနဲ့ ပြည့်စုံယင် နောက်ဘဝမှာ မနာပကာယိကာ အမည်ရှိတဲ့ (ကိုယ်နေလှတဲ့ ဒေဝသူဇာ) နတ်သမီး ဖြစ်နိုင်တယ်လို့ မြတ်စွာ ဘုရားက မိန့်ကြားဖြေဆိုတော်မူလိုက်ပါတယ်။

ရှစ်ပါးဆိုတာက ဘယ်တရားများပါလဲဘုရား၊ အဲဒီလို ထပ်လျှောက်လိုက်တဲ့ အခါကျတော့ မြတ်စွာဘုရားက ရှစ်ပါးသရုပ်ကို ဖော်ထုတ် ဟောပြတော်မူပါတယ်။

## ၁—လင့်ဝတ်တရား ပြုမြဲနိုင်စေ

၁။ အချက်ကတော့ အိမ်ရှင်မ အမျိုးသမီးဟာ လင်ယောကျ်ားရဲ့ ဝတ္တရားတွေကို ကျေပြွန်ရမယ်၊ ဘယ်လို ဝတ္တရားတွေလဲဆိုတော့ လင့်အယင် အိပ်ရာက ထရခြင်း၊ လင့်နောက်မှ အိပ်ရာကိုဝင်ရခြင်း၊ ဘာလုပ်ပေးရမလဲလို့ အမြဲတစေ ပန်ကြားရခြင်း၊ နှစ်သက်စရာ ကောင်းတဲ့ အမူအကျင့် ရှိရခြင်း၊ ချစ်ခင်ဖွယ်ရာ ချိုသာတဲ့စကားကို ပြောဆိုမှုခြင်း၊ ဒီလို ဝတ္တရားတွေ ကြေပြွန်ရမယ်။ဒီလို ဝတ္တရားတွေ ကျေပြွန်တဲ့ အိမ်ရှင်မအမျိုးသမီးကိုကြည့်ပြီးပညာရှိများက တေးထပ်ကဗျာနဲ့ ဖွဲ့ဆိုထားကြသေးတယ်။ဘာတဲ့ "လင့်အလျှင် အစောထပါလို့ သဘောကျပြုတတ်လေပြန်။ အိပ်စားမှု နောက်ချန်တယ်၊ ကြောက်ဟန်လို ထံပါးကပန်ကြားလျှက် ပြုံးရွှံခါခါ၊ သုံးလေ့ဝါစာ။ လင့်အပြင်ဖြင့်မကြည့်ရှာသည် ဘရိယာခေါင်ဆုံးမို့လေး"တဲ့။အဲဒီလို ဖွဲ့ဆိုထားကြသေးတယ်။

## ၂—လင့်မိဖများ လေးစားရိုသေ

၂--အချက်ကတော့ လင်ယောကျ်ားလေးစားရိုသေတဲ့—အမိအဖ ဆရာသမားများကို လင်ယောကျ်ားလေးစားရိုသေသကဲ့သို့ အိမ့်ရှင်မကလဲ ရိုသေရမယ်။ လေးစားရမယ်။ မြတ်နိုးရမယ်။ ပူဇော်ရမယ်။ ကိုယ့်အိမ်မှာ ရောက်ဆိုက်လာတဲ့ ဧည့်သည်စောင်သယ်များကိုလဲ နေရာထိုင်ခင်း ပေးရခြင်း၊ ရေအေးအေးတိုက်ရခြင်း အစရှိတဲ့ ဧည့်ဝတ်ကျေပြွန်မှုတွေ ရှိရမယ်။

## ၃—လင်ရဲ့အလုပ်ကူလုပ်နိုင်စေ

၃--အချက်ကတော့ လင်ယောကျ်ားရဲ့ အိမ်တွင်းလုပ်ငန်းဖြစ်တဲ့ သိုးချည်ဝါချည် လုပ်ငန်းကိစ္စတွေကိုအိမ့်ရှင်မအမျိုးသမီးက ကျွမ်းကျင်လိမ်မာရမယ်။ မပျင်းမရိရဘူး။ လုပ်ငန်းနဲ့သက်ဆိုင်တဲ့ကိစ္စ အဝဝတွေကိုလဲ လေ့လာရမယ်။ ကိုယ့်ကိုယ်တိုင်ပြုလုပ်နိုင်စွမ်း၊ စီရင်နိုင်စွမ်းရှိရမယ်။

## ၄—ကျေးကျွန်များ ဝတ္တရားကျေပြွန်စေ

၄--အချက်ကတော့အိမ့်ရှင်မအမျိုးသမီးဟာလင်ယောကျ်ားရဲ့ ကျေးကျွန် အစေအပါး အလုပ်သမား ဖြစ်ကြတဲ့ အိမ်တွင်းသူ အိမ်တွင်းသားတွေက "ဘယ်သူဟာဖြင့် အလုပ်လုပ်တယ်။ ဘယ်သူဟာဖြင့် အလုပ်မလုပ်ဖူး" ဆိုတာကို သိရမယ်။ ပြီးတော့ ဘယ်သူဟာဖြင့် ကျန်းမာတယ်။ ဘယ်သူဟာဖြင့် မကျန်းမာဘူး" ဆိုတာတွေကိုလဲ သိရမယ်။ ပြီးတော့သူတို့ကို ခဲဖွယ်ဘောဇဉ် အစားအစာ ထိုက်တန်သလို ဝေဖန်ပေးကမ်း ရမယ်။

## ၅—ဥစ္စာပစ္စည်း စောင့်ဆည်းနိုင်စေ

၅--အချက်ကတော့အိမ့်ရှင်မအမျိုးသမီးဟာ လင်ယောကျ်ား ရှာဖွေယူဆောင်လာတဲ့ ဥစ္စာစပါး ရွှေငွေများကို လုံခြုံအောင် ထိန်းသိမ်း စောင့်ရှောက်ရမယ်။ စီးတဲ့ရေ၊ ဆယ်တဲ့ကံသင်း၊ တယ်တဲ့ တင်းလိုပေါ့။ ဒီပစ္စည်းတွေကို မိမိကိုယ်တိုင်ကလဲ အပျော်ကျူး မပစ်ရဘူး။ ခိုးဝှက်မထားရဘူး။ သောက်စား မပစ်ရဘူး။ ဖျက်ဆီးမပစ်ရဘူးတဲ့။ အိတ်ပေါက်နဲ့ဖားကောက် ဆိုသလို၊ သို့မဟုတ် သမင်မွေးယင်း ကျားစားယင်း ဆိုသလို မဖြစ်စေရဘူးလို့ ဆိုလိုပါတယ်။

## ၆–ရတနာသုံးပါး ဆည်းကပ်နိုင်စေ

၆--အချက်ကတော့ အိမ့်ရှင်မ အမျိုးသမီးဟာ ဘုရားကိုး ကွယ် ဆည်းကပ်တဲ့၊ တရားတော်ကို ကိုးကွယ် ဆည်းကပ်တဲ့၊ သံဃာတော်ကို ကိုးကွယ်ဆည်းကပ်တဲ့ ဥပါသိကာမ ဖြစ်ရမယ်။ ဘုရားခန်းကို သန့်ရှင်းအောင် ပြုလုပ်ရခြင်း၊ရေတော်၊ ပန်းတော်၊ ဆွမ်းတော်တို့ကို တင်ရခြင်း၊ တရားတော်ကို နာကြားရခြင်း၊ သံဃာတော်ကို လှူတန်းရခြင်းစတဲ့ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်မှု ရှိရမယ်လို့ ဆိုလိုပါတယ်။ ဒီနေရာမှာ ဟောဒီ ရှစ်လုံးဖွဲ့ ကဗျာလေးနဲ့ အင်မတန် ဆီဆိုင်လွန်းလို့ ချပေးရ အုံးမယ်။ ကဲ–လိုက်ဆိုကြစမ်းပါ

ကုသိုလ်ကောင်းမှုပြုကြလေပါ။
ဥပုသ်သီတင်း မယွင်းစောင့်ပါ။
ပေးလှူစွန့်ကြဲ တရားလဲနာပါ။
ရတနာသုံး ညွတ်ရိုးရှိသေပါ။

## ၇–ငါးပါးသီလ ညီမျှနိုင်စေ

၇–အချက်ကတော့ အိမ့်ရှင်မ အမျိုးသမီးဟာ သူတပါးရဲ့ အသက်ကို ရက်ရက်စက်စက် သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ရ မယ်။ သူတပါးရဲ့ ပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ရမယ်။ ကာမတရားကို အမှားမှား အမှောက်မှောက် အဖောက် ဖောက် အပြန်ပြန် ကျင့်ကြံကျူးလွန်ခြင်းမှ ရှောင်ကြဉ်ရမယ်။ မဟုတ် မမှန်တဲ့ စကား ပြောကြားခြင်းမှ ရှောင်ကြဉ်ရမယ်။ မူးယစ် မေ့လျော့ခြင်းရဲ့ အကြောင်းဖြစ်တဲ့ သေရည်သေရက်

ကိုသောက်စားခြင်းမှ ရှောင်ကြဉ်ရမယ်။ ဒီငါးပါးသီလနဲ့ညီ မျှပြည့်စုံရမယ်—တဲ့။ ဒီငါးပါးသီလနဲ့ ညီမျှပြည့်စုံလို့ ရှိယင် သံသရာဇာတ် သေခန်းဖြတ်နိုင်တဲ့ လေးရပ်မဂ်ဖိုလ်ကို အခြေပြု နိုင်ပါတယ်။ ဒီနေရာမှာ သက်ဆိုင်လွန်းလို့ ငါးပါးသီလ အကျဉ်းချုပ် ဆောင်ပုဒ်ကလေးကို ချပေးချင်ပါ သေးတယ်။ ကဲ—လိုက်ဆိုကြစမ်း ပါအုံး။

သူ့သက်သတ်ခြင်း ရှောင်ကွင်းကြပါ။
သူ့ဥစ္စာမျိုး မခိုးယူရာ။
သူ့သားမယား ရှောင်ရှားပယ်ခွါ။
စကားမှား သောက်စားမပြုရာ။

## ၈—စွန့်ကြဲမှု ဂရုစိုက်ပါလေ

၈--အချက်ကတော့ အိမ့်ရှင်မ အမျိုးသမီးဟာ စွန့်ကြဲမှုကို အထူးဂရုစိုက်ရမယ်။ နှမြောတွန့်တိုခြင်း ကင်းတဲ့ စိတ်နဲ့ အိမ် ထောင်ကို ထိန်းသိမ်း အုပ်ချုပ်ရမယ်။ သူ့အထံက ပြန်ရအောင် ဟဲ့ဆိုတဲ့ အမြော်အခေါ်စိတ် သိတ်မထားပဲ လွတ်လွတ်ကြီး စွန့်ကြဲနိုင်ရမယ်။ လှူဖို့ရာအတွက် ဆေးကြောဖြူစင် မှုမတင်တဲ့ လက်ကလေး အမြဲရှိရမယ်။ စွန့်ကြဲမှုထဲမှာသာ စိတ်ကို အမြဲနှစ် မြှုတ်နေစေရမယ်။ တောင်းခံလိုက်တဲ့ အနေမျိုး (မျက်နှာထား မျိုးပေါ့လေ) နေရမယ်။ ဘယ်လိုလှူရယင် ကောင်းမလဲလို့ စွန့်ကြဲမှုထဲ ဝေဖန်မှုကပ်ပြီး မွေ့လျော်နေရမယ်။

အခုပြောခဲ့တဲ့၊ ဟောခဲ့တဲ့ တရားရှစ်ပါးနဲ့သာ ပြည့်စုံလို့ ရှိယင် အိမ်ထောင့်ရှင် အမျိုးသမီးဟာ စုတိပျက်ကြွေ သေဆုံး

ပီးတဲ့ နောက်ဘဝမှာ မနုဿပကာယိကာ အမည်ရှိတဲ့(ကိုယ်နေ
လှတဲ့ ဒေဝသူဇာ) နတ်သမီးဖြစ်နိုင်တယ်လို့ မြတ်စွာဘုရားက
ဟောကြားတော်မူခဲ့ပါတယ်။

ကဲ–ဘုန်းကြီး ဟောတဲ့တရား ဒီမှာပဲပီးဆုံးလို့မို့ ရှစ်လုံးဖွဲ့
ကဗျာသုံးပုဒ်နဲ့ နိဂုံးချုပ်ကြပါစို့ရဲ့။

၁–လင့်ဝတ္တရား ပြုငြားနိုင်စေ။
လင့်မိဖများ လေးစားရိုသေ။
လင်၏အလုပ် ကူလုပ်နိုင်စေ။
ကျေးကျွန်များ ဝတ္တရားကျေပြွန်စေ။

၂–ဥစ္စာပစ္စည်း စောင့်စည်းနိုင်စေ။
ရတနာသုံးရပ် ဆည်းကပ်နိုင်စေ။
ငါးပါးသီလ ညီမျှနိုင်စေ။
စွန့်ကြဲမှု ဂရုစိုက်ပါလေ။

၃–ဤဝတ္တရား ရှစ်ပါးစုံစွာ။
ဆောက်တည်ကျင့်လတ် မြင့်မြတ်ပေတာ။
ကိုယ်နေလှသည့် ဒေဝသူဇာ။
ဖြစ်နိုင်၏ မိန့်ဘိမြတ်ဗုဒ္ဓါ။

ပြီးပြီ။

# (၁၃)

# သံသရာ့တော်လှန်ရေး

## အောင်ဆုတောင်း

ဇိနော မယှ ဇယံ ဒေတု။

ဇိနော—ဒေဝပုတ္တ စသည်များဖြင့် မာရ်ငါးအင်ကို အောင်မြင်ပါပြီး အရှင်မြတ်ဘုရားသည်၊ မယှ သံသရာဘေး တော်လှန်ရေးကို ဟာစ်ကြွေးဟော့ဖော် တပည့်တော်အား၊ ဇယံ-အောင်အလံထူ အောင်ကိန်းယူမှု အောင်ခြင်းဆုကို၊ဒေတု-လျင်မြန်မနှေး ပေးသနားတော်မူပ အောင်တော်မူ အရှင်မြတ်ဘုရား။

## သံသရာ့စစ်မြေပြင်

သံသရာကြီးဟာ ဘာနဲ့တူသလဲဆိုတော့ စစ်မြေပြင်စစ်တလင်းကြီးနဲ့တူတယ်။ တဏှာမာန ဒိဋ္ဌိလို့ဆိုတဲ့ ပပဉ္စတရားသုံးပါးဟာ ဘာတဲ့တူသလဲဆိုတော့ နယ်ချဲ့သမားတွေနဲ့ တူတယ်။ ပုထုဇဉ် သတ္တဝါတွေဟာ ဘာနဲ့တူသလဲဆိုတော့ လက်နက်ကိုင်ပြီး တော်လှန်တဲ့ တော်လှန်ရေး သမားတွေနဲ့ တူတယ်။

ပုထုဇဉ် သတ္တဝါတွေလို့ဆိုတဲ့ တော်လှန်ရေးသမားတွေဟာ တဏှာမာန ဒိဋ္ဌိလို့ဆိုတဲ့ သံသရာ့ နယ်ချဲ့သမားတွေရဲ့ လက်အောက်မှာ ကျွန်သပေါက် ဘဝလို့ဆိုတဲ့ သံသရာဝဋ္ဋကောင်တွေအဖြစ်နဲ့ အချုပ်အနှောင် အတုပ်အတဲ ခံနေကြရတယ်။

ဒါ့ကြောင့်မို့ သူသူငါငါ ပုထုဇဉ်သတ္တဝါတွေ မှန်သမျှဟာ သံသရာ့ နယ်ချဲ့သမားတွေရဲ့ လက်အောက်က ထွက်မြောက်ကြရလေအောင် သံသရာ့တော်လှန်ရေး လုပ်ငန်းစဉ်ကြီးကို ဒီကနေ့ကစတင်ပြီး ကြိုးစားအားထုတ် လုပ်ကိုင်ကြပါစို့ရဲ့။

အဲဒီတော့ သံသရာ့ တော်လှန်ရေးသမားပီပီ သံသရာ့စစ်မြေပြင်မှာ သံသရာ့ လုပ်ငန်းစဉ်တွေကို ကျကျနန လေ့လာကြရမယ်။ သံသရာတိုက်ပွဲ ဆင်နွှဲကြရမယ်။ သံသရာ့စစ်မြေပြင်မှာ မားမား မတ်မတ် ရပ်တည်ကြရမယ်။

သံသရာ့စစ်မြေပြင် စစ်တလင်းကြီးဆိုတာ တခြားဟာကို ခေါ်တာမဟုတ်ဖူး။ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံလို့ဆိုတဲ့ ဘုံသုံးပါးကို ခေါ်တာ။ အဲဒီဘုံသုံးပါးလို့ဆိုတဲ့ စစ်မြေပြင် စစ်တလင်းကြီးထဲမှာ ဟိုဖက်က တဏှာမာနဒိဋ္ဌိလို့ဆိုတဲ့ သံသရနယ်ချဲ့သမားကြီးတွေကရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံလို့ဆိုတဲ့ အာရုံငါးပါး ကာမဂုဏ် တရားတည်းဟူသော လက်နက်တွေကို ကိုင်ဆောင်ပြီးတော့ တဝုံးဝုံးနဲ့ တဒိုးဒိုး တဒိုင်းဒိုင်း မဆိုင်းမရပ် ပစ်ခတ်နေကြတယ်။ အဲဒီလိုတဒိုးဒိုး တဒိုင်းဒိုင်းနဲ့ မဆိုင်းမရပ်ပစ်ခတ်နေကြတဲ့လက်နက်တွေကိုကြောက်ရွံ့ပြီးသံသရာ့နယ်ချဲ့ သမားတွေရဲ့ လက်အောက်မှာ ဒူးထောက် လက်နက်ချ အညံ့ခံအရှုံးပေးကြမလား။ ဒါမှမဟုတ်ယင် ရန်သူတို့ရဲ့လက်အောက်မှာ ဒူးလဲမထောက် လက်လဲမမြှောက်ပဲ ရှေ့နောက်ကြံ့ခိုင် အနိုင်မခံ အရှုံးမပေးပဲ တော်လှန်ရေးလုပ်ကြမလား။ အဲဒီလိုမျိုး မေးလိုက်ယင် ဘယ်လိုဖြေကြမလဲ။

"တပည့်တော်တို့ တတွေဟာ သံသရာ့ နယ်ချဲ့သမားတွေရဲ့ လက်အောက်မှာ ဒူးလဲမထောက်လိုကြပါဘူး။ လက်နက်လဲမချလိုကြပါဘူး။ အညံ့လဲမခံလိုကြပါဘူး။ သံသရာ့ တော်လှန်ရေး လုပ်ချင် ကြပါတယ်။အရှင်ဘုရားကသာ မှုမှန်တဲ့တော်လှန်ရေး လမ်းစဉ်ကို သင်ပြပေးတော်မူပါဘုရား"လို့ လျှောက်ထားကြဖို့ လိုသပေါ့။ အဲဒီလို လျှောက်ထားကြဖို့လိုတဲ့ အတိုင်း လျှောက်ထားကြတဲ့အခါမှာ သံသရာ့တော်လှန်ရေး မှုမှန်တဲ့လမ်းစဉ်ကို ဘုန်းကြီးက သင်ပြပေးမယ်။

**တော်လှန်ရေးတိုက်တွန်းချက်**

အာဒိနဝေနသတ္တေန၊
ဝိယံ သာတံ ဝိဆိန္ဒထ။
ဆိန္ဒိတော ဝဋ္ဋသာဂါမေ၊
ဇယဂ္ဂဟော ဇယဒ္ဓဇော။

ဘောန္တော—အိုဘေး နာဘေး အသေဘေးနှင့် ရောထွေးယှက်ရှုံ ဒုက္ခဘုံမှ လွှားခုံလိုလား အိုလူများတို့၊ တုမြေ-ဆုံ လှည့်သည့် နွား အသွားမရပ် ချားရဟတ် စက်အဖွဲ့မှ ထွက်မဟဲ့ အဟံငါဟု မာန်ပါပါ လက်သုံးနှင့် အထက်ဆုံး ထက်မြက်တဲ့ လက်နက်ကိုစွဲကိုင်ပြီးခဲနိုင်သမျှခဲ၍ နေကြကုန်သော သင်တရားနာ ပရိသတ်အပေါင်း သူတော်ကောင်း တို့သည် ဝဋ္ဋသာဂါမေ ပုထုဇဉ်သတ္တဝါတွေလို့ ဆိုတဲ့ သံသရာ့ တော်လှန်ရေး သမားတွေကလဲ တဖက်၊ တဏှာမာန ဒိဋ္ဌိလို့ဆိုတဲ့ သံသရာ့နယ်ချဲ့သမားတွေကလဲတဖက်၊ တဖက်နှင့်တဖက် လက်နက်ချင်းပြိုင် အားချင်းဆိုင်၍ အနိုင်ပစ်ခွဲ စစ်ပွဲခင်းကျင်း ဝင့်ဘုံခေါ်တဲ့ စစ်မြေပြင်စစ်တလင်း၌၊အာဒိနဝေန၊ အပျက်တွေကလဲ

အဖန်ဖန် အညှဥ်းဆဲနှင့် ဆင်းရဲတွေကလဲ အတန်တန် ရန်မာန်တွေ ရစ်ထွေးလျှက်အပြစ်ဘေးအမှန်တကာ းဟု ဉာဏ်အသွားစူးချွန်၍ ထူးထူးလွန်လွန် ထက်မြက်၍နေသော သတ္တေန၊ ရဲလျှင်ကပ်ခဲ့ ဖြတ်မဟဲ့ဟု လျှပ်ရဲ့အရောင် ပြောင်ပြောင်သွေးပြီး လက်နက်ကြီးဖြင့်။ ဝိယံ၊ အပြစ်မမြင်နိုင်အောင် ချစ်ခင်ထွေးပိုက် ရန်သူပုန် တသိုက်ကိုငင်း။ သာတံ၊ လှတယ်ယဉ်တယ် မင်စဖွယ်ဟု ခင်တွယ်ယုယ နူရှရှနှင့် သုဘထင်ရင်း သာယာဖွယ် ရန်ခပင်းကိုငင်း။ ဝိဆိန္ဒထ၊ ဘာညာမချွ ငါမဟဲ့ဟု မညာတဲ့ဘုန်းဟုဏ်နှင့် အလုံးစုံ ဖြတ်ပိုင်းလိုက်ကြပါကုန်လော။ ဆိန္ဒိတော၊ အချစ်ကိုသတ် အမြစ်ပြတ်အောင် ရစ်ပတ် တာတွယ် သာယာ ဖွယ်နှင့် အနွယ်ပြတ်စေ ဖြတ်ချွေ ဖောက်ထွင်း တောက်တောက်စင်းနိုင်သော ပုဂ္ဂိုလ်သည်။ ဇယဒ္ဓဇော၊ ဝဋ်နှောင်အဖွဲ့ အောင်ပဟဲ့ဟု အောင်တဲ့မာန်မျိုး အောင်လံထိုးလျှက်။ ဇယဂ္ဂဟော၊ သံသရာ့ တော်လှန်ရေး တိုက်ပွဲမှာ အားခဲကာ အောင်ပန်းဆွတ်လို့မို့ လွတ်ပဟော့ ကျွတ်ပဟော့ ဝဋ်အငွေ့ မှောင်မသိပဲ အောင်ပြီ အောင်ပြီဟစ်ဟိန်းလျှက် အောင်ကိန်းယူ အောင်လံထူနိုင်ကြလေကုန်သတည်း။

## သံသရာ့ တော်လှန်ရေးသမား ရွေးချယ်ပုံ

အနမတဂ္ဂ ဘဝများစွာ သံသရာ တရိုးမှာ ဆိုးချင်တိုင်းဆိုး လွှမ်းမိုးချင်တိုင်း လွှမ်းမိုးပီးတော့ ဖိနှိပ်ချုပ်ချယ် ချင်တိုင်း ဖိနှိပ်ချုပ်ချယ်နေကြတဲ့တဏှာမာန ဒိဋ္ဌိလို့ဆိုတဲ့ သံသရာ့နယ်ချဲ့ သမားတွေကို ဒီကနေ့ကစပြီး အပြုတ်နှဲ တော်လှန်တော့မှာမို့ တော်လှန်ရေးသမားတွေကို ရွေးချယ်ရလိမ့်မယ်။

လောကမှာ စစ်သားရွေးချယ်ယင် ကာယဗလ- ဉာဏဗလ၊ စာရိတ္တဗလ အစရှိတဲ့ စစ်သားကောင်းတို့ရဲ့ ရှိအပ် ရှိသင့် ရှိထိုက်တဲ့ အရည်အသွေးတွေ ရှိမရှိ ရွေးချယ်ပီးမှ လက်သင့်ခံနိုင်သလို သံသရာ့ တော်လှန်ရေးတိုက်ပွဲ ဆင်နွှဲတဲ့ အခါမှာလဲ ဇွဲကောင်းမကောင်း သူရဲကောင်း စစ်မစစ် စိစစ် ဝေဖန်ပီးမှ လက်သင့်ခံနိုင်မယ်၊ ဒါ့ကြောင့် ဒီကနေ့ ဒီပရိသတ်ကြီးထဲမှာ အရည်အသွေး ပြည့်ဝလုံလောက်တဲ့ သံသရာ့ သူရဲကောင်းတွေ ရွေးချယ်ကြပါစို့ရဲ့။

မြတ်စွာဘုရားက ပဉ္စင်္ဂုတ္တရ ပါဠိတော်ကြီးမှာ သံသရာ့ တော်လှန်ရေးသမား စစ်သားကောင်းရဖို့ ရွေးချယ်ပုံ ရွေးချယ်နည်းတွေကို ညွှန်ကြားတော်မူထားတယ်၊ အဲဒီ ညွှန်ကြားတော် မူတဲ့အတိုင်း ရွေးချယ်ကြရအောင်၊ ကိုင်းကိုင်း တိုတို တုပ်တုပ်နဲ့ ဆောင်ပုဒ်လင်္ကာငယ်ကလေးတခုကို ချပေးမယ် လိုက်ဆိုကြစမ်းပါ။

> ယုံကြည်ကျန်းမာ၊ ရိုးဖြောင့်စွာနှင့် ဝီရိယာတရား၊
> ပညာ များဟု၊ ငါးပါး စုံလင်၊ များလူရှင် မဂ်ဝင်
> ဖိုလ်ရောက် နိုင်လေသည်။

ဒီ ဆောင်ပုဒ်လင်္ကာတိုကလေးကို ဘုန်းကြီးက ရှင်းပြချင်ပါသေးတယ်။

၁။ ယုံကြည်မှု သဒ္ဓါတရားနဲ့ ပြည့်စုံရမယ်တဲ့။

မြတ်စွာဘုရားရဲ့ အရဟာတာ အစရှိတဲ့ ဂုဏ်တော်ကိုးပါး၊ ဘုရားတော်ရဲ့ သွက္ခာတတာ အစရှိတဲ့ ဂုဏ်တော် ခြောက်ပါး၊

သံဃာတော်ရဲ့ သုပ္ပဋိပန္နတာ အစရှိတဲ့ ဂုဏ်တော် ကိုးပါး၊ ဒီဂုဏ်တော်များကို လေးလေးစားစား ယုံကြည်မှု ရှိရမယ်လို့ ဆိုလိုတယ်။

၂။ ကျန်းမာရေးနဲ့ ပြည့်စုံရမယ်တဲ့။

တရား အားထုတ်တယ် ဆိုတာ ကျန်းမာမှ အားထုတ်နိုင်တယ်၊ မကျန်းမာယင် သဒ္ဓါတရား ဘယ်လောက်ပဲရှိရှိ အားမထုတ်နိုင်ဘူး၊ အဲဒီတော့ တရားအားထုတ် နိုင်လောက်အောင် ကျန်းမာရေး ရှိရမယ်လို့ ဆိုလိုတယ်။

၃။ ရိုးသားဖြောင့်မတ်ခြင်းဆိုတဲ့ ဂုဏ်နဲ့ ပြည့်စုံရမယ်တဲ့။

မိမိမှာ မရသေး မရှိသေးတဲ့ တရားတွေကို ရလေဟန် ရှိလေဟန် ကြံဖန်ပြောကြား ဝါကြွားလိမ်လည်ခြင်း အရှင်းမရှိရဘူး၊ ရှိယင်ရှိတယ် မရှိယင် မရှိဘူး အဲဒီလို ရိုးသားစွာ ဝန်ခံပြောဆိုနိုင်တဲ့ အမာယာဝီ အသဌဂုဏ်နဲ့ ပြည့်စုံရမယ်လို့ ဆိုလိုတယ်။

၄။ မဆုတ်မနစ်တဲ့ လုံ့လဝီရိယနဲ့ ပြည့်စုံရမယ်တဲ့။

မိမိအလိုရှိတဲ့ တရားထူး တရားမြတ်ကို မရယင်မနေဘူး၊ အရိုးကြေကြေ အရေစုတ်စုတ် နောက်မဆုတ်ပဲ တကယ်တန်း အားထုတ်မယ်ဆိုတဲ့ လုံ့လဝီရိယ ဇွဲနပန်း ထားရှိရမယ်လို့ ဆိုလိုတယ်။

၅။ ပညာနဲ့ ပြည့်စုံရမယ်တဲ့။

ပညာဆိုတာ တခြားဟာကို ခေါ်တာ မဟုတ်ပါဘူး၊ မဂ်တရား ဖိုလ်တရားကို ရနိုင်တဲ့ ဥဒယဗ္ဗယဉာဏ်ကို ဆိုလိုတယ်၊

ဥဒယဗ္ဗယဉာဏ်ဆိုတာ လုံ့လဝီရိယ ဇွဲနပန်း ကောင်းကောင်းနဲ့ အားထုတ်လိုက်မယ်ဆိုယင် မကြာမတင် လျှင်လျှင်မြန်မြန် ရနိုင်ပါတယ်။

တရားနာ ပရိသာတ်တွေကို သံသရာ့ တော်လှန်ရေးသမား စစ်သားကောင်း သဏ္ဌာန် ထားပြီး အင်္ဂါ ငါးပါးနဲ့ ပြည့်စုံ ညီညွတ်ပါရဲ့လားလို့ ဆန်းစစ်ပေဖန် ကြည့်လိုက်တဲ့ အခါမှာ ဘာမှချို့ယွင်းချက် မရှိပဲ ပကတိ ကိုက်ညီနေတာကို တွေ့ရ ပြီလို့ ဆိုကြပါစို့ရဲ့၊ ဒါ့ကြောင့် ဒီပရိသာတ်တွေဟာ သံသရာ့ တော်လှန်ရေး တိုက်ပွဲ ဆင်နွဲတဲ့အခါ သံသရာ့ တော်လှန်ရေး သမားအဖြစ်နဲ့ ပါဝင်နိုင်ကြပါပြီ၊ ဒီပရိသာတ်တွေကို သံသရာ့ တော်လှန်ရေးသမား အဖြစ်နဲ့ ဘုန်းကြီးက လက်ခံနိုင်ပါပြီ၊ ဒါ့ကြောင့် သံသရာ့ တော်လှန်ရေး လုပ်ငန်းစဉ်ကြီးကို စကြ ပါစို့ရဲ့။

## တော်လှန်ရေးလက်နက်

"လောကမှာ တော်လှန်ရေး လုပ်တဲ့အခါ ဘာတွေ အရေး တကြီး လိုအပ်သလဲ"လို့ မေးယင်"လက်နက်ကောင်းတွေလိုအပ် တယ်"လို့ ဖြေရပါလိမ့်မယ်၊ သံသရာ့ စစ်မြေပြင် သံသရာ့ တော်လှန်ရေးတိုက်ပွဲ ဆင်တဲ့အခါမှာလဲ လက်နက်ကောင်းတွေ ရှိထားဖို့ အရေးကြီးပါတယ်။

လက်နက်ကောင်းတွေဆိုတာ ဘာတွေလဲ အခု လောကမှာ သုံးနေကြတဲ့ စတင်းဂန်း၊ ဘရင်းဂန်း၊ တော်မီဂန်း၊ အော်လီ ဂန်း၊ ရိုက်ဖိုး၊ ပစ္စတို၊ အီးပိုင်၊ မော်တာ၊ ဟိုက်ဒရိုဂျင်၊ အတွန်မစ် အစရှိတဲ့ လက်နက်တွေလားလို့ မေးစရာ ရှိတယ်၊ မဟုတ်ပါဘူး၊

ဒီလက်နက်တွေကို ပြောတာ မဟုတ်ပါဘူး၊ ဒီလက်နက်တွေက လောကမှာ တန်ခိုးကြီးပြီး အရေးပါ အရာရောက်တာတော့ မှန်ပါတယ်။ ဒါပေမယ့် သံသရာ့ တော်လှန်ရေး တိုက်ပွဲမှာ အသုံးမဝင်ပါဘူး၊ သံသရာ့ တော်လှန်ရေး တိုက်ပွဲမှာ အသုံးဝင်တဲ့ လက်နက်တွေက ဘာတွေလဲ ဆိုယင် သတိပဋ္ဌာန်ဆိုတဲ့ လက်နက်တွေ ဖြစ်ပါတယ်။

သတိပဋ္ဌာန် လက်နက်တွေနဲ့ သံသရာ့နယ်ချဲ့သမားတွေကို အကြွင်းမကျန် အပြုတ်နှံတော်လှန်တိုက်ခိုက်နိုင်လို့ ရှိယင်မဂ်ဝင် ဖိုလ်ပေါက် နိဗ္ဗာန်ရောက် ချမ်းသာလို့ဆိုတဲ့သံသရာ့လွပ်လပ်ရေး ကြီးကို ရကြမှာပဲ။

ကိုင်းဒီကနေ့ ဒီအချိန်ကစပြီးတော့ အော့နှလုံးနာစရာ အင်မတန်ကောင်းတဲ့ မုန်းစရာ အလွန်ကောင်းတဲ့ သံသရာ့ နယ်ချဲ့သမားတွေကို အပြုတ်နှံ တော်လှန်တော့မှာမို့ သံသရာ့ တော်လှန်ရေး တိုက်ပွဲ ဆင်နွှဲ ပါဝင်ကြတဲ့ သံသရာ့ တော်လှန်ရေး သမား စစ်သည်တော်သားတွေကို သတိပဋ္ဌာန် လက်နက်တွေ ကိုယ်စီကိုယ်ငှ ဘုန်းကြီးက တပ်ဆင်ပြီး ပေးလိုက်ပါမယ်၊ ကဲကဲ- ဘုန်းကြီးက ချပေးပါမယ်၊ လိုက်ဆိုကြစမ်းပါ။

၁။ ဖောင်းလျှင်ဖောင်းတာ ယောဂီမှာ သေချာသိအောင် မှတ်ရမည်။

၂။ ပိန်လျှင်ပိန်တာ ယောဂီမှာ သေချာ သိအောင် မှတ်ရမည်။

အဲဒါ လက်နက် ကောင်းပဲ၊ ဒီ လက်နက်ထက်ကောင်းတဲ့ လက်နက်တော့ဖြင့် မရှိတော့ပါဘူး၊ သံသရာ့ တော်လှန်ရေး

တိုက်ပွဲမှာ ဒီလက်နက်တွေကို ကိုင်ပြီး အသုံးချမှ အနိုင်ရမယ်၊ ဒီလက်နက်တွေဟာ မြတ်စွာဘုရား ကိုယ်တော်တိုင်က တပ်ဆင်ပေးလိုက်တဲ့ လက်နက်တွေပါပဲ။ ကိုင်း—ပါဠိကို ရွတ်ပြလိုက်အုံးမယ်။

အရညဂတောဝါ၊ ရုက္ခမူလဂတောဝါ၊ သုညာဂါရဂတောဝါ နိသီဒတိ။ ပလ္လင်္ကံ အာဘုဇိတ္ဝာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ သောသတောဝအေသာတိ၊ သတောဝပဿတိ။

အရညဂတောဝါ—တောအရပ်သို့ သွားရောက်၍ ဖြစ်စေ၊ ရုက္ခမူလဂတောဝါ—သစ်ပင်ရင်း သစ်ပင်အောက်သို့ ချဉ်းကပ်ဝင်ရောက်၍ ဖြစ်စေ၊ သုညာဂါရဂတောဝါ—ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းသို့ ဝင်ရောက်ချဉ်းကပ်၍ ဖြစ်စေ—တဲ့။

မြတ်စွာဘုရားက ယောဂီ ပုဂ္ဂိုလ်တွေအတွက် တရားအားထုတ်ဖို့ရာ နေရာသုံးမျိုးကို ရွေးချယ်ပေးလိုက်တယ်။ အဲဒီနေရာသုံးမျိုးက ဘာတွေလဲဆိုယင်— —

၁—တောအရပ်ရယ်၊
၂—သစ်ပင်ရင်း သစ်ပင်အောက်ရယ်၊
၃—ဆိတ်ငြိမ်တဲ့ ကမ္မဋ္ဌာန်းကျောင်းရယ်၊

ဒီသုံးနေရာပါပဲ။ ဒီသုံးနေရာထဲက ကိုယ်ကြိုက် နှစ်သက်တဲ့ တနေရာရာကို ရွေးချယ်လိုက်ပါ။ တောအရပ်ကို ကြိုက်သလား။ တောအရပ်ကို ကြိုက်ယင် တောအရပ်ကို သွားရောက်ပြီး အားထုတ်ရုံပါပဲ။ ဒါမှမဟုတ်ဖူးဆိုယင် သစ်ပင်ရင်း သစ်ပင်အောက်

ကိုကြိုက်သလား။ သစ်ပင်ရင်း သစ်ပင်အောက်ကို ကြိုက်ယင် သစ်ပင်ရင်း သစ်ပင်အောက်ကို ဝင်ရောက်ချဉ်းကပ်ပီး အားထုတ်ရုပါပဲ။ ဒါမှမဟုတ်ဖူးဆိုယင် ဆိတ်ငြိမ်ရာ ကမ္မဋ္ဌာန်းကျောင်းကိုကြိုက်သလား၊ ဆိတ်ငြိမ်ရာ ကမ္မဋ္ဌာန်းကျောင်းကိုကြိုက်ယင် ဆိတ်ငြိမ်ရာ ကမ္မဋ္ဌာန်းကျောင်းကို ဝင်ရောက်ချဉ်းကပ်ပြီး အားထုတ်ရုပါဘဲ၊ ကဲကဲ--၈ လုံးဖွဲ့ဆောင်ပုဒ်ကလေးကို လိုက်ဆိုကြစမ်းပါအုံး။

တောထဲသွား၍ တရားမွေ့နိုင်တယ်။
သစ်ပင်အရင်း ချဉ်းကပ်ထုတ်နိုင်တယ်။
ကမ္မဋ္ဌာန်းကျောင်း ကိန်းအောင်းထုတ်နိုင်တယ်။
ဤသုံးဝ ဗုဒ္ဓမိန့်ခဲ့တယ်။

ပလ္လင်္ကံ အာဘုဇ္ဇိတွာ—ထက်ဝယ်ဖွဲ့ခွေ တင်ပလ္လင်နေ၍၊ ဥဇုံ ကာယံ ပဏိဓာယ—အထက်ပိုင်း ခန္ဓာကိုယ်ကို ဖြောင့်မတ်စွာ ထား၍၊ သတိံ-အမှတ်သတိကို၊ ပရိမုခံ ဥပဋ္ဌပေတွာ-ရှုမှတ်ရမည့် အာရုံသို့ ရှေးရှုပြု၍၊ နိသီဒတိ—ထိုင်နေ၏။

မြတ်စွာဘုရားက နေရာသုံးမျိုးကို ရွေးချယ် ပေးပြီးတော့ ကရုဏာတော်ရှင်ကြီးပီပီ ထိုင်ပုံထိုင်နည်း အချိုးအစားကိုလဲ ညွှန်ကြားတော် မူခဲ့ပါသေးတယ်။

တရားအားထုတ်မယ့် ယောဂီပုဂ္ဂိုလ်ဆိုတာ အောက်ပိုင်း ခန္ဓာကိုယ်က တင်ပလ္လင်ခွေပီး- မညောင်းမညာအောင် ကောင်းစွာထိုင်ရမယ်။ အထက်ပိုင်း ခန္ဓာကိုယ်က မားမားမတ်မတ် စန့်စန့်ရံ့ရံ့ စွင့်စွင့်ရှင့်ရှင့် ထားပီး အားကြိုးခန့် ဇွဲနဲ့မဲနဲ့သေသေချာချာ အားထုတ်လိုက်မယ်ဟဲ့ ဆိုတဲ့ သဘောမျိုးနဲ့ ထိုင်ရမယ်။ ကဲကဲ—ဆောင်ပုဒ်ကလေးကို လိုက်ဆိုကြစမ်းပါအုံး။

အောက်ပိုင်း ခန္ဓာကိုယ်က တင်ပလ္လင်ခွေ။
အထက်ပိုင်း ခန္ဓာကိုယ်က ဖြောင့်ဖြောင့် မတ်မတ်နေ။
မှတ်မည့်နေရာ မှတ်သတိကို ရှေ့ရှုပို့ထားလေ။
ဤပုံဤနည်း ဤသို့များလဲ ဘုရားမိန့်ခဲ့ပေ။

ဒီထိုင်ပုံ ထိုင်နည်းထဲမှာ အောက်ပိုင်း ခန္ဓာကိုယ်က တင်ပလ္လင်ခွေပြီး ထိုင်မှသာ ဖြစ်သလား၊ တင်ပလ္လင် မခွေယင် မဖြစ်ဖူးလားလို့ စောဒကတက်စရာ ရှိနေပါတယ်။ ဒီအချက်ကို ဖြေရမယ်ဆိုယင် "မြတ်စွာဘုရားက ကောင်းမွန်တဲ့ ဣရိယာပုတ်ကိုသာ ညွှန်ကြားတာပါ။ တင်ပလ္လင်ခွေပြီး ထိုင်မှသာ ဖြစ်တယ်လို့ ဒါးတစ်ချ အနေနဲ့ ကရားသေ အမိန့်တော်မူခဲ့တာ မဟုတ်ပါဘူးလို့ ဖြေဆိုရပါလိမ့်မယ်။ ဘာ့ကြောင့်လဲဆိုယင် ဣရိယာပထမပိုင်း အစရှိတဲ့ နေရာတွေမှာ သွားတာ၊ ရပ်တာ၊ထိုင်တာ၊ လျောင်းတာ၊ ကွေးတာ၊ ဆန့်တာတွေကိုတောင် မှတ်ရမယ်ဆိုတဲ့ အတွက်ကြောင့်ပါပဲ။ အဲဒါတွေကို အထောက်အထားပြုပြီးဘော့ တင်ပလ္လင် ခွေထိုင်မှသာ မဟုတ်၊ တခြားအထိုင်မျိုးနဲ့လဲ ဖြစ်နိုင်တယ်လို့ သိရပါတယ်။

သော—ထိုရှုမှတ်ပွားများ အားထုတ်ဖို့ရန် ပြင်ဆင်နေသော ယောဂီပုဂ္ဂိုလ်သည်၊ သတိ--ရှုမှတ်ရမည့် အမှတ်သတိကို၊ ပရိမုခံ ဥပဌပေတွာ--ရှုမှတ်ရမည့် အာရုံဆီသို့ ရှေ့ရှုပို့၍၊ ရှိုက်၍၊ သတောဝ--သတောဝေ-- သတိပြု၍ မှတ်ရှု လျှက်သာလျှင်၊ အဿသတိ--ထွက်သက်ကို ရှိုက်၏။ သတောဝ-သတော ဝေ—သတိပြု၍ ရှုမှတ်လျက်သာလျှင်၊ ပဿသတိ--ဝင်သက်ကိုရှု၏။

ဒါက လုပ်ငန်းစဉ်ပါပဲ။ ထွက်သက် ရှိုက်တဲ့အခါမှာ သတိ မမေ့အောင် ရှုမှတ်ပြီးနေပါ--တဲ့။ ဝင်သက်ရှူတဲ့ အခါမှာ လဲ

သတိနဲ့မမေ့အောင် ရှုမှတ်နေပါ-တဲ့။ ထွက်သက်ဝင်သက် ရှိုက် ရှုနေတဲ့လေ၊ သို့မဟုတ် ဝါယောဓာတ် အဲဒါကိုသာ သတိပြုပြီး ရှုမှတ်နေပါလို့ မြတ်စွာဘုရားက ပြောကြားတော်မူခဲ့ပါတယ်။ မှတ်တဲ့အခါမှာ ဝါယောဓာတ်ကိုသိအောင်မှတ်နိုင်ဖို့ အရေးကြီး ပါတယ်။ ဝါယောဓာတ်ကိုတောင် တခုလုံး မသိချင် နေပါစေ။ လက္ခဏာ အနေနဲ့ဖြစ်စေ၊ ရသအနေနဲ့ဖြစ်စေ၊ ပစ္စုပဋ္ဌာန်အနေ နဲ့ဖြစ်စေ တစိတ် တဒေသလောက် ထင်အောင် မြင်အောင် သိအောင် မှတ်နိုင်ယင် ပြီးတာပါပဲ။

## ဓါတ်တပါးပေါက် နိဗ္ဗာန်ရောက်

ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယော ဓာတ်လို့ဆိုတဲ့ ဓာတ်လေးပါးထဲက ဓာတ်တပါးကို ပိုင်ပိုင်နိုင် နိုင်သိယင် နိဗ္ဗာန်ကို ရောက်နိုင်ပါတယ်။ ဓာတ်တပါးကို တောင်မှ ပြည့်ပြည့်ဝဝ မသိချင် နေပါစေ။ ဓာတ်တပါးမှာ အစိတ်အစိတ်လေးတွေ ရှိတဲ့အနက်က တစိတ်တဒေသလောက် ပိုင်ပိုင်နိုင်နိုင် သိအောင် ရှုမှတ်ပွားများ အားထုတ်နိုင်လို့ရှိယင် နိဗ္ဗာန်ကို ရောက်နိုင်တယ်လို့ မူလပဏ္ဏာသ၊ မူလပရိယာယသုတ် အဖွင့်မှာ မိန့်ဆိုထားတာ ရှိပါတယ်။

သာဝကာ ဟိ စတုန္နံ ဓာတူနံ ဧက ဒေသမေဝ
သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ--တဲ့။

ဟိ--ဓာတ်လေးပါးလုံးအစုံ အကုန်သိမှ နိဗ္ဗာန်ရသည်မဟုတ်၊ ဓာတ်လေးပါးတို့တွင် တစိတ်တဒေသ သိရုံမျှနှင့် နိဗ္ဗာန်ရသည် ကိုပြောပြဦးအံ့။ သာဝကာ--တပည့်သား သာဝကတို့သည်၊ စတုန္နံ ဓာတူနံ--ပထဝီ အာပေါ တေဇော ဝါယောဟု ဆိုအပ်

သော ခေတ်ကြီးလေးပါးတို့တွင်၊ ကေဒေသမေဝ--တစိတ်တဒေသမျှကိုသာ့လျှင်၊ သမ္မသိတ္တာ--ဆင်ခြင်ရှုမှတ် သုံးသတ်ပြီး၍၊ နိဗ္ဗာန်--ဘေးခပ်သိမ်းတို့ ချုပ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့၊ ပါပုဏ္ဏတ္တိ--မုချမသွေ ဆိုက်ရောက်တော်မူကြ လေကုန်သတည်း။

ဝါယောဓာတ်နဲ့ ဝါယောဓာတ်ရဲ့ အစိတ်အစိတ် ကလေးတွေကို သိချင်ယင် ဖောင်းတယ်၊ ပိန်တယ်လို့ မှတ်နေရမယ်။ ဒါဟာဘုန်းကြီးရဲ့ လုပ်ငန်းစဉ်ပဲ။ ဘုန်းကြီးတို့ရဲ့ လုပ်ငန်းစဉ်အတိုင်း ဖောင်းတယ်၊ ပိန်တယ်လို့ မှတ်တဲ့အခါမှာ ဝါယောဓာတ်လို့ဆိုတဲ့ လေက နှာခေါင်းကနေပြီး အူချောင်းတလျှောက်ဝင်လာတယ်။ ဘောလုံး—ပလတ်ဒါထဲကို လေထိုးသွင်းလိုက်တဲ့အခါမှာ တောင့်တင်းလာတာလို ထောက်ကန် တောင့်တင်းလာတာကို ရှုမှတ်ပွားများ အားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ကသိနေပါတယ်။အဲဒါ ဝါယောဓာတ်ရဲ့ ဝိထမ္ဘိတလက္ခဏာကို သဘောကျနေတယ်လို့ မှတ်ရမယ်။ တခါတရံမှာ တရွေ့ချင်း တရွေ့ချင်း လှုပ်ရှားသွားတဲ့ သဘောကို ယောဂီပုဂ္ဂိုလ်က သိသွားတတ်ပါတယ်။ အဲဒီလို သိသွားတာဟာ ဝါယော ဓာတ်ရဲ့ သမုဒီရဏရသကို သဘောကျနေတယ်လို့ မှတ်ရမယ်။ တခါတရံမှာ နောက်ကနေပြီး တွန်းပို့လိုက်သလို၊ ရှေ့ကနေပြီး ဆွဲငင်ယူဆောင်လိုက်သလို ထင်ထင် သွားတတ်ပါတယ်။ အဲဒီလို ထင်ထင် သွားတာဟာ ဝါယောဓာတ်ရဲ့ အဘိနီဟာရ ပစ္စုပဋ္ဌာန်ကို သဘောကျနေတယ်လို့ မှတ်ရမယ်။

အဲဒီလို ဖောင်းတာ ပိန်တာတွေရော၊ ခန္ဓာကိုယ်က ဖြစ်ဖြစ်သမျှတွေကိုရော သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာလို့ ဆိုတဲ့

ဏှခြင်္ငါးပါးနဲ့ ညီညွတ်အောင် ရှုမှတ်ပွားများ အားထုတ်နေနိုင်လို့ ရှိယင် ခုနက ပြောခဲ့တဲ့ သဘောတရား တွေဟာ ယောဂီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အမှန်မုချ တွေ့မြင်လာရမှာပေါ့ပဲ။ ဒါတင် မကသေးဘူး။ ဝိသုဒ္ဓိတွေလဲ ဖြစ်သွား နိုင်ပါတယ်။ဉာဏ်စဉ်တွေလဲ ဖြစ်သွားနိုင်ပါတယ်။ အဲဒီဝိသုဒ္ဓိတွေနဲ့ ဉာဏ်စဉ်တွေ ရင့်ကျက်သထက် ရင့်ကျက်ပြီး တဆင့်ထက်တဆင့် တက်သွားလို့ရှိယင် နောက်ဆုံးမှာ မဂ်တရား ဖိုလ်တရားကို ရသွားနိုင်ပါတယ်၊ မဂ်တရား ဖိုလ်တရားကို ရသွားလို့ရှိယင် သံသရာ့ တိုက်ပွဲမှာ သံသရာ့ တော်လှန်ရေး သမားတွေဟာ အောင်ကိန်းယူပြီး အောင်လံထူသွားနိုင်ကြတာပေါ့။

ကိုင်း-အောင်ကိန်းယူပြီးအောင်လံထူနိုင်ကြအောင်သတိပဋ္ဌာန်ကျင့်ရန် တိုက်တွန်းချက် ဆောင်ပုဒ်ကို ဘုန်းကြီးက ချပေးမယ် လိုက်ဆိုကြ။

**သတိပဋ္ဌာန် ကျင့်ရန်တိုက်တွန်းချက်**

၁။ မပြတ်မပြတ် ဒလစပ် အမှတ်စူးစိုက် မှတ်ရမည်။
၂။ မီးပွတ်ယောကျ်ား ပမာထား ကြိုးစား၍သာ မှတ်ရမည်။
၃။ အာရုံခြောက်တန် ကျရောက်ပြန် လက်မခံပဲ မှတ်ရမည်။
၄။ သတိရှိမှ နိဗ္ဗာန်ရ ဗုဒ္ဓမြွက်စွာ ဟောခဲ့သည်။
၅။ နေရာတကာ အမှတ်ပါ မြွက်စွာဘုရား ကြိုက်လှသည်။
၆။ ပမာဒ ပြည့်စုံကြ ဗုဒ္ဓမပြတ် မှာခဲ့သည်။
၇။ သတိပဋ္ဌာန် ကျင့်လမ်းမှန် နိဗ္ဗာန်မုချရနိုင်သည်။
၈။ ခုနစ်နှစ်မျှ ကျင့်ကြံက မုချမဂ်ဖိုလ် ရနိုင်သည်။

၉။ ခုနစ်လမျှ ကျင့်ကြံက မုချမင်္ဂဖိုလ် ရနိုင်သည်။
၁၀။ ခုနစ်ရက်မျှ ကျင့်ကြံက မုချမဂ်ဖိုလ် ရနိုင်သည်။
၁၁။ သတိပဋ္ဌာန် မြတ်သုတ္တန် ဝန်ခံချက်နှင့် ဟောခဲ့သည်။

အဲဒီလို ကြွေးကြော်သံတွေ ဟစ်ဟိန်းပီးတော့ အောင်ကိန်းယူ အောင်လံထူနိုင်ကြပါစေသို့ ဘုန်းကြီးက တိုက်တွန်းလိုက်ပါတယ်။

ဇယဒွဇော၊ ဝဋ်နှောင်အဖွဲ့အောင်ပဟဲ့ဟု အောင်တဲ့မာန်မျိုး အောင်လံထိုးလျှက်။ ဇယဂ္ဂဟော၊ သံသရာ့ တော်လှန်ရေး တိုက်ပွဲမှာ အားခဲကာ အောင်ပန်းဆွတ်လို့မို့ လွတ်ပဟော့ ကျွတ်ပဟော့ ဝဋ်အငွေ့ မှောင်မသီပဲ အောင်ပြီ အောင်ပြီ ဟစ်ဟိန်းလျှက် အောင်ကိန်းယူ အောင်လံ ထူနိုင် ကြပါစေသတည်း။

ကိုဂ်း-သံသရာ့ တော်လှန်ရေး အမည်နဲ့ သတိပဋ္ဌာန် လုပ်ငန်းစဉ်ကို ယှဉ်ပီး ဟောလာလိုက်ထာ သင့်တော်သလောက် အချိန်ရောက်သွားပါပီ၊ ဒါ့ကြောင့် တရားပွဲ သိမ်းကြစို့။

## သံသရာ့ တော်လှန်ရေး တရားသိမ်း

အဟံ၊ ငါသည်။ သံသာရသင်္ဂါမေ၊ ကျယ်ဝန်းလှစွာ သံသရာ တခွင် တည်းဟူသော စစ်မြေပြင် စစ်တလင်း၌။ ကိလေသ ဝေရာနိ၊ သံသရာ့ နယ်ချဲ့သမား ကိလေသာတရား ဘည်းဟူသော ရန်သူပုန်အပေါင်းတို့ကို ၊ ယုဇ္ဈန္တောနံ၊ ဒူးလဲမထောက် လက်မမြှောက်ပဲ ရှေ့နောက်ကြံ့ခိုင် အနိုင်မခံ တော်လှန် တိုက်ခိုက်၍ နေကြကုန်သော။ တုမှာကံ၊ သံသရာ့ တော်လှန် ရေးသမား သင်တရားနာ ပရိသတ်အပေါင်း သူတော်ကောင်း

တို့အား။ ယာနိမ္မာဝုဓာနိ၊ အကြင် သတိပဋ္ဌာန်တရား တည်းဟူသော လက်နက်တို့ကို။ အဒဒိံ၊ ကိုယ်စီကိုယ်စီ ထိုဉာဏ်မလပ် တပ်ဆင်၍ ပေးအပ်ခဲ့လေပြီ။

သတိပဋ္ဌာန် ခုံမွစက်တရားဟု
သံလျက်ဒါးကို ကိုင်ဆောင်ကာ။
ကိလေသာ နယ်ချဲ့သမားကို
နင်လားငါလား တိုက်ဖျက်ခါ။
မဂ်ဖိုလ်နိဗ္ဗာန် မြတ်တံခါးကို
အမှတ်တရားနှင့် ဖွင့်ကြပါ။
နိဗ္ဗာန်ပြည်နန်း ဘုံကြငှန်း စံမြန်းရအောင်သာ။
အတူတကွ ချီတက်ကြ ရောက်မှအေးတော့မှာ။

တာနိ မွော ဝုဓာနိ၊ ထို သတိပဋ္ဌာန်တရား တည်းဟူသော လက်နက်တို့ကို။ ဂဟေတွာ၊ ကိုယ်စီကိုယ်ငှ ကိုင်ဆောင်ကြကုန်ပြီး၍။ ကိလေသေရာနိ၊ သံသရာ့ နယ်ချဲ့သမား ကိလေသာ တရား တည်းဟူသော ရန်သူပုန် အပေါင်းတို့ကို။ ဟန္တွာ၊ မှုံမှုံ ညက်ညက် ချေဖျက်ခုတ်ထွင် သုတ်သင်သတ်ဖြတ် ကြကုန်ပြီး၍။ မဂ္ဂဒွါရံ၊ သောတာပတ္တိမည်ရှိစသား မဂ်တံခါးကို။ ဝိဝရိတွာ၊ တင်းတင်းမာမာ လျှင်စွာအသင့် ပွင့်အောင်ဖွင့်လျက်။ နိဗ္ဗာန ဝိမာနံ၊ သံသရာ့ဘေးရန် လွတ်ငြိမ်းရာမှန်သည့် နိဗ္ဗာန်ပြည်နန်း ဘုံကြငှန်းသို့။ အမ္ဘေဟိ၊ ငါတို့နှင့်။ သဟ၊ အတူတကွ။ ပဝိသာမသေ၊ ဝမ်းသာ ရွှင်ပျ ချီတက် ဝင်ရောက် ကြပါကုန်စို့ အံ့သတည်း။

ပြီးပြီ။

# ( ၁၄ )

# သတိပဋ္ဌာန် ကြွေးကြော်သံ

## ကိလေသာ စင်ကြယ်လိုယင်

အယံ-သတိပဋ္ဌာန် လမ်းမှန်ကျင့်စဉ် မည်တွင် ခေါ်ဝေါ် (အမှတ်တရားတည်းဟူသော)ဤလမ်းမတော်ကြီးသည်၊သတ္တာနံ ဝိသုဒ္ဓိယာ-ဘုရားပစ္စေကဗုဒ္ဓအရိယာသာဝကအလောင်းသူတော် ကောင်းများစွာ သတ္တဝါတို့ကို ကိလေသာမြူမှေး စိတ်အညစ် အကြေးတို့မှ ကင်းဝေးသန့်ရှင်း စင်ကြယ်နိုင်ခြင်း ဖြစ်ဖို့ရန် အကျိုးငှာ၊ဧကာယနော မဂ္ဂေါ-တကြောင်းထည်း တခုတည်း သာရှိသည့် သတိပဋ္ဌာန်လမ်းမှန် ကျင့်စဉ် မည်တွင် ခေါ်ဝေါ် (အမှတ်တရား တည်းဟူသော) လမ်းမတော်ကြီး ဖြစ်ပါပေသတည်း။

သတိပဋ္ဌာန်တရားဆိုတာ နိဗ္ဗာန်ကိုတိုက်ရိုက်ဒဲ့ ထိုးရောက်နိုင်တဲ့လမ်းမတော်ကြီးနဲ့တူပါတယ်။ဒီ သတိပဋ္ဌာန်ဆိုတဲ့လမ်းမတော်ကြီးအတိုင်း မကွေ့မကောက်ပဲ ဖြောင့်ဖြောင့်တန်းတန်းကြီး ရှောက်သွားယင် လမ်းဆုံးတော့ရွာရောက်ဆိုတဲ့ စကားအတိုင်း ကိလေသာကင်းစင်တဲ့ အဖြစ်မျိုးကို ရောက်သွားပါလိမ့်မယ်။ အဲဒါက အကျိုးထူးတရား တပါးပါပဲ။ ကိုင်း- အမေးအဖြေ ဆောင်ပုဒ်ကလေးတွေကို လိုက်ဆိုကြစမ်းပါ။

(အမေး) ကိလေသာကို စင်ကြယ်လို ဘယ်လမ်းစဉ်ကို လိုက်ရမည်။

(အဖြေ) ကိလေသာကို စင်ကြယ်လို သတိပဋ္ဌာန်လမ်းစဉ် ကိုလိုက်ရမည်။

## စိုးရိမ်မှုနဲ့ ငိုကြွေးမှုလွန်မြောက်လိုယင်

အယံ-သတိပဋ္ဌာန် လမ်းမှန်ကျင့်စဉ် မည်တွင်ခေါ်ဝေါ် (အမှတ်တရားတည်းဟူသော)ဤလမ်းမတော်ကြီးသည်၊သောက ပရိဒေဝါနံ သမတိက္ကမာယ- စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်း ပင်ပမ်းရခြင်း တို့ကို ကျော်နင်း လွန်မြောက်နိုင်ခြင်း ဖြစ်ဖို့ရန် အကျိုးငှာလဲ၊ကောယနော မဂ္ဂေါ-တကြောင်းထည်း တခုတည်း သာရှိသည့် သတိပဋ္ဌာန် လမ်းမှန်ကျင့်စဉ် မည်တွင်ခေါ်ဝေါ် (အမှတ်တရား တည်းဟူသော) လမ်းမတော်ကြီး ဖြစ်ပါပေ သတည်း။

ဒီသတိပဋ္ဌာန်တရားကို ကြိုးစားအားထုတ်မယ်ဆိုယင် သန္တတိ အမတ်ကြီး သောကမီးတွေလွန်မြောက်သလို၊ ပဋာစာရီဆိုတဲ့ အမျိုးသမီး ပရိဒေဝမီးတွေ လွန်မြောက်သလို လွန်မြောက်သွား နိုင်ပါတယ်။အဲဒါလဲ သတိပဋ္ဌာန်ရဲ့ အကျိုးထူး အာနိသံသ တရားတွေပါပဲ။ကိုင်း—အမေး အဖြေ ဆောင်ပုဒ်ကလေးတွေကို လိုက်ဆိုကြစမ်းပါ။

(အမေး) စိုးရိမ်မှုကို လွန်မြောက်လို ဘယ်လမ်းစဉ်ကိုလိုက် ရမည်။

(ဖြေ) စိုးရိမ်မှုကို လွန်မြောက်လို သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်ရမည်။

(အမေး) ငိုကြွေးမှုကို လွန်မြောက်လို ဘယ်လမ်းစဉ်ကို လိုက်ရမည်။

(အဖြေ) ငိုကြွေးမှုကို လွန်မြောက်လို သတိပဋ္ဌာန်လမ်းစဉ် ကိုလိုက်ရမည်။

## ကိုယ်စိတ်ဆင်းရဲ ချုပ်ငြိမ်းလိုယင်

အယံ- သတိပဋ္ဌာန် လမ်းမှန်ကျင့်စဉ် မည်တွင်ခေါ်ဝေါ် (အမှတ်တရားတည်းဟူသော) ဤလမ်းမတော်ကြီးသည်၊ ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ-ကိုယ်ထဲမှာအနေဆိုး၍ အမျိုးမျိုး အခံရခက်တဲ့ ကိုယ်မသက်သာမှု ဆင်းရဲဒုက္ခတွေ၊ စိတ်ထဲမှာအနေ ဆိုး၍၊ အမျိုးမျိုး အခံရခက်တဲ့ စိတ်မသက်သာမှု ဆင်းရဲ ဒေါမနဿတွေ၊ ထိုထိုဒုက္ခ ဒေါမနဿတွေကို လျော့ကျစေ တမုဟုတ်အတွင်း၌ ချုပ်ကင်း ကွယ်ပျောက်နိုင်ခြင်း ဖြစ်ဖို့ရန် အကျိုးငှာလဲ၊ ကောယနော မဂ္ဂေါ-တကြောင်းထည်း တခုတည်း သာရှိသည့် သတိပဋ္ဌာန် လမ်းမှန်ကျင့်စဉ် မည်တွင်ခေါ်ဝေါ် (အမှတ်တရား တည်းဟူသော) လမ်းမတော်ကြီး ဖြစ်ပါပေ သတည်း။

သတိပဋ္ဌာန် နည်းလမ်းမှန်မှန်နဲ့ ကျင့်ကြံကြိုးကုတ် အား ထုတ်သွားမည်ဆိုယင်၊ ကိုယ်ထဲမှာ အနေဆိုး အခံရခက်နေတဲ့ ကာယိကဒုက္ခတွေ၊စိတ်ထဲမှာအနေဆိုး အခံခက်နေတဲ့စေတသိက ဒုက္ခတွေဟာ သေသေချာချာကြီး ချုပ်ငြိမ်းကွယ်ပျောက်သွား စေနိုင်ပါတယ်။ဒီနေရာမှာ ဒုက္ခဒေါမနဿတွေ ချုပ်ငြိမ်းကွယ် ပျောက်သွားပုံကို တိဿမထေရ်ကြီးတို့၊ ရဟန်း သုံးကျိပ်တို့၊ သုဖြဟ္မာနတ်သားတို့၊ သိကြားမင်းတို့ အစရှိတဲ့ ဝတ္ထုတွေနဲ့

အဋ္ဌကထာဆရာက သာမက တင်ပြသွားတာတွေ ရှိပါတယ်။ လိုရင်းကတော့ သတိပဋ္ဌာန်တရားကို အားထုတ်ယင် ဒုက္ခတွေ၊ ဒေါမနဿတွေ ချုပ်ငြိမ်းကွယ်ပျောက်သွားခြင်းဆိုတဲ့ အကျိုး ထူးအာနိသံသတရားတွေ ရနိုင်တယ်ဆိုတာ သိထားကြဖို့ပါပဲ။ ကိုင်း— အမေး အဖြေ ဆောင်ပုဒ်ကလေးတွေကို လိုက်ဆိုကြ စမ်းပါ။

(အမေး) ကိုယ်ဆင်းရဲကို ချုပ်ငြိမ်းလို ဘယ်လမ်းစဉ်ကို လိုက်ရမည်။

(အဖြေ) ကိုယ်ဆင်းရဲကို ချုပ်ငြိမ်းလို သတိပဋ္ဌာန်လမ်းစဉ် ကိုလိုက်ရမည်။

(မေး) စိတ်ဆင်းရဲကို ချုပ်ငြိမ်းလိုဘယ်လမ်းစဉ်ကို လိုက် ရမည်။

(ဖြေ) စိတ်ဆင်းရဲကိုချုပ်ငြိမ်းလို သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်ရမည်။

## အရိယာမဂ်ရလိုယင်

အယံ-သတိပဋ္ဌာန် လမ်းမှန်ကျင့်စဉ် မည်တွင်ခေါ်ဝေါ် (အမှတ်တရား တည်းဟူသော) ဤလမ်းမတော်ကြီးသည်၊ ဉာယဿ အဓိဂမာယ-နိဗ္ဗာန်လှမ်းတက် အရိယာမဂ်ကို ချက်ချင်း မကြာ လွယ်စွာခဏ ရနိုင်ခြင်းဖြစ်ဖို့ရန် အကျိုးငှာလဲ၊ ဧကာ ယနော မဂ္ဂေါ- တကြောင်းထည်း တခုတည်းသာ ရှိသည့် သတိပဋ္ဌာန် လမ်းမှန်ကျင့်စဉ် မည်တွင်ခေါ်ဝေါ် (အမှတ်တရား တည်းဟူသော) လမ်းမတော်ကြီးဖြစ်ပါပေသတည်း။

အရိယာမဂ် အရိယာဖိုလ်ကို ရလိုတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လမ်းစဉ်ကိုမှ ရှာဖွေပြီးနေစရာမလိုဘူး။ ဒီသတိပဋ္ဌာန်တရားကိုကြိုးစားအားထုတ်လိုက်ယင် အရိယာမဂ်ကိုချက်ချင်းရနိုင်ပါတယ်။ ကိုင်း- အမေးအဖြေ ဆောင်ပုဒ်ကလေးတွေကို လိုက်ဆိုကြစမ်းပါအုံး။

(အမေး) အရိယာမဂ်ကို ရချင်လို ဘယ်လမ်းစဉ်ကို လိုက်ရမည်။

(အဖြေ) အရိယာမဂ်ကို ရချင်လို သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်ရမည်။

## နိဗ္ဗာန်မျက်မှောက်ပြုလိုယင်

အယံ-သတိပဋ္ဌာန် လမ်းမှန်ကျင့်စဉ် မည်တွင်ခေါ်ဝေါ် (အမှတ်တရား တည်းဟူသော) ဤလမ်းမတော်ကြီးသည်၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ-ဘာဏှာဝါနှ အာသဝါတို့ကို ခဝါချသကဲ့သို ဘာကမှမကျန် ပြည်နိဗ္ဗာန်ကို ကောန်ထုတ်ချောက်မျက်မှောက်ပြုနိုင်ခြင်းဖြစ်ဖို့ရန်အကျိုးငှာလဲ၊ ဝါ-အိုးဘားအဖြာဖြာ နာဘေးအထွေထွေ သေဘေးအဖုံဖုံ ဘေးမျိုးစုံပြတ်ငြိမ်း၍ဇာတ်သိမ်းရာမှန် ပြည်နိဗ္ဗာန်ကို ကောန်ထုတ်ချောက်မျက်မှောက်ပြုနိုင်ခြင်း ဖြစ်ဖို့ရန် အကျိုးငှာလဲ၊ ကောယနော မဂ္ဂေါ-တခကြောင်းထည်း တခုတည်း သာရှိသည့် သတိပဋ္ဌာန် လမ်းမှန်ကျင့်စဉ် မည်တွင်ခေါ်ဝေါ် (အမှတ်တရား တည်းဟူသော) လမ်းမတော်ကြီးဖြစ်ပါပေသတည်း။

ဗုဒ္ဓဘာသာ ဗမာလူမျိုးတိုင်းဟာ သံသရာဝဋ်ပေါက်ကလွတ်မြောက်ပြီး နိဗ္ဗာန်ကို ရောက်ချင်ကြပါတယ်။ မျက်မှောက်ပြုချင်ကြပါတယ်လို့ ခဏခဏ တဖွဖွနဲ့ ဘုရားရှေ့မှာ ဩကာသ

လုပ်ယင်း နားပူသံချပ်ထိုးတတ်ကြတယ်။မြတ်စွာဘုရားကနိဗ္ဗာန်ကို တကယ်လိုချင်ယင် နားပူသံချပ်ထိုးနေဖို့မလိုဘူး။ငါဟောတဲ့ သတိပဋ္ဌာန်ကိုသာ ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါတဲ့။ အားထုတ်ယင် လွယ်လွယ်ကလေးနဲ့ ရပါလိမ့်မတဲ့။ ကိုင်းအမေး အဖြေဆောင်ပုဒ်ကလေးတွေကို လိုက်ဆိုကြစမ်းပါ။

(အမေး) ပြည်နိဗ္ဗာန်ကို ဆိုက်ရောက်လို ဘယ်လမ်းစဉ်ကို လိုက်ရမည်။

(အဖြေ) ပြည်နိဗ္ဗာန်ကို ဆိုက်ရောက်လို သတိပဋ္ဌာန်လမ်းစဉ်ကိုလိုက်ရမည်။

## အကျဉ်းချုပ်

အခုဟောခဲ့ ပြောခဲ့တဲ့အတိုင်း သတိပဋ္ဌာန်တရား အားထုတ်ကြတဲ့ပုဂ္ဂိုလ်တွေဟာ-

၁။ ကိလေသာကင်းသန့်ရှင်းနိုင်တဲ့အကျိုးထူးတရားတပါး၊

၂။ စိုးရိမ်မှုသောကတွေကို လွန်မြောက်နိုင်တဲ့ အကျိုးထူးတရားတပါး၊

၃။ ငိုကြွေးမှု ပရိဒေဝတွေကို လွန်မြောက်နိုင်တဲ့ အကျိုးထူးတရားတပါး၊

၄။ ကိုယ်ဆင်းရဲမှုဒုက္ခတွေ မုချချုပ်ငြိမ်းနိုင်တဲ့ အကျိုးထူးတရားတပါး၊

၅။ စိတ်ဆင်းရဲမှုဒေါမနဿတွေ လျှောကျ ချုပ်ငြိမ်းနိုင်တဲ့ အကျိုးထူးတရားတပါး၊

၆။ အရိယာမဂ်ကို ချက်ချင်းမကြာ လွယ်စွာခဏ ရနိုင်တဲ့ အကျိုးထူး တရားတပါး၊

၇။ နိဗ္ဗာန်ကို ဖိုလ်ဉာဏ်နဲ့ မျက်မှောက်ပြုနိုင်တဲ့ အကျိုးထူး တရားတပါး။

ပေါင်း အကျိုးထူးတရား ခုနစ်ပါးကို ရနိုင်ပါတယ်-တဲ့။ တိုတို ကျဉ်းကျဉ်းနဲ့ လိုရင်းကလေးမှတ်ရအောင်ဆောင်ပုဒ် ကလေးကို လိုက်ဆိုကြစမ်းပါ။

ကိလေသာကင်း သန့်ရှင်းအမှန်။
စိုးရိမ်ပူဆွေး ငိုကြွေးလွယ်ပြန်။
ကိုယ်စိတ်ဆင်းရဲ ချုပ်ငြိမ်းကြောင်း။
မဂ်ဉာဏ်ရောက် မျက်မှောက်ပြုနိဗ္ဗာန်။

## ဝန်ခံတော်မူချက်

ဒီ အကျိုးထူး တရားတွေကို ရရှိအောင် ဘယ်လောက်များ အားထုတ်ရသလဲ ဆိုယင် ဉာဏ်အနုဆုံး နေယျပုဂ္ဂိုလ်ဟာ ခုနစ်နှစ် အားထုတ်ရမတဲ့။ ဉာဏ်အလယ်စား နေယျပုဂ္ဂိုလ်ဟာ ခုနစ်လ၊ ဉာဏ်အရင့်ဆုံး နေယျပုဂ္ဂိုလ်ဟာ ခုနစ်ရက်ထဲ အားထုတ် ရမတဲ့၊ အခုပြောခဲ့တဲ့အတိုင်း; ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက် အား ထုတ်လိုက်မယ်ဆိုယင် ရဟန္တာကြီးအထိဖြစ်သွားနိုင်ပါတယ်-တဲ့။ စွဲလမ်းမှုဥပါဒါန် ကြွင်းကျန်သေးယင်တော့ အနာဂါမ်အထိ ဖြစ်မတဲ့။ သကဒါဂါမ်တို့ သောတာပန်တို့လောက်တော့ ဒါထက် တောင် မြန်မြန်ဆန်ဆန် လွယ်လွယ်ကူကူနဲ့ ရနိုင်တယ်ဆိုတာ

ပြောနေစရာတောင်မလိုပါဘူး။ ဒါ့ကြောင့် မြတ်စွာဘုရားက သတိပဋ္ဌာန်သုတ် လုပ်ငန်းစဉ် ဒေသနာတော်ရဲ့ နိဂုံးမှာ ဝန်ခံတော်မူချက် မိန့်ခွန်းတရပ်အနေနဲ့ ဟောတော်မူထားပါသေးတယ်။အားတက်ဖွယ်ရာဖြစ်တဲ့အဲဒီဝန်ခံတော်မူချက်ကို ဘုန်းကြီးက လွယ်လွယ်ကူကူနဲ့ မှတ်မိအောင် ကဗျာကလေးနဲ့ ဘာသာပြန်လိုက်ပါတယ်။ အခု အဲဒီ ဘာသာပြန် ကဗျာကလေးကို ချပေးမယ်။ ကဲ–လိုက်ဆိုကြစမ်းပါ။

သတိပဋ္ဌာန် ဒေသနာ သဘောကို
စေတနာစောတဲ့ ယောဂီတွေ။
လမ်းမှန်ကျင့်စဉ် ခုနစ်နှစ်မျှ
စံနစ်တကျ အားထုတ်လေ။
လမ်းမှန်ကျင့်စဉ် ခုနစ်လမျှ
ကျကြဏန အားထုတ်လေ။
လမ်းမှန်ကျင့်စဉ် ခုနစ်ရက်မျှ
ထက်ထက်မြက်မြက် အားထုတ်လေ။
ဒိဋ္ဌေကေန် မျက်မှောက်ခေတ်တွင်
ရဟန္တာစစ် ဖြစ်နိုင်ပေ။
စွဲမှုကျန်က နာဂါမ်မျှ မုချဖြစ်နိုင်ပေ။
စိန္တေဘုရား မိန့်မှာကြား ယုံမှားကင်းပါစေ။

ပြီးပြီ။

# (၁၅)

# ဒါနအကျိုး

လှူတယ် တန်းတယ် ပေးတယ် ကမ်းတယ် စွန့်ကြဲတယ် ဆိုတဲ့ ပရိယာယ်စကားတွေဟာ စာအဲလို တိုတိုတုပ်တုပ်နဲ့ ပြောရမယ် ဆိုယင် ဒါနရယ်လို့ ခေါ်ပါတယ်၊ အဲဒီဒါနဆိုတာ ပစ္စည်း ဝတ္ထု နဲသော များသော မဟုတ်ပါဘူး၊ သစ်သီးတလုံး လောက်ပဲ ဖြစ်ဖြစ်၊ ပန်းတပွင့်လောက်ပဲ ဖြစ်ဖြစ်၊ ရေတမှုတ် လောက်ပဲ ဖြစ်ဖြစ် သဒ္ဓါကြည်ဖြူ ပေးလှူလိုက်ယင် အကျိုးပေး အသချေ မရေမတွက်နိုင်အောင် ကြီးကျယ်နိုင်ပါတယ်၊ စေတနာ သဒ္ဓါတရား ထက်သန်စွာ ထားနိုင်ယင် ညောင်စေ့ လောက် လှူရုံနဲ့ ညောင်ပင်ကြီးလောက် အကျိုးပေးနိုင်တယ် ဆိုတာ လူတကာ သိကြပြီးသားပါပဲ။

ဒါ့ကြောင့် မန်လည် ဆရာတော် ဘုရားကြီးက မဃဒေဝ လင်္ကာကျမ်းမှာ ရေးထားခဲ့ပါတယ်။

> အပ္ပဝတ္ထု၊ မရှုတို့ရာ၊ နည်းမျှသာလည်း၊ တရား ကွမ်းဆေး၊ ရေအေးတခွက်၊ ဆီတစက်ဖြင့်၊ လဖက်တရိုး၊ ကြန်တချိုးမျှ၊ မြတ်နိုးကြည်ဖြူ၊ ဒါနဟူသည်၊ အလှူ ကောင်းမှု၊ ရရာပြုလော့တဲ့-။

အနဲဆုံး ကွမ်းတရာ ရေတခွက် ဆီတစက် လဖက်တရိုး ကြန် တချိုးလောက်ပဲ ဖြစ်စေကာင် မြတ်နိုးကြည်ဖြူ ပေးလှူလိုက်ယင် ကြီးကျယ်တဲ့အကျိုးကို ရနိုင်ပါတယ်။

ဒါ့ကြောင့် ဦးပုည မေတ္တာစာထဲမှာတောင် ပါသေးတယ်။

“လူစနတ်စ၊ပြဟ္မာစများမှာ၊ဒါနကလေး၊သေးကွေး စွာဘိ၊ တရွေးလောက် ရှိလျှင်ပင် အင်မတိ အင်မတန် စံချင်တိုင်း စံရသည်” အဲဒီလို ရေးထားခဲ့ပါတယ်။

တကယ်လို့ ကွမ်းတရာ၊ ရေတခွက်၊ ဆီတစက်၊ လဖက်တရိုး၊ ကြံတချိုး၊ သစ်သီး ဇလုံး၊ ပန်းတပွင့် လောက်တောင် မလှူနိုင်ဘူး ဆိုလျှင် သူများ လှူတဲ့ အလှူ ကုသိုလ်ကို ကိုယ်က စိတ်နှလုံး ကောင်းကောင်းနဲ့ သာဓု အနုမောဒနာ ခေါ်လိုက်ယင်ပဲ အကျိုးပေး ကောင်းမွန်နိုင်ပါတယ်။

ဒါ့ကြောင့် မဃဒေဝ လင်္ကာမှာပဲ ပါပါတယ်။

“ကောင်းမှုဟုဆို၊ ထိုကုသိုလ်ကား၊ ကိုယ်ပင်နို့စွ၊ မပြုရလည်း၊ သူများကုသိုလ်၊ အဖို့ကိုမျှ ကြည်ညိုသမှု၊ ခေါ်သာဓုဖြင့်၊ သေလုနီးစွာ၊ ရောက်ပြီး ခါလျှက်၊ သမုဒ္ဒရာလယ်ချက်၊ ပင်လယ်နက်မှ၊ အသက်ချမ်းသာ ရဘူးစွာ၏” အဲဒီလို ရေးထားခဲ့ပါတယ်။

ကိုင်း–ဘယ်လောက်များ အကျိုးပေး ကြီးကျယ် သလဲ၊ ကိုယ်တိုင်ကိုယ်ကျ မလှူနိုင်မတန်းနိုင်တောင်မှ သူများလှူတန်းတဲ့ ကုသိုလ်အဖို့ဘာဂကို အချောင်သာဓုခေါ်လိုက်ရုံ ကလေးနဲ့ သမုဒ္ဒရာ ရေနက်ထဲ လှေသင်းဘောကြီး ပျက်ကွဲ တာတောင် အသက်ချမ်းသာရဘူးတဲ့ ဝတ္ထုသက်သေ ရှိတယ်။

ဒါ့ကြောင့် အလှူအတန်းကို မနှေးကြစေနဲ့၊ သံသရာမှာ လူကျော် လူမော်ဖြစ်ထာက ဒါနကမှ ဖြစ်နိုင်တယ်၊အခုဘဝမှာ ဆင်းရဲကြတာတွေဟာ နောက်နောက် ဘဝတွေက ဒါနတရား နဲ့ပါးခဲ့လို့ရယ်လို့ မှတ်ကြရမယ်။

လောသကတိသ ကိုယ်တော်ကြီး ဝတ္ထုများ ကြည့်စမ်းပါလား၊ မစ္ဆေရစိတ် ဆို့ပိတ်ဝှက်ရှေး မပေးမလှူမိခဲ့လို့ သံသရာမှာ ဘဝတိုင်း ငတ်ပြီး နိဗ္ဗာန်ဝင်မယ့် ဘဝမှာတောင် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးရဲ့ တန်းခိုးတော်ကြောင့် ဆွမ်းတထပ်သာဝအောင် စားသွားရရှာနိုင်တယ်။

ရေဗူးနဲ့ ဖိနပ်မပါ နွေခေါ်မှသိ၊ ဒါနနဲ့ သီလမပါ သေခါမှသိ ဆိုတဲ့စကားလို ဒါနမပါရင် ဖြစ်လေရာရာ သံသရာ ဒီလှိုင်း ဘဝတိုင်းဘဝတိုင်းမှာ မရှိဆင်းရဲ လူမွဲလူစုတ် ဒုက္ခတွေရောမနဲ့ နေစရာ မရအောင် ဖြစ်ကြရလိမ့်မနော်၊ ရှိတဲ့ ပစ္စည်းကလေးကို မပေးရက် မကမ်းရက် မလှူရက် မတန်းရက်ပဲ စေတနာ နဲ့ပါး သဒ္ဓါတရားး ရှားပါးပြီး အဟောင်းကိုသာ စားနေယင် ဘုရား မကြိုက်ဖူးတဲ့။

“ရှေးဘဝက ကံကောင်း ထောက်မ၍ ခုဘဝ ရရှိသည့် ဥစ္စာတွင် စားသမျှမစင်၊ ထားသမျှ မသေခင်၊ လှူသမျှ အပင် ဘဝဟောင်းတွင် လူဖြစ်ခိုက် စိုက်လည်းစိုက် ထားလည်းထား စားလည်းစား အရိုး အရင်းကို ပယ်၍စား ကျောက်ခဲကို မပါးမိစေနှင့်”

အဲဒီလို ရှေးပညာရှိများက ရေးသားစပ်ဆို ထားခဲ့ကြပါတယ်။

ဟုတ်ပါတယ်။ စားလိုက်ယင် မစင်ဖြစ်သွားတာပဲ။ ထားလိုက်ယင် မသေခင်ကလေးပဲ။ သေသွားယင် ကိုယ့်နောက်များ ပါမယ်ထင်သလား။ မပါတဲ့အပြင် ဒီဘဝမှာတောင်မှ ဒီပစ္စည်း ကလေး ရှိနေတဲ့ အတွက် ဒါးပြတိုက်မှာ စိုးရ၊ သူခိုးခိုးမှာ ကြောက်ရ၊ မရှိတော့လဲ တောင့်တလိုက်ရတာ၊ ရှိပြန်တော့လဲ

ကြောင့်ကြကိုက်ရတာ လွန်ပါရော။ ဒီပစ္စည်း ရှိနေတဲ့အတွက် ဆင်းရဲတောင်ပိုသေးတယ်။ တချို့များ ပစ္စည်းရှိတဲ့ အတွက် နေ့စံလို့ ညခံဆိုတာလို နေ့မှာတော့ ကိုယ့်အိမ် ကိုယ့်ယာကိုယ့် ဥစ္စာနဲ့ ပျော်ကာ မော်ကာပေါ့။ ညကျပြီဆိုမှဖြင့် ဒါးပြတိုက်မှာကြောက်ရလို့ မီးဖိုချောင်ပြာပုံနားမှာ ခွေးနဲ့အတူ အိပ်လိုအိပ်ရ၊ သူများအိမ်သွားပြီး အိပ်လိုအိပ်ရးဒုက္ခတွေများလိုက်ထာ၊ ပြောစရာ မရအောင်ပါပဲ။ စိစိများ တွေးကြည့်လိုက်ယင် သူဌေးအခေါ်ခံတဲ့လူတွေဟာ သူတောင်းစား စည်းစိမ်လောက်တောင် မမြိန်ယှက်လှဘူး။ သူတောင်းစားက ဒါးပြတိုက်မှာလဲ မစိုးရ၊ သူခိုးခိုးမှာလဲ မကြောက်ရ၊ ဆယ့်နှစ်နာရီ သန်းကောင်ကျတောင် ဇရပ်ပေါ်က ဒူးနှံ့ပြီး လေချွန်နိုင်သေးတယ်။

ဒါလဲ မခိုင်လုံတဲ့ စည်းစိမ် ဥစ္စာတွေမို့ ဘေးအန္တရာယ်ကို စိုးရိမ်ကြောင့်ကြ နေရတာပါ။ တကယ် ပိုင်ပိုင်နိုင်နိုင်နဲ့ ခိုင်ခိုင်လုံလုံ စည်းစိမ်မျိုးဆိုယင် ဘာမှ မစိုးရိမ် မကြောင့်ကြရပါဘူး။ ဇောတိက သူဌေးမင်းတို့ စည်းစိမ်ချမ်းသာများ ကြည့်စမ်းပါလား။ သူကမပေးယင် ဘယ်သူမှ မယူနိုင်ဘူး—တဲ့။

အဲဒါကြောင့် စုတ်စုတ်ပဲ့ပဲ့ ချမ်းသာမျိုးကို မလိုချင်ကြပဲ ကောင်းကောင်းမွန်မွန် ကြီးကြီးကျယ်ကျယ် မြင့်မြတ်တဲ့ သမ္ပတ္တိရိပ်ငြိမ် စည်းစိမ်ချမ်းသာတွေကို ပိုင်ပိုင်နိုင်နိုင် ခိုင်ခိုင်လုံလုံနဲ့ သူဘာပါး မစော်ကား မနှိပ်စက်ပဲ ခံစား စံစားနိုင်ကြရအောင် မအိုမိုကာလ၊ မနာမိုကာလ၊ မသေမိုကာလ ဒါနတရားကို ကြိုးစားကြရမယ်။

ပြီး ပြီ။

—o—

# နိဂုံးချုပ်လင်္ကာ

မှတ်ကြစေချင်၊ လင်္ကာဆင်အံ့။ အရှင်ကုလိသ၊ ဘွဲ့မည်
ရသား၊ သုဘသညာ၊ ကျွန်ုပ်ငါသည်၊ ဤစာယဉ်နု၊
တရားစုကို၊ လူထုကျိုးငှာ၊ စေတနာဖြင့်၊ သေချာစီရေး၊
လက်ဆောင်ပေးခဲ့။ မြတ်လေးဆောင်ယူ၊ သုံးစွဲသူအား၊
ကြည်ဖြူနှစ်သက်၊ လူနတ်မက်ပြီး၊ စိတ်လက်ရွှင်လန်း၊
ဘေးမသန်းပဲ၊ ကျန်းကျန်းမာမာ၊ မြတ်ပညာနှင့်၊ ဥစ္စာ
တက်တိုး၊ လာဘ်မိုးစွေစွေ၊ ဖြိုးဖြိုးဝေ၍၊ မသွေလိုရာ၊
ရစေငှာဟု၊ ပတ္ထနာအောင်ဆု၊ ဓအောင်ကြောင်းပြုလျက်၊
ယခုပေါင်းရုံး၊ ပန်းနှယ်ကုံး၍၊ နိဂုံးအုပ်လိုက်ပြီဘကား။

အလုံးစုံ ပြီး ပြီ။